ပိုးဗလံ တို့၏ ကံကြမ္မာ

လင်းဝိုင်

Arrival (2016)နှင့် Predestination (2014)

ရုပ်ရှင်များ၏ မူရင်းဝတ္ထုများ

WHISPER OF WORDS

အမတနှင်းဆီ စာအုပ် အမှတ် (၇)

www.facebook.com/amatarosesarpay

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးအောင်ဇော်မျိုး အမတနှင်းဆီစာပေ (မြဲ-၀၂၅၄၆))

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် - ဦးလပြည့်ဝေး၊ လပြည့်လင်းပုံနှိပ်တိုက် (၀၁၃၆၉) အမှတ်-၁၁(အိတ်ချ်)၊ ၅၅လမ်းအလယ်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ဩဂုတ်လ၊ ၂၀၁၉ ခုနှစ်

အုပ်ရေ - ၅၀၀

ရောင်းဈေး - ၂၁၀၀ ကျပ်

မျက်နှာဖုံးဒီဇိုင်း - လွင်ကိုထိုက်

မာတိကာ

-ဘာသာပြန်သူ၏အမှာ

-ပိုးဖလံ : (Story of Your Life by Ted Chiang)

-အရိပ်တွေရဲ့ အလယ် (All you Zombies by Robert A. Heinlein)

ဘာသာပြန်သူ၏ အမှာ

မြန်မာ့ရသစာပေလောကတွင် အရှားပါးဆုံး ဝတ္ထုအမျိုးအစားမှာ သိပ္ပံစိတ်ကူးယဉ် (Science Fiction) အမျိုးအစား ဖြစ်လိမ့်မည်ဟု ထင်ပါသည်။ (ကျွန်ုပ်အမှတ်မှားနေပါက ကျွန်ုပ်၏ အားနည်းချက်သာ ဖြစ်ပါသည်။) ငယ်စဉ်က ကျောင်းစာမှလွဲ၍ အပြင်စာဖတ်ခွင့်မရသည့်ကြားက ခိုးဖတ်ခဲ့ရသော Jules Verne ၏ Journey to the center of the earth, H.G Wells The Time Machine တို့ကို ဘာသာပြန်ဆရာကြီးများ၏ ကောင်းမှုဖြင့် ဖတ်ခဲ့ရဖူးပါသည်။ သို့သော် အခြား Science Fiction ဝတ္ထုများ လက်လှမ်းမီရာမရှိခဲ့သဖြင့် Science Fiction ဝတ္ထုအမျိုးအစားအား နှစ်ခြိုက်သဘောကျကြောင်း၊ ဝတ္ထုအမျိုးအစားများအားလုံးတွင် Science Fiction နှင့် Fantasy အမျိုးအစားကို အနှစ်ခြိုက်ဆုံး ဖြစ်ကြောင်းပင် ကိုယ့်ကိုယ်ကိုယ် မသိခဲ့ရပါ။

ကျွန်ုပ်သည် ငယ်စဉ်ကလေးဘဝက အိပ်ရာဝင်ပုံပြင်တို့ကို လွန်စွာစွဲလန်းစွာ နားထောင်ခဲ့သည် နည်းတူ၊ ကြီးသောအခါတွင်လည်း ဝတ္ထုဖတ်ခြင်း၊ ရုပ်ရှင်ကြည့်ခြင်း တို့ကို များစွာစိတ်ဝင်စားပါသည်။ ထို့အပြင် မိမိဖတ်ခဲ့ရ၊ ကြည့်ခဲ့ရသော ဇာတ်လမ်းအား သဘောကျနှစ်ခြိုက်ပါက နီးစပ်ရာလူတိုင်း (နားထောင်လိုစိတ်ရှိသူတိုင်း) ကို စီကာပတ်ကုံး အသေးစိတ်နီးပါး အသက်မရှူစတမ်း ပြန်ပြောပြတတ်ပါသည်။ ကံအကြောင်းထောက်မသဖြင့် အင်္ဂလိပ်ဘာသာကို လိပ်ပတ်လည်အောင် ဖတ်တတ် လာသောအခါ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဝတ္ထုများစွာ ဖတ်ဖြစ်ခဲ့ပါသည်။ ထို့နောက် Science Fiction နှင့် Fantasy အမျိုးအစား ဝတ္ထုများအား လွန်စွာသဘောတွေ့ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်နှင့်အမျှ . ကျွန်ုပ်၏ သဘာဝအတိုင်း နီးစပ်ရာ ခင်မင်သူတိုင်းအား ဖောက်သည်ချလိုစိတ် များစွာဖြစ်ခဲ့မိပါသည်။

နိုင်ငံခြားတွင် အခြေချနေထိုင်သူ မြန်မာတစ်ဦးအဖို့ မြန်မာလူမျိုးဟူသည်မှာ ဆွေမျိုးချည်းသာ ဖြစ်ပါတော့သည်။ အစားကောင်းစားရလျှင် ချစ်ခင်သူအား သတိ ရတတ်သည်ဟူသည့် စကားရှိသည့်အတိုင်း ကျွန်ုပ်သဘောကျသော ဝတ္ထုကောင်း များအား ဖတ်ရသောအခါ ခင်မင်သူဆွေမျိုး မြန်မာတို့အား သတိရမိပါသည်။ ကျွန်ုပ်သည် အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော Science Fiction ဝတ္ထုတို့ကို ကံဖေးမ၍ ဖတ်နိုင်သော်လည်း၊ ဘာသာစကား တံတိုင်းခြားသဖြင့် လက်လှမ်းမမီ ဖြစ်နေရသော

မြန်မာဆွေမျိုးတို့လည်း ဖတ်နိုင်ခွင့်ပေးလိုလှပါသည်။ ထို့ကြောင့် အားလပ်ချိန်ရှိသရွေ့ ဘာသာပြန် လေ့ကျင့်ပါသည်။

Science Fiction အမျိုးအစားထဲမှ ကမ္ဘာကျော် ဂန္ထဝင်မြောက် ဝတ္ထုရှည်၊ ဝတ္ထုတွဲကြီးများအား မြန်မာတို့ ဖတ်ရှုခံစားစေလိုလှပါသည်။ တစ်နေ့ ကျွန်ုပ် တတ်နိုင်သည့်နေ့သို့ ရောက်ခဲ့လျှင် တတ်နိုင်သမျှ ဘာသာပြန်၍ မျှဝေဖြစ်ပါလိမ့်မည်။ ယခုမူ Hollywood တွင် 'ပေါက်'ခဲ့သော Predestination နှင့် Arrival ဟူသော ရုပ်ရှင်ကားကြီးနှစ်ကား၏ မူရင်းဝတ္ထုတိုများအား ကြိုးစား၍ မြန်မာဘာသာ သို့ ပြန်ဆိုထားပါသည်။ ဝတ္ထုပဟူသည်မှာ အများအားဖြင့် ရုပ်ရှင်ထက်ကောင်းစမြဲမို့ အမှန်တကယ်ကောင်းမွန်သော၊ အရည်အသွေးမြင့် ဝတ္ထုတိုများဖြစ်ကြောင်း ပြောပြ လိုပါသည်။ စာဖတ်သူတို့ နှစ်ခြိုက်ကြမည်ဟုလည်း ယုံကြည်မိပါသည်။ အမှားအယွင်း ရှိပါက ဘာသာပြန်သူ၏ တာဝန်သာဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

※※※※

Ted Chiang Story of Your Life

ဝတ္ထုအား မြန်မာဘာသာသို့ ပြန်ဆိုသည်။

Ted Chiang

Ted Chiang ကို အမေရိကန်ပြည်ထောင်စု၊ နယူးရော့ပြည်နယ်၊ ပေါ့ဂျက်ဖာ ဆင်ရွာလေးတွင် တရုတ်ရွှေ့ပြောင်းလုပ်သား မိဘနှစ်ပါးမှမွေးဖွားပြီး Brown University မှ ကွန်ပျူတာသိပ္ပံဘွဲ့ဖြင့် ကျောင်းပြီးခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ကလာရီယန် စိတ်ကူးယဉ် သိပ္ပံနှင့် ဒဏ္ဍာရီစာရေးဆရာများ အလုပ်ရုံသင်တန်း (Clarion Science Fiction and Fantasy Writers Workshop) သို့ တက်ရောက်ခဲ့သည်။ Ted Chiang ဝတ္ထုများမှာ စိတ်ကူးယဉ်သိပ္ပံနှင့် ဒဏ္ဍာရီစာပေလောကတွင် ထိပ်တန်းဆုကြီးများဖြစ်သော Hugo Award, Nebula Award, Locus Award တို့ လေးကြိမ်စီ ချီးမြှင့်ခံခဲ့ရပြီးဖြစ်သည်။ ထို့ပြင် အခြားဂုဏ်မြင့်မားသော Jhon W Campbell ဆုတွင် အထူးချွန်ဆုံး စာရေးသူလူသစ်ဆု၊ Theodore Sturgeon Memorial Award ဆုတို့ကိုလည်း ဆွတ်ခူးခဲ့ပြီးဖြစ်သည်။ ယခုတင်ဆက်မည့် ပိုးဖလံ (Story of Your Life) ဝတ္ထုအား ဟောလိဝုဒ် ရုပ်ရှင်ကြီးဖြစ်သည့် Arrival ရုပ်ရှင်အဖြစ်သို့ ပြောင်းလဲရိုက်ကူးခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ထုတ်ဝေသည့် Story of Your Life နှင့် အခြားဝတ္ထုတိုများစာအုပ်ကို လည်း ဘာသာပေါင်း နှစ်ဆယ့်တစ် ဘာသာသို့ ပြန်ဆိုထုတ်ဝေခဲ့ရသည်။

"ကျွန်တော့်လက်ရာမှာ လူသားခံစားချက်အတိမ်အနက်ကို ပါဖြစ်အောင်ပါစေချင်တယ်။ ဒါပေမယ့် အဲဒါ ကျွန်တော့်ရဲ့မူလရည်ရွယ်ရင်းတော့ မဟုတ်သေးပါဘူး။ မူလ ရည်ရွယ်ရင်းက ဒဿနမေးခွန်းတွေ၊ အတွေးလေ့ကျင့်ခန်းတွေ (thought experiments) ကို နှိုးနှော်ပြီး တချို့အတွေးတွေရဲ့ နောက်ဆက်တွဲတွေကို အဖြေရှာတွက်ချက်ဖို့ ကြိုးစားကြည့်ခြင်းပါပဲ" ဆိုသော ၎င်း၏ စာရေးသားခြင်း အမှုအပေါ် အမြင်ကလည်း စိတ်ဝင်စားဖို့ကောင်းပါသည်။

Ted Chiang သည် ယခုအခါ ဝါရှင်တန်ပြည်နယ်၊ ဆီအက်တယ်မြို့ကြီး အနီးတွင် နေထိုင်လျက်ရှိသည်။

※※※※

ပိုးဖလံ

သမီးအဖေက အမေ့ကို ဟိုမေးခွန်းမေးတော့မယ်။ ဒါ အမေတို့နှစ်ယောက်ရဲ့ ဘဝမှာ အရေးကြီးဆုံး အချိန်လေးပေါ့။ ဒီတော့ အမေ သေသေချာချာလေး အာရုံ စိုက်ထားချင်တယ်။ အသေးစိတ်လေးတွေကအစ သတိထားမိချင်တယ်လေ။

သမီးအဖေနဲ့ အမေတို့ တစ်ညနေလုံး အပြင်ထွက်လည်ပြီး အခုပဲပြန်ရောက်ကြတာ။ ညစာစားခဲ့တယ်။ ပွဲကြည့်ခဲ့တယ်။ အခုဆို သန်းခေါင်တောင်ကျော်နေပြီ။ အမေတို့နှစ်ယောက် ဝရန်တာပေါ် ထွက်ပြီး လပြည့်ဝန်းကြီးကို ကြည့်နေကြတာ။ ပြီးတော့ အမေက တွဲကချင်တယ်လို့ အဖေ့ကိုပြောလိုက်တော့ သမီးအဖေက လိုက်လျောတယ်လေ။ အဲဒါကြောင့် အခုအမေတို့ ဖြည်းဖြည်းငြိမ့်ငြိမ့်လေး တွဲကနေကြတာ။ အမေတို့စုံတွဲက အသက်တောင် သုံးဆယ်ကျော်နေပြီကို လရောင်အောက်မှာ မကြီးမငယ်နဲ့ က နေကြတာလေ။ အမေတော့ ညလေ အေးစက်စက်ကိုတောင် နွေးတယ်ထင်နေတာ။ ပြီးတော့ သမီးအဖေကပြောတယ် “ကလေးလေး တယောက်လောက် မလိုချင်ဘူးလား” တဲ့။

အခုဆိုရင် အမေနဲ့အဖေနဲ့လက်ထပ်ထားတာ နှစ်နှစ်လောက်ရှိပြီ။ အီလစ္စ ရိပ်သာလမ်းထဲက အိမ်မှာနေနေကြတာလေ။ အမေတို့ အိမ်ပြောင်းတဲ့အခါကျရင် သမီးက ငယ်ငယ်လေးရှိဦးမှာ။ ဒီတော့ ဒီအိမ်ကို သမီးမှတ်မိမှာ မဟုတ်ဘူး။ ဒါပေမယ့် အမေတို့က သမီးကို ဓါတ်ပုံလေးတွေပြမှာ။ ဒီအိမ်လေးအကြောင်းတွေလည်း ပြောပြမှာ။ အခုညအကြောင်းကိုလည်း သမီးကို အမေက ပြောပြချင်ဦးမယ်။ သမီးလေး ပဋိသန္ဓေတည်တဲ့ညပေါ့။ ဒါပေမယ့် သမီးကိုယ်တိုင် ကလေးလေးတွေမွေးဖို့ အဆင်သင့်ဖြစ်နေမယ့် အရွယ်ရောက်မှ ဒီညအကြောင်းပြောပြဖို့ သင့်တော်မှာပေါ့။

အဲဒီလို ပြောပြရမယ့် အခွင့်အရေးကို အမေတို့ ဘယ်တော့မှရကြတော့မှာ မဟုတ်ဘူးနော်။

အဲဒီအရွယ်မရောက်ခင် သမီးကိုပြောပြလို့တော့ ထူးမှာမဟုတ်ဘူး။ ဒီလို ကြည်နူးစရာချစ်ဇာတ်လမ်း အဲ. . သမီးစကားအတိုင်းဆို ချွဲပစ်အီဇာတ်လမ်းပေါ့၊ ဒါမျိုးတွေကို ထိုင်နားထောင်ရလောက်အောင် သမီး တစ်သက်လုံးစိတ်ရှည်မှာမဟုတ် ဘူးလေ။ သမီးကိုမွေးရတဲ့အကြောင်းရင်းကိုတောင် အသက်ဆယ့်နှစ်နှစ် ရောက်တော့

သမီးကိုယ်တိုင် ပြောလာမှာကို အမေမှတ်မိသေးတယ်။

"အမေတို့ သမီးကိုမွေးတာကလည်း ပိုက်ဆံမပေးရတဲ့ အိမ်ဖော်လိုချင်လို့ မဟုတ်လား" လို့ ဗီရိုထဲက ဖုန်စုပ်စက်ကို စိတ်တိုတိုနဲ့ ဆွဲထုတ်ရင်း ပြောတာလေ။

အမေကလည်း "ဟုတ်တယ်ဟေ့" လို့ ပြောမှာ။

"ဟောသည်ကော်ဇောတွေ ဒီနေ့လောက်ဆို ဖုန်တွေတက်နေမှာကို ကျုပ်က လွန်ခဲ့တဲ့ ဆယ့်သုံးနှစ်ကတည်းက ကြိုသိနေလို့၊ ဘယ်နည်းနဲ့ဖုန်စုပ်ရရင် အကောင်း ဆုံးဖြစ်မလဲလို့ စဉ်းစားလိုက်တော့ ဟာ..ကလေးတစ်ကောင်မွေးလိုက်ရင် ပိုက်ဆံ အကုန်တော်တော်သက်သာသွားမှာပဲလို့ တွေးမိခဲ့တာဟေ့။ သိပြီလား။ ကဲ လုပ်တော့"

"သားအမိဖြစ်နေလို့ပေါ့။ နို့မို့ရင် ကလေးလုပ်သားခိုင်းစေမှုနဲ့ အဖမ်းခံရမှာ" လို့ သမီးက ဖုန်စုပ်စက်ကို ပလပ်ပေါက်တပ်ရင်းနဲ့ နှုတ်လှန်ထိုးဦးမှာလေ။

အဲဒီအချိန်ဆို အမေတို့ ဘဲလ်မွန့်လမ်းကအိမ်မှာ နေနေကြပြီ။ အမေလည်း အမေနေခဲ့တဲ့ အိမ်နှစ်အိမ်လုံးမှာ သူစိမ်းတွေတက်နေကြတာကို မြင်ရဦးမှာ။ သမီးကိုမွေးခဲ့တဲ့ အိမ်ရယ်၊ သမီးကြီးပြင်းလာမယ့် အိမ်ရယ်ပေါ့။ ပထမအိမ်ကို သမီးလူ့လောကထဲရောက်လာပြီး နှစ်နှစ်လောက်နေတော့ အမေတို့ ရောင်းပစ်လိုက်ကြမှာ။ ဒုတိယအိမ်ကိုတော့ သမီးထွက်သွားပြီးမကြာခင် အမေရောင်းပစ်မှာ။ အဲဒီ အချိန်လောက်ဆိုရင် အမေနဲ့ နယ်လ်ဆန်တို့ ယာတောအိမ်လေးမှာ သွားနေနေကြပြီ။ သမီးအဖေလည်း ဘယ်သူဆိုလား ဟိုမိန်းမနဲ့ အတူနေနေပြီ။

ဒီဇာတ်လမ်း ဘယ်လိုဆုံးမယ်ဆိုတာ အမေသိတယ်။ အဲဒီအဆုံးသတ်ကိုလည်း ခဏခဏတွေးမိတယ်။ ဒီဇာတ်လမ်းရဲ့ အစကိုလည်း အမေတွေးမိတယ်။

သိပ်မကြာသေးခင်ကပေါ့။ လွန်ခဲ့တဲ့ သုံးလေးနှစ်လောက်က ကမ္ဘာပတ်လမ်းကြောင်းထဲကို ယာဉ်တွေရောက်လာပြီး မြက်ခင်းကျယ်ကြီးတွေပေါ်မှာ အရာဝတ္ထုကြီးတွေ ပေါ်လာတာ။ အစိုးရကတော့ ဘာဆိုဘာမှ မထုတ်ပြန်သလောက်ပဲ။ အတင်းအဖျင်းရေးတဲ့ မီဒီယာတွေကတော့ ပါးစပ်ထဲတွေ့သမျှ ဖြစ်နိုင်ခြေတွေကို အကုန်ပြောကြတာပဲ။ အဲဒီနောက် အမေ့ဆီ ဖုန်းဝင်လာတယ်။ အမေနဲ့ လာတွေ့ဖို့ ချိန်းတဲ့ဖုန်း။

သူတို့နှစ်ယောက် အမေ့ရုံးခန်းအပြင်ဖက်က ကော်ရစ်ဒါမှာ စောင့်နေကြတာ တွေ့လိုက်တယ်။ ထူးဆန်းတဲ့ အတွဲပဲ။ တစ်ယောက်က စစ်ဝတ်စုံနဲ့ ကတုံးဆံထောက်နဲ့၊ လက်ထဲမှာ အလျူမီနမ် လက်ဆွဲသေတ္တာတစ်လုံးကို ကိုင်လို့။ သူ့ကြည့်ရတာ သူ့ပတ်ဝန်းကျင်အနေအထားကို သတိကြီးကြီးနဲ့

စူးစမ်းဆင်ခြင်နေပုံပဲ။ နောက်တစ်ယောက်ကတော့ စာသမားပေသမားမှန်း သိသာတယ်။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးထူထူနဲ့ ချည်သားထူထူ ကုတ်ဝတ်စုံကြီး ဝတ်လို့။ သူ့ဘေးနံရံမှာ ချိတ်ထားတဲ့ နို့တစ်ဘုတ်ပေါ်က ကြော်ငြာစာရွက်တွေကို လှန်လှောကြည့်နေလေရဲ့။

"ဗိုလ်မှူးကြီးဝက်ဘ်ဘာ ထင်ပါရဲ့" လို့ အမေလည်း နှုတ်ဆက်ပြီး စစ်သားကြီးနဲ့ လက်ဆွဲနှုတ်ဆက်လိုက်တယ်။ "ကျွန်မက လူဝိစ် ဘန့်ခ် ပါပဲ"

"ဟုတ်ကဲ့ ဒေါက်တာဘန့်ခ်။ ကျွန်တော်တို့ကို အချိန်ပေးတဲ့အတွက် ကျေးဇူးပါဗျာ"

"ရပါတယ် ရပါတယ်။ ဌာနအစည်းအဝေး မတက်ရတော့တာနဲ့တင် ဟုတ်လှပါပြီ"

ဝက်ဘ်ဘာက သူ့အဖော်ကို မိတ်ဆက်ပေးတယ်။ "ဒါကတော့ ဒေါက်တာ ဂယ်ရီ ဒွန်နယ်လီပါ။ ကျွန်တော် ဖုန်းဆက်တုန်းက ပြောပြထားတဲ့ ရူပဗေဒပညာရှင် ဆိုတာပေါ့"

သူက အမေ့ကို လက်ဆွဲနှုတ်ဆက်ရင်း "ဂယ်ရီ လို့ပဲ ခေါ်ပါဗျာ" လို့ ပြောတယ်။ ပြီးတော့ "ဆရာမရဲ့ အမြင်ကို ကြားချင်လှပါပြီ"တဲ့။

အမေတို့ ရုံးခန်းထဲဝင်လိုက်ကြတယ်။ အမေလည်း ဧည့်သည်လာရင်ထိုင်ဖို့ ထားတဲ့ ထိုင်ခုံတစ်လုံးပေါ်က စာရွက်ထုပ်ကြီးကို နေရာရွှေ့ပေးလိုက်ပြီး အားလုံး ကိုယ့်ခုံနဲ့ကိုယ် ထိုင်လိုက်ကြတာပေါ့။ "ကျွန်မကို အသံဖိုင်တစ်ခု ပေးနားထောင်စရာ ရှိတယ်လို့ ပြောခဲ့တယ်နော်။ အဲဒါဂြိုဟ်သားတွေနဲ့များ ပတ်သက်နေလား"

"ကျွန်တော့်အနေနဲ့ အသံဖိုင်ကိုဖွင့်ပြခွင့်အပြင် တခြားပြောစရာမရှိပါဘူး" လို့ ဗိုလ်မှူးကြီးက ဖြေတယ်။

"ဒါဖြင့်ရင်လည်း နားထောင်ကြည့်ကြတာပေါ့"

ဝက်ဘ်ဘာက သူ့လက်ဆွဲအိတ်ထဲက အသံသွင်းစက်ကိုထုတ်ပြီး အဖွင့် ခလုတ်ကို နှိပ်လိုက်တယ်။ ထွက်လာတဲ့ အသံတွေက ရေစိုနေတဲ့ခွေး အမွေးရေခါ နေတဲ့ အသံလိုလို။

"ဆရာမ ဘယ်လိုသဘောရလဲ" လို့ ဝက်ဘ်ဘာက မေးတယ်။

အမေလည်း ရေစိုခွေးသံလို့ နှိုင်းမပြောတော့ဘဲ. . . "ဒီ အသံကို သွင်းတဲ့အချိန်မှာ ဘာတွေ ဖြစ်နေသေးလဲ" လို့ပဲ မေးလိုက်တယ်။

“ကျွန်တော့်မှာ ပြောခွင့်မရှိပါဘူး”

“နောက်ခံအဖြစ်အပျက်ကိုသိရင် ဒီအသံတွေကို ဘာသာပြန်ဖို့ အထောက်အကူ ဖြစ်မယ်လေ။ အဲဒီစကားပြောနေတဲ့ ဂြိုဟ်သားကို မြင်ခဲ့ရလား။ စကားပြောနေချိန်မှာ သူဘာလုပ်နေလဲ”

“ဒီအသံဖိုင်ကလွဲလို့ ဘာအချက်အလက်မှ ထပ်ပေးလို့ မရတော့လို့ပါ”

“ဆရာမရေ ကျွန်တော်တော့ ဂြိုဟ်သားတွေနဲ့တွေ့ပြီးပြီဗျာလို့ ဗိုလ်မှူးကြီးက ပြောလိုက်ရုံနဲ့တော့ ဘာမှထူးပြီး ပေါက်ကြားဖို့ မရှိပါဘူး။ ဂြိုဟ်သားတွေ ရောက်နေတယ်ဆိုတာ တစ်လောကလုံး သိနေပြီပဲဟာ”

ဗိုလ်မှူးကြီးဝက်ဘ်ဘာက တုတ်တုတ်မှ မလှုပ်ဘူး။ “သူတို့ရဲ့ ဘာသာစကား ဆိုင်ရာစွမ်းဆောင်ရည်တွေ နဲ့ပတ်သက်ပြီး ဆရာမ ဘယ်လိုမြင်ပါသလဲ” လို့ပဲ မေး တယ်။

“အင်း သူတို့ရဲ့ အသံအိုးနဲ့ အင်္ဂါဖွဲ့စည်းပုံက လူသားအသံအင်္ဂါ ဖွဲ့စည်းပုံနဲ့ သိသိသာသာကြီး ကွာတယ်ဆိုတာတော့ ရှင်းပါတယ်။ ဂြိုဟ်သားတွေက လူတွေနဲ့ အသွင်လည်းမတူဘူးလို့ ယူဆရင် မှန်မလား”

ဗိုလ်မှူးကြီးက မယုတ်မလွန် တစ်ခုခုပြောမလို့ ဟန်ပြင်တုန်း ဂယ်ရီက ဝင်ပြောတယ် “ဒီအသံပေါ် မူတည်ပြီး ဘာခန့်မှန်းချက်များ ပြုနိုင်မလဲ ဆရာမ”

“ဘာမှသိပ်မပြောနိုင်ဘူး။ အသံအိုးလိုနေရာကနေ ထွက်လာတဲ့ အသံမျိုးတော့ မဟုတ်ဘူး။ ဒါပေမယ့် ဒီအသံပေါ်မှာမူတည်ပြီး သူတို့ရဲ့ ပုံသဏ္ဌာန်ကိုခန့်မှန်းလို့ မရနိုင်ဘူး”

“တခြားရော ဘာပဲဖြစ်ဖြစ် တခြားဘာတခုခုများ ပြောနိုင်ဦးမလဲ” လို့ ဗိုလ်မှူးကြီးဝက်ဘ်ဘာက မေးပြန်တယ်။

သူ့မှာ အရပ်သားပညာရှင်တွေနဲ့ တိုင်ပင်ဆွေးနွေးတဲ့ အကျင့်မရှိတာ တော်တော်သိသာတယ်။

“ခန္ဓာကိုယ် ဖွဲ့စည်းတည်ဆောက်ပုံချင်းမတူတဲ့အတွက် သူတို့နဲ့ ပြောဆိုဆက်သွယ်ရာမှာ အခက်အခဲအများကြီးရှိလိမ့်မယ်ဆိုတာလောက်ပဲ လောလောဆယ် ပြောနိုင်မယ်။ သူတို့ထုတ်တဲ့ အသံမျိုးကို လူ့အသံအင်္ဂါအစိတ်အပိုင်းတွေက မထုတ် နိုင်ဘူးဆိုတာ သေချာသလောက်ပဲ။ နောက်ပြီး လူ့အကြားအာရုံနဲ့ မခွဲခြားနိုင်တဲ့ အသံတွေလည်း ပါနေနိုင်တယ်”

“အသံအောက်လှိုင်းနဲ့ အသံလွန်လှိုင်းတွေကို ပြောတာလား” လို့ ဂယ်ရီ

ဒွန်နယ်လီက ဝင်မေးတယ်။

“အဲဒီ့လို အတိအကျတော့ မဟုတ်ပါဘူး။ ကျွန်မဆိုလိုတာက လူသားရဲ့ အကြားအင်္ဂါအဖွဲ့အစည်းဟာ အသံလှိုင်းအားလုံးကို အပြည့်အစုံဖမ်းယူနိုင်တဲ့ ကိရိယာ မဟုတ်ဘူး။ လူ့အသံအိုးကနေ ထုတ်လွှတ်တဲ့ အသံမျိုးကို အကောင်းဆုံး ဖမ်းယူနိုင်အောင် ပြုပြင်ထိန်းညှိထားတဲ့စနစ်သာ ဖြစ်တယ်။ ဂြိုဟ်သားအသံအင်္ဂါ စနစ်နဲ့တွေ့တဲ့အခါ ဘာကိုမှခန့်မှန်းလို့မရတော့ဘူးပေါ့” လို့ပြောပြီး ပုခုံးပဲ တစ်ချက် တွန့်ပြလိုက်တယ်။ ပြီးတော့…

“ကြားဖန်များပြီး အလေ့အကျင့်ရလာရင်တော့ ဂြိုဟ်သားသံရင်းတွေကို ကျွန်မတို့ ခွဲကောင်းခွဲခြားနိုင်လိမ့်မယ်။ ဒါပေမယ့် သူတို့ဖက်က အဓိပ္ပာယ်ရှိတယ်လို့ သတ်မှတ်ထားတဲ့ ထူးခြားချက်လေး တွေကို ကျွန်မတို့ရဲ့နားနဲ့ ဘယ်လိုမှ ခွဲခြားပြီး မကြားနိုင်တာမျိုးလည်း ဖြစ်နိုင်သေးတာပဲ။ အဲဒီလို အခြေအနေမှာဆိုရင် ကျွန်မတို့က ဒီအသံလှိုင်းတွေကို အသံလှိုင်းဂရပ်ဖ်နဲ့ပြန်ကြည့်မှ သူတို့တွေပြော တဲ့စကားကို နားလည်မှာ”

အဲဒီမှာ ဗိုလ်မှူးကြီးဝက်ဘ်ဘာက “အကယ်၍ တစ်နာရီစာအသံသွင်းထား တာတွေကို ကျွန်တော်တို့က ပေးမယ် ဆိုရင် ခုနက ဆရာမပြောတဲ့ အသံလှိုင်းဂရပ်ဖ် တွေဘာတွေ လိုအပ်လာဖို့ရှိမရှိ ပြောနိုင်မလား။ အဲဒီလိုပြောနိုင်ဖို့ ဆရာမအနေနဲ့ အချိန်ဘယ်လောက် ယူရမလဲ” လို့မေးတယ်။

“အသံဖိုင်ချည်းသပ်သပ် နားထောင်ရုံနဲ့တော့ အချိန်ဘယ်လောက်ယူယူဘာကောက်ချက်မှချနိုင်မှာ မဟုတ်ဘူးရှင့်။ ဂြိုဟ်သားတွေနဲ့ တိုက်ရိုက်စကားပြောရမှ ဖြစ်မှာ”

အဲဒီမှာ ဗိုလ်မှူးကြီးကခေါင်းခါပြီး “ဘယ်နည်းနဲ့မှမဖြစ်နိုင်ဘူး” လို့ ပြောတယ်။

အမေလည်း အခြေအနေမှန်ကို သူလက်ခံအောင် အတတ်နိုင်ဆုံး ညင်ညင်သာသာနဲ့ ကြိုးစားပြီး ပြောပြပါတယ်။ “ဒါကတော့ ဗိုလ်မှူးကြီးတို့ရဲ့ ဆုံးဖြတ်ချက်ပဲလေ။ ဒါပေမယ့် ကိုယ်မသိတဲ့ ဘာသာစကားတစ်ရပ်ကို လေ့လာဖို့ တစ်ခုတည်းသော နည်းလမ်းက အဲဒီ့ဘာသာစကားကို ပိုင်ဆိုင်ထားတဲ့သူတွေနဲ့ တိုက်ရိုက် ဆက်သွယ်တဲ့နည်းပဲ။ ဆက်သွယ်တယ်ဆိုရာမှာ မေးခွန်းတွေမေးတာ၊ အပြန်အလှန် စကားပြောတာ၊ အဲဒီလိုဟာမျိုးတွေပေါ့။ အဲဒီလိုမှမလုပ်ရင် ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ဒီတော့ ဗိုလ်မှူးကြီးတို့အနေနဲ့ ဒီဂြိုဟ်သားစကားကို လေ့လာမယ်ဆိုရင် ဘာသာဗေဒ ပညာရပ်ကို သင်ယူလေ့ကျင့်ထားတဲ့သူ တစ်ယောက်ယောက် ကနော်.. ကျွန်မ ဖြစ်ဖြစ်၊ တခြားဘယ်သူဖြစ်ဖြစ်ပေါ့၊ အဲလိုတစ်ယောက်က အဲဒီဂြိုဟ်သားတွေနဲ့ စကားသွားပြောရမှ ဖြစ်မယ်။

အသံဖိုင်သီးသန့် ဆိုရင်တော့ လုံးဝ မလုံလောက်ပါဘူး”

ဗိုလ်မှူးကြီး မျက်မှောင်ကြုတ်သွားတယ်။ “ဆရာမ ပြောချင်တာက ကျွန်တော်တို့ လူသားတွေ ထုတ်လွှင့်တဲ့ ရေဒီယိုတို့ဘာတို့ကို ဂြိုဟ်သားတွေက ဖမ်းမိပြီး စောင့်ကြည့်လေ့လာကြရင်တောင် ကျွန်တော်တို့ရဲ့ ဘာသာစကားကို သူတို့ ဘယ်လိုမှ နားလည်လာမှာ မဟုတ်ဘူးလို့ ဆိုလိုတာလား”

“ကျွန်မတော့ မထင်ဘူး။ သူတို့တွေက လူ့စကားသင်ယူမယ်ဆိုရင် လူသား မဟုတ်တဲ့ သတ္တဝါတွေအတွက် အထူးစီမံထားတဲ့ လေ့လာရေးလမ်းညွှန်စနစ်တစ်ခု လိုကို လိုလိမ့်မယ်။ ဒါမှမဟုတ် လူသားတစ်ယောက်နဲ့ အပြန်အလှန် ဆက်သွယ် စကားပြောရမှ ဖြစ်ကြလိမ့်မယ်။ အဲဒီနှစ်ခုထဲကတစ်ခုခု သူတို့မှာရှိခဲ့ရင် သူတို့ တီဗွီကြည့်တဲ့အခါ တော်တော်လေး လေ့လာသင်ယူနိုင်ကြလိမ့်မယ်။ ဒီလိုမှ မဟုတ် ရင်တော့ ဘယ်ကစရမှန်း သိကြမှာမဟုတ်ဘူး”

အဲဒီလို ပြောလိုက်တော့ ဗိုလ်မှူးကြီးက စိတ်ဝင်စားသွားပုံရတယ်။ ဂြိုဟ်သားတွေဖက်က ဘာမှသိပ်မသိလေ ကောင်းလေပဲလို့ ယူဆပုံရတယ်လေ။ ဂယ်ရီ ဒွန်နယ်လီက သူ့မျက်နှာရိပ်မျက်နှာကဲကို မြင်ပြီး မျက်စပစ်တယ်။ အမေလည်း မပြုံးမိအောင် မနည်းအောင့်ထားလိုက်ရတာပေါ့။

နောက်ပြီးတော့ ဗိုလ်မှူးကြီးက “ဆရာမအနေနဲ့ ဘာသာစကားတစ်ခုကို ပြောတတ်တဲ့ သူတွေဆီကနေ အဲဒီစကားကို တိုက်ရိုက်သင်ယူမယ် ဆိုပါတော့။ သူတို့ကို အင်္ဂလိပ်စကား သင်မပေးဘဲ သူတို့စကားကိုပဲ သင်ယူလို့ ရနိုင်မလား”

“အဲဒါကတော့ တစ်ဖက်က ပုဂ္ဂိုလ်တွေရဲ့ ပူးပေါင်းပါဝင်လိုမှု အပေါ်မှာ မူတည်တာပေါ့။ သူတို့ရဲ့ ဘာသာစကားကို သင်ယူနေတုန်း ကျွန်မတို့ဘာသာစကားကိုလည်း နည်းနည်းပါးပါး သူတို့တီးမိခေါက်မိ ရှိသွားနိုင်တယ်။ ဒါပေမယ့် သူတို့ဖက်က သင်ပေးလိုစိတ်ရှိတယ်ဆိုရင်တော့ ကျွန်မတို့စကားကို သူတို့ ဘာမှသိပ်ရင်းနှီးသွားမှာ မဟုတ်ဘူးပေါ့။ တစ်ဖက်က ကြည့်ရင်လည်း အကယ်၍ သူတို့ဖက်က သင်ပေးလိုစိတ် မရှိဘဲ သင်ယူလိုစိတ်ပဲရှိကြမယ်ဆိုရင်တော့ တော်တော်လေး ခက်လိမ့်မယ်”

ဗိုလ်မှူးကြီးက ခေါင်းတဆတ်ဆတ်ညိမ့်ပြီး “ကျွန်တော် ပြန်ဆက်သွယ် လိုက်ပါမယ်” လို့ပြောတယ်။

※※※※

အဲဒီလို တွေ့ဆုံဆွေးနွေးကြဖို့ ဖုန်းဆက်ချိန်းခဲ့တဲ့ဖုန်းက အမေ့ဘဝမှာ ဒုတိယမြောက် အရေးအကြီးဆုံးဖုန်း ဖြစ်မယ်ထင်ရဲ့။ ပထမအရေးအကြီးဆုံးဖုန်း

ကတော့ တောင်တန်းကယ်ဆယ်ရေး ဌာနကခေါ်တဲ့ ဖုန်းပါပဲ။ အဲဒီဖုန်းလာတဲ့အချိန်မှာ အမေနဲ့ သမီးအဖေတို့ တစ်ယောက်နဲ့တစ်ယောက် စကားပြောဖြစ်ကြတာဆိုရင် တစ်နှစ်ကိုမှ တစ်ခါတောင် အနိုင်နိုင်ရယ်။ ဒါပေမယ့် အဲဒီဖုန်းလာပြီးတဲ့အခါမှာတော့ အမေ သူ့ကို ချက်ချင်း ဖုန်းကောက်ဆက်မိလိမ့်မယ်။

သမီးဖြစ်ကြောင်း အသိအမှတ်ပြုပေးဖို့သွားရာလမ်းမှာ အမေနဲ့အဖေတို့ အတူ ကားအကြာကြီး မောင်းရင်း စကားတွေမပြောဖြစ်ဘဲ တိတ်ဆိတ်နေမိကြလိမ့်မယ်။ အဲဒီရင်ခွဲရုံကြီးကို အမေမှတ်မိသေးတယ်။ ကြွေပြားတွေရယ် စတီးမျက်နှာပြင်တွေ ရယ်ပဲ ရှိတဲ့နေရာ။ ရေခဲတိုက်အတွက် အအေးခာတ်လွှတ်ထားတဲ့ စက်တွေဆီက တဒီးဒီးသံရယ်၊ ပိုးသတ်ဆေးနံ့ရယ်. . .။ ပြီးတော့ ဝန်ထမ်းတစ်ယောက်က သမီး မျက်နှာကိုဖုံးထားတဲ့အဝတ်စကို လှန်ပြလိမ့်မယ်။ သမီးမျက်နှာက တစ်ခုခုမှားနေသလို၊ တစ်ခုခု လိုနေသလို ဖြစ်နေလိမ့်မယ်။ ဒါပေမယ့် အမေ့သမီးဖြစ်ကြောင်း အမေမှတ်မိ လိမ့်မယ်။

“ဟုတ်တယ်။ သူပါပဲ” လို့ အမေပြောလိမ့်မယ်။ “ကျွန်မသမီးပါပဲ”

အဲဒီအချိန်မှာ သမီးက အသက်နှစ်ဆယ့်ငါးနှစ်ပဲ ရှိဦးမှာ။

※※※※

စစ်တပ်ရဲက အမေ့ဝန်ထမ်းကတ်ကိုစစ်ဆေးပြီး သူ့လက်ထဲကကတ်ပြားမှာ ရေးမှတ်လိုက်တယ်။ ပြီးတော့ ဂိတ်ကို ဖွင့်ပေးတယ်။ အမေလည်း စီးလာတဲ့ ခရီးကြမ်းသွားကားကို စခန်းထဲ မောင်းသွင်းလိုက်တယ်။ စခန်းဆိုတာက ယာသမားတစ်ယောက်ပိုင်တဲ့ စားကျက်ကွင်းတစ်ကွင်းရဲ့ အလယ်မှာ စစ်တပ်ကနေ လာဖွင့်ထားတဲ့ ရွက်ဖျင်တဲစုကြီးပါ။ ဒီ စခန်းတဲစုကြီးက ရွာငယ်လေးတစ်ရွာစာလောက် ရှိတယ်။ စားကျက် ကွင်းပြင်ကြီး ကတော့ နေပူကျဲကျဲပဲ။ စခန်းရဲ့ အလယ်မှာတော့ ဂြိုဟ်သားတွေရဲ့ ပစ္စည်းတစ်ခု။ အဲဒီပစ္စည်းတွေကို “ကြေးမုံ” လို့ နာမည်ပေးထား ကြတယ်။

အမေတက်ခဲ့သမျှ အစည်းအဝေးတွေအရ အမေရိကန်ပြည်ထောင်စုမှာ ကြေးမုံကိုးခုရှိတယ်။ တစ်ကမ္ဘာလုံးမှာတော့ တစ်ရာ့ဆယ့်နှစ်ခု။ ဒီကြေးမုံတွေက နှစ်ဖက်ဆက်သွယ်ရေးကိရိယာတွေလို့ ပြောရမယ်။ တစ်ဖက်က အမေတို့ပေါ့။ တစ်ဖက်ကတော့ ကမ္ဘာပတ်လမ်းပေါ်ကယာဉ်တွေလို့ ယူဆရတာပေါ့။ ဂြိုဟ်သားတွေက အမေတို့လူသားတွေနဲ့ ဘာလို့ တိုက်ရိုက်စကားမပြောကြတာလဲတော့ ဘယ်သူမှ မသိကြဘူး။ သန်းတွေဘာတွေ ကူးမှာကြောက်လို့ ဖြစ်ချင်ဖြစ်မှာပေါ့လေ။

ကြေးမုံတစ်ခုစီမှာ သိပ္ပံပညာရှင်တစ်ဖွဲ့စီ တာဝန်ချထားကြတယ်။ အဲဒီ

အဖွဲ့တိုင်းမှာ တခြားသိပ္ပံပညာရှင်တွေအပြင် ဘာသာဗေဒပညာရှင် တစ်ယောက်၊ ရုပဗေဒပညာရှင် တစ်ယောက်ပါတယ်။ ဒီအဖွဲ့ထဲမှာ အမေနဲ့ ဂယ်ရီဒွန်နယ်လီတို့ ပါတယ်ဆိုပါတော့။

ဂယ်ရီက ကားပါကင်ထဲမှာ အမေ့ကို စောင့်နေတယ်။ အဲဒီကနေ နှစ်ယောက်သား သပွတ်အူလိုက်နေတဲ့ ကတုတ်ကျင်းတွေနဲ့ အကာအကွယ်တွေကြား ဖြတ်လျှောက်သွားတဲ့အခါ ကြေးမုံကိုငုံပြီး ဆောက်ထားတဲ့ ရွက်ဖျင်တဲကြီးဆီ ရောက်သွားကြတယ်။ တဲကြီးရဲ့ရှေ့မှာရပ်ထားတဲ့ ကိရိယာတင် လှည်းတစ်ခုပေါ်မှာ အမေ့ တက္ကသိုလ်က ငှားထားတဲ့ အသံပညာရပ်ဆိုင်ရာ ကိရိယာတွေ စုပြီးတင်ထားတယ်။ အဲဒီ့ကိရိယာတွေကို စစ်တပ်က စစ်ဆေးစရာရှိတာ စစ်ဆေးရအောင် အမေကြိုပြီး ပို့ထားတာလေ။

ရွက်ဖျင်တဲ အပြင်ဖက်မှာပဲ ဗီဒီယိုကင်မရာသုံးလုံးကို သုံးခွထောက်တွေနဲ့ ထောက်လို့ တဲပြတင်းပေါက်တွေ ကနေတဆင့် အထဲကို ချိန်ထားကြတယ်။ ဂယ်ရီနဲ့ အမေတို့ရဲ့ လှုပ်ရှားမှုမှန်သမျှကို စောင့်ကြည့်နေတဲ့သူတွေဆိုတာ မရေမတွက်နိုင်အောင် ရှိလေရဲ့။ စစ်ထောက်လှမ်းရေးကလည်း ပါတာပေါ့။ အဲဒီလို စောင့်ကြည့်နေ ကြတဲ့အပြင် အမေတို့က နေ့စဉ်နေ့တိုင်း အစီရင်ခံစာတစ်ယောက်တစ်စောင် ရေး တင်ရသေးတယ်။ အမေရေးရတဲ့ အစီရင်ခံစာထဲမှာ ဂြိုဟ်သားတွေအနေနဲ့ အင်္ဂလိပ် ဘာသာကို ဘယ်လောက်အထိ နားလည်နိုင်နေပြီ ထင်သလဲဆိုတဲ့ ခန့်မှန်းချက်လည်း နေ့တိုင်းထည့်ရေးရတယ်။

ဂယ်ရီက တဲတံခါးလိုက်ကာကို လှန်ဖွင့်ပြီး အမေ့ကို အထဲဝင်ဖို့ လက်ဟန် ပြနေလေရဲ့။ “ဝင်ပါခင်ဗျား”

သူ့လေသံက ဆက်ကပ်ထဲက ဇာတ်ဆရာလိုပဲ။ “ဘုရားသခင် ဖန်ဆင်းတော်မူတဲ့ ဟောသည် သတ္တကမ္ဘာကြီးမှာ ဘယ်သူမှမမြင်ဖူးခဲ့ကြတဲ့ သတ္တဝါတို့အား ရှုစားရန် ကြွပါခင်ဗျား”

“ဒင်္ဂါးလေးတစ်ပြားအတွက်နဲ့နော်. . . ” လို့ အမေလည်း ခပ်တိုးတိုး ရေရွတ်ရင်း တံခါးကနေ ဝင်လိုက်တယ်။ အမေတို့ရဲ့ ကြေးမုံက လောလောဆယ် လှုပ်ရှားမှု မရှိသေးဘူး။ ဒီလိုအခါမျိုးမှာ ကြေးမုံက ဆယ်ပေကျော်မြင့်ပြီး ပေနှစ်ဆယ် အကျယ်ရှိတဲ့ စက်ဝိုင်းခြမ်းပုံ ကြည့်မှန်တစ်ချပ်လိုပဲ။ ကြေးမုံရဲ့ရှေ့က မြက်ခင်းညိုညိုပေါ်မှာတော့ မှုတ်ဆေးအဖြူရောင်နဲ့ မျဉ်းကွေးတစ်ခု တားထားတယ်။ ဒီမျဉ်းကွေးရဲ့ အတွင်းဖက်ကို လှုပ်ရှားမှု ဧရိယာလို့ သတ်မှတ်ထားတယ်။ လောလောဆယ် ဒီဧရိယာထဲမှာ စားပွဲတစ်လုံး၊ ခေါက်ကုလားထိုင်နှစ်လုံး၊ လျှပ်စစ်ကြိုး တစ်ချောင်းပဲ ရှိတယ်။ လျှပ်စစ်ကြိုးကို တဲအပြင်ဖက်က မီးစက်နဲ့ သွယ်ထားတာ။ တဲ အမိုးစွန်းပတ်လည်မှာ ထွန်းထားတဲ့

လျှပ်စစ်မီးချောင်းတွေဆီက ထွက်နေတဲ့ တဒီဒီ သံက ယင်ကောင်သံ တဝီဝီနဲ့ရောသွားတဲ့အခါ နားပိုဆူသွားတယ်။ အခန်းကလည်း ပူလောင်အိုက်စပ်နေတာပဲ။

ဂယ်ရီနဲ့ အမေတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြတယ်။ အဲဒီနောက် ကိရိယာတွေ တင်ထားတဲ့ တွန်းလှည်းကို စားပွဲဆီ တွန်းယူသွားလိုက်ကြတယ်။ အမေတို့ အဖြူရောင်စည်းကို ကျော်လိုက်တာနဲ့ ကြေးမုံကလည်း တဖြည်းဖြည်း ကြည်လာတယ်။ နေကာမှန်အမည်းရဲ့ အနောက်ဖက်မှာ မီးပွင့်လာပြီး တဖြေးဖြေးပိုလင်းလာသလိုမျိုးပဲ။ ကြည်လင်ပြတ်သားမှုကတော့ ပြိုင်ဖက်ကင်းပဲ ပြောရမယ်။ အမေဖြင့် အဲ့ဒီကြေးမုံထဲကို လမ်းလျှောက်ဝင်သွားလို့တောင် ရမယ်ထင်မိသလောက်ပဲ။ ကြေးမုံ အပြီးအစီးလင်းသွားတဲ့အချိန်မှာ စက်ဝိုင်းခြမ်းပုံအခန်းတစ်ခန်းရဲ့ ဝင်ပေါက်လို ပုံစံ ဖြစ်သွားတယ်။ အခန်းထဲမှာ ပစ္စည်းအကြီးကြီး တချို့ရှိတယ်။ ပရိဘောဂတွေ ဘာတွေ ဖြစ်မှာပေါ့။ ဒါပေမယ့် ဂြိုဟ်သားတွေတော့ မရှိဘူး။ အနောက်ဖက်က် နံရံအခုံးမှာတော့ တံခါးတစ်ပေါက်ရှိတယ်။

အမေတို့နှစ်ယောက် ကိရိယာတွေကို တပ်ရင်းဆင်ရင်းနဲ့ အလုပ်ရှုပ်သွားကြတယ်။ မိုက်ကရိုဖုန်း၊ အသံကို ဂရပ်အဖြစ်ပြောင်းပေးတဲ့ ကိရိယာ၊ ဖြုတ်လို့သယ်လို့ ရတဲ့ ကွန်ပျူတာနဲ့ စပီကာတွေကို ဆက်စရာရှိတာဆက်၊ တပ်စရာရှိတာ တပ်ကြတယ်။ အဲ့ဒီလို အလုပ်များနေတုန်း ဂြိုဟ်သားတွေ ရောက်လာပြီလားလို့ ကြေးမုံကိုလည်း ခဏခဏ လှမ်းကြည့်မိတယ်။ ဒါတောင်မှ ဂြိုဟ်သားတစ်ယောက် ဝင်လာတော့ အမေ ထခုန်မိမတတ် ဖြစ်ရသေးတယ်။

ဂြိုဟ်သားက ခြေလက် ခုနစ်ချောင်းဆုံရာနေရာမှာ စည်ပိုင်းကြီးတစ်ခု ချိတ်ထားသလိုပုံမျိုး။ ခန္ဓာကိုယ်က အဝိုင်းလိုက်ထားရင် ခေါက်ချိုးညီမယ့်ပုံစံ။ ခြေလက် ခုနစ်ချောင်းစလုံးကို ခြေထောက်အဖြစ် နဲ့လည်း သုံးလို့ရတယ်၊ လက်အဖြစ်နဲ့လည်း သုံးလို့ရတဲ့ပုံပဲ။ အမေ့ရှေ့က တစ်ယောက်က ခြေလေးချောင်း ထောက်ပြီး လျှောက်နေတယ်။ ခြေထောက်တစ်ချောင်းခြားစီထောက်ထားပြီး ထောက်မထားတဲ့ အချောင်းတွေကိုတော့ ခွေလိပ်ပြီး ခန္ဓာကိုယ်ဘေးမှာ ကပ်ထားတယ်။ ဂယ်ရီက သူတို့ကို "သတ္တာဖူး"တွေလို့ ခေါ်တယ်။

အမေ့ကို ဗီဒီယိုတွေ ပြထားပြီးသား၊ ဒါတောင် တကယ်နဖူးတွေ့ဒူးတွေ့ ကြုံရတော့ အမေ ပါးစပ်အဟောင်းသားနဲ့ ငေးမိသေးတာပဲ။ ဂြိုဟ်သားရဲ့ ခြေလက်တွေမှာ အဆစ်နေရာ တိတိပပ မတွေ့ရဘူး။ ခန္ဓာဗေဒပညာရှင်တွေကတော့ ကျောရိုးလို အရိုးဆက်တွေနဲ့ တည်ဆောက်ထားတာ ဖြစ်မယ်လို့ ခန့်မှန်းကြတယ်။ အတွင်းထဲမှာ ဘယ်လိုပုံစံနဲ့ တည်ဆောက်ထားထား၊ သတ္တာဖူးခြေလက်တွေ လှုပ်ရှားပုံ က အရိုးမပါသလိုပဲမို့ ကြည့်ရတာ လှုပ်လှုပ်လှုပ်လှုပ်နဲ့

ယောင်တောင်တောင်ကြီးတွေပဲ။ သူ့ရဲ့ "ခါး" လို့ ဆိုရမယ့် အပိုင်းကတော့ မြွေလို တွန့်လိမ်နေတဲ့ ခြေလက်တွေရဲ့ ထိပ်ဖက်မှာ တည်တည်ငြိမ်ငြိမ်နဲ့ ရေပေါ်ရှပ်ပြေးယာဉ်လိုပဲ။

သတ္တဖူးရဲ့ ခန္ဓာကိုယ်ထိပ်ပိုင်းပတ်လည်မှာ မျက်ခွံမပါတဲ့ မျက်လုံးခုနစ်လုံးအဝိုင်းလိုက် စီထားတယ်။ သူက ဝင်လာတဲ့ တံခါးပေါက်ရှိရာကို ပြန်လျှောက်သွားပြီး တဖျစ်ဖျစ်တဖောက်ဖောက်အသံ တစ်ချက် မြည်လိုက်တယ်။ အခန်းအလယ်ကို ပြန်လျှောက်လာတော့ သူ့နောက်မှာ ဂြိုဟ်သားနောက်တစ်ယောက် ပါလာတယ်။ အဲဒီလို အရှေ့နဲ့အနောက်သွားရာမှာ ခန္ဓာကိုယ်ကို လုံးဝမလှည့်ဘူး။ အဲဒါကြောင့် ကြည့်ရတာ ခြောက်ခြားဖို့ကောင်းနေတယ်။ ဒါပေမယ့် သူ့မှာ အရပ်ရှစ်မျက်နှာ (တကယ်က ခုနစ်မျက်နှာပေါ့) အရပ်ရှစ်မျက်နှာလုံးအတွက် မျက်လုံးတွေ ရှိနေတဲ့ အခါကျတော့ သူ့အတွက်က ဘယ်ဖက်ဖြစ်ဖြစ် ရှေ့ဖက်ပဲလေ။ ဒီတော့ လှည့်စရာ မလိုဘူးပေါ့။

ဂယ်ရီက အမေ့အရိပ်အကဲကို ကြည့်နေတာ။ ပြီးတော့ "အဆင်သင့် ဖြစ်ပြီလား" လို့မေးတယ်။

အမေလည်း အသက်ပြင်းပြင်း တစ်ချက်ရှူပြီး "ဖြစ်သင့်သလောက်တော့ ဖြစ်ပါပြီ" လို့ ပြောလိုက်တယ်။

အမေ လက်တွေ့ကွင်းဆင်းမှုတွေ တော်တော်လေး လုပ်ဖူးပါတယ်။ အမေ့ဖုံတောထဲမှာလေ။ ဒါပေမယ့် အဲဒါတွေက ဘာသာစကား နှစ်မျိုးပြောရတဲ့ လုပ်ငန်းစဉ်တွေချည်းပဲ။ သတင်းပေးတဲ့ သူတွေက ပေါ်တူဂီစကား နည်းနည်းပါးပါး တတ်တာရှိတယ်။ အဲဒါကို နင်းပြီးရှေ့ဆက်လို့ ရတယ်။ ဒါမှမဟုတ် နယ်ခံ သာသနာပြုတွေ ဆီကနေ သူတို့တိုင်းရင်းဘာသာစကားကို ကြိုမိတ်ဆက်ထားလို့ ရတာလည်း ရှိတယ်။ ဒီတစ်ခေါက်ကတော့ တကယ့် တစ်လမ်းသွားဘာသာစကား စူးစမ်းလေ့လာမှု စစ်စစ်ကို ပထမဆုံး တွေ့ကြုံရတာပဲ။ သီအိုရီအရ ပြောရရင်တော့ တော်တော်လေး ရိုးစင်းပါတယ်။

အမေ ကြေးမုံဆီကို လျှောက်သွားလိုက်တယ်။ ဟိုဖက်ခြမ်းက သတ္တဖူး ကလည်း ကြေးမုံဆီကို လျှောက်လာတယ်။ ကြေးမုံထဲက ပုံရိပ်က တကယ့်အပြင်က မြင်ကွင်းအစစ်လိုပဲ၊ စစ်လွန်းအားကြီးလို့ စိတ်ထဲသရိုးသရီတောင် ဖြစ်မိတယ်။ ဂြိုဟ်သားရဲ့ မီးခိုးရောင်အရေပြားပေါ်က အရေးအကြောင်းတွေကို မြင်နေရတယ်။ ချည်ကတ္တီပါသားရဲ့လှိုင်းတွေကို အဝိုင်းပုံအကွေ့အဝိုက်ပုံ စီစဉ်ထားသလိုပဲ။ ကြေးမုံ ကနေ ဘာနံ့မှ မထွက်ဘူး။ အဲဒါကြောင့်ပဲ ပိုထူးဆန်းနေတော့တယ်။

အမေ ကိုယ့်ကိုယ်ကို လက်ညှိုးထိုးပြီး "လူသား" လို့ ဖြည်းဖြည်းပြော လိုက်တယ်။ ပြီးတော့ ဂယ်ရီကို လက်ညှိုးထိုးပြီး "လူသား" လို့ ထပ်ပြောတယ်။

ပြီးတော့ သတ္တဖူးနှစ်ယောက်စလုံးကို တစ်ခါစီ လက်ညှိုးညွှန်ပြီး “ဘာတွေလဲ” လို့ မေးလိုက်တယ်။

ဘာမှမတုံ့ပြန်ကြဘူး။ အမေ နှစ်ခါ ထပ်ကြိုးစားကြည့်တယ်။

သတ္တဖူးတစ်ယောက်က သူ့ခြေလက်တစ်ချောင်းနဲ့ သူ့ကိုယ်သူ ပြန်ထိုးပြတယ်။ ခြေလက်ရဲ့ အဆုံးက ခြေချောင်းလေး လေးချောင်းကို စုထားတယ်။ ကံကောင်းတာပဲ။ တချို့ယဉ်ကျေးမှုထုံးစံတွေမှာဆိုရင် တစ်ခုခုကို ညွှန်ပြချင်ရင် မေးထိုးပြကြ တာလေ။ တကယ်လို့ သတ္တဖူးက ခြေလက်နဲ့မညွှန်ဘဲ တခြားတစ်နည်းနည်းနဲ့ ညွှန်ပြခဲ့မယ်ဆိုရင် ဘယ်လိုပြနေမှန်းမသိ၊ ဘာနဲ့ပြနေမှန်းလည်း မသိလို့ ဘာကို ကြည့်ရမယ်မှန်းတောင် သိမှာမဟုတ်ဘူး။ တဖျပ်ဖျပ်အသံတစ်သံ ကြားလိုက်ရတယ်၊ တစ်ချိန်တည်းမှာ သူ့ရဲ့ ခန္ဓာကိုယ်ထိပ်ပိုင်းက ခပ်စူစူဒွါရတစ်ပေါက် လှုပ်ခါသွားတာ မြင်လိုက်ရတယ်။ သူစကားပြောနေတာပဲ။ ပြီးတော့သူက သူ့အဖော်ကို ညွှန်ပြပြီး တဖျပ်ဖျပ် ထပ်ပြောပြန်တယ်။

အမေ ကွန်ပျူတာကို သွားကြည့်လိုက်တယ်။ စခရင်ပေါ်မှာ တဖျပ်ဖျပ်အသံ နှစ်သံကို ကိုယ်စားပြုတဲ့ ဂရပ်နှစ်ခုကို တွေ့ရတယ်။ ဂရပ်နှစ်ခုလုံး ထပ်တူ တူညီကြတယ်။ ဂရပ်တစ်ခုကို အသံအဖြစ်ပြောင်းပြီး ပြန်လွှင့်ဖို့ အမှတ်အသားလုပ်လိုက်တယ်။ ပြီးတော့ အမေ ကိုယ့်ကိုယ်ကို ညွှန်ပြပြီး “လူသား” လို့ ထပ်ပြောတယ်။ ပြီးတော့ ဂယ်ရီကိုပြပြီး ပြောတယ်။ ပြီးတော့ သတ္တဖူးကို ညွှန်ပြပြီး ကွန်ပျူတာထဲကအသံကို စပီကာနဲ့ ဖွင့်ပြလိုက်တယ်။

သတ္တဖူးက တဖျပ်ဖျပ် ထပ်လုပ်ပြန်တယ်။ ဒီတစ်ခေါက်ပြောတာရဲ့ဂရပ်မှာ ဒုတိယပိုင်းက ပြောပြီးသားဟာကို ထပ်ပြောထားတာ တွေ့ရတယ်။ ပထမတစ်ခေါက် ပြောထားတာကို (ဖျပ်ဖျပ်-၁) လို့ နာမည်ပေးမယ်ဆိုရင် ဒုတိယတစ်ခေါက် ပြောတာ ကို (ဖျပ်ဖျပ်-၂၊ ဖျပ်ဖျပ်-၁) လို့ ခေါ်ရမှာပေါ့။

အမေက သတ္တဖူး ကုလားထိုင်လို့ ထင်ရတဲ့ အရာတစ်ခုကို လက်ညှိုးထိုး ပြလိုက်တယ်။

“အဲဒါဘာလဲ”

သတ္တဖူးက ရပ်သွားတယ်။ ပြီးတော့ အဲဒီ “ကုလားထိုင်” ကို ညွှန်ပြပြီး ထပ်ပြောပြန်တယ်။ ဒီတစ်ခါ ပြောတာရဲ့ ဂရပ်က ပထမပြောထားတဲ့နှစ်သံနဲ့ ကွာခြားနေတယ်။ (ဖျပ်ဖျပ် - ၃)။ ဒါနဲ့ အမေလည်း အဲဒီ ကုလားထိုင်ထင်ရတဲ့ဟာကြီးကို လက်ညှိုးထိုးပြီး (ဖျပ်ဖျပ်-၃) ကို ပြန်ဖွင့်ပြလိုက်တယ်။

သတ္တာဖူးက တစ်ခုခုပြန်ပြောတယ်။ ဂရပ်ကို ကြည့်ရတာ (ဖျပ်ဖျပ်-၃၊ ဖျပ်ဖျပ်-၂) နဲ့တူတယ်။ အကောင်းမြင်ဝါဒနဲ့ အနက်ဖွင့်ရရင်တော့ "သတ္တာဖူးက အမေပြောတာ မှန်တယ်လို့ အတည်ပြုပေးနေတာ ဖြစ်မယ်။ ဒီလိုဆိုရင် လူသားနဲ့ သတ္တာဖူးတို့ ဆက်သွယ်ဖော်ပြပုံချင်းတူတယ်လို့ မှတ်ရမယ်။ အဆိုးမြင်ဝါဒနဲ့ အနက်ဖွင့်ရမယ်ဆိုရင် အဲဒီသတ္တာဖူး ချောင်းတွေဆိုးနေတာလည်း ဖြစ်နိုင်တယ်။"

အမေ့ကွန်ပျူတာမှာ ဂရပ်တွေကို အပိုင်းတွေခွဲပြီး တစ်ပိုင်းစီကို ယာယီအမှတ်အသားတွေ ပေးလိုက်တယ်။ (ဖျပ်ဖျပ် - ၁)က 'သတ္တာဖူး' (ဖျပ်ဖျပ် - ၂) က "Yes" ၊ (ဖျပ်ဖျပ် - ၃) က "ကုလားထိုင်'။ ပြီးတော့ "ဘာသာစကား-သတ္တာဖူးA' လို့ ခေါင်းစဉ်တပ်လိုက်တယ်။

ဂယ်ရီက အမေလုပ်တာကိုင်တာတွေကို ကြည့်ပြီး "A ဆိုတာက ဘာလို့ထည့်ထားတာလဲ" လို့မေးတယ်။ "ဒါက တခြားသတ္တာဖူးတွေသုံးတဲ့ ဘာသာစကားနဲ့ ခွဲပြီး မှတ်သားတဲ့သဘောပါ" လို့ ဖြေလိုက်တော့ ဂယ်ရီက ခေါင်းညိတ်တယ်။

"ကဲ တစ်ခုလောက် စမ်းကြည့်ရအောင်။ ရယ်စရာလေးပေါ့"

လို့ အမေက ပြောပြီး သတ္တာဖူးတစ်ယောက်စီကို လက်ညှိုးထိုးပြီး (ဖျပ်ဖျပ်-၁) ကို အတတ်နိုင်ဆုံး တူအောင် ပြောကြည့်လိုက်တယ်။ အတော်ကြာအောင် ငြိမ်နေပြီးတော့မှ ပထမ သတ္တာဖူးက တစ်ခုခု ပြောတယ်၊ ပြီးတော့ ဒုတိယတစ်ယောက်က တခြားတခုခု ထပ်ပြောတယ်။ သူတို့ပြောတဲ့ဂရပ်တွေက အရင်က ပြောထားတာတွေနဲ့ တစ်ခုမှ မတူဘူး။ သူတို့ တစ်ယောက်ကို တစ်ယောက် ပြောနေကြတာလား၊ အမေ့ကို ပြောနေတာလားဆိုတာလည်း အမေမသိဘူး။ သူတို့မှာ မျက်နှာမှ မရှိတာကိုး။ အမေလည်း (ဖျပ်ဖျပ်-၁) ကို ထပ်ပြောကြည့်တယ်။ ဒါပေမယ့် ဘယ်လိုမှ မတုံ့ပြန်ကြဘူး။

"နီးတောင် မနီးစပ်ပါဘူး" လို့ အမေ ညည်းလိုက်တယ်။

"ဆရာမမို့ အဲလိုအသံမျိုး လုပ်ပဲလုပ်တတ်တယ်ဗျာ။ လေးစားပါရဲ့။ ကျွန်တော့် ဆတ်ခေါ်သံများ ကြားစေချင်စမ်းတယ်။ ခေါ်လိုက်တာနဲ့ ဆတ်တွေ တန်းနေအောင် ပြေးတာပဲ"

အမေ နောက်ထပ် နှစ်ခါသုံးခါလောက် ထပ်စမ်းကြည့်သေးတယ်။ ဒါပေမယ့် သတ္တာဖူးနှစ်ယောက်လုံး ဘယ်လိုမှမတုံ့ပြန်ကြဘူး။ တုံ့ပြန်ရင်လည်း အမေမြင် နိုင်တဲ့နည်းနဲ့ တုံ့ပြန်တာ မဟုတ်ဘူးနေမယ်။ သူတို့ကိုယ်တိုင် ပြောထားတဲ့ဟာကိုပြန်ဖွင့်ပြမှပဲ သူတို့ဆီက အတည်ပြုချက်ပြန်ရတယ်။ အဲဒီလိုဖွင့်ပြတိုင်း သတ္တာဖူးက (ဖျပ်ဖျပ် -၂) ကို ပြန်ပြောတယ်။ "Yes" ဆိုပါတော့။

“ဒါဖြင့် ကျွန်တော်တို့ အသံဖိုင်အဆင့်မှာပဲ တစ်နေပြီဆိုပါတော့” လို့ ဂယ်ရီကမေးတော့. . အမေက ခေါင်းညိတ်ပြီး “ယာယီပေါ့” လို့ ပြောလိုက်တယ်။

“ဒါဖြင့် အခု ဘာဆက်လုပ်မှာလဲ”

“အခု သူပြောနေတဲ့ စကားတွေက “ချစ်စရာလေးတွေနော်”တို့၊ “သူတို့ လုပ်နေတာကို ကြည့်လိုက်စမ်း” တို့ ဖြစ်မနေကြောင်း သေချာအောင် လုပ်ရမယ်။ ပြီးရင် ဒီစကားသုံးလုံးကိုပဲ တခြားသတ္တဖူးတွေပြောရင် ကျွန်မတို့ နားလည်မလား စမ်းသပ်ရမယ်။”

အမေက သူ့ကို လက်ဟန်ခြေဟန်နဲ့ ထိုင်ခိုင်းလိုက်တယ်။

“အေးအေးဆေးဆေး သာ ထိုင်ပေတော့။ ဒါက ကြာဦးမှာ”

※※※※

၁၇၇၀ ပြည့်နှစ်မှာ ကပ္ပတိန်ကွတ်ခ်ရဲ့ သင်္ဘော Endeavour ဟာ ဩစတေးလျတိုက် ကွင်းစ်လန်းကမ်းခြေကိုအရောက် ပျက်သွားခဲ့တယ်။ ပြင်ဆင်ရေး လုပ်တဲ့အဖွဲ့တွေ အလုပ်လုပ်နေတုန်း ကွတ်ခ်ဟာ အဖွဲ့ငယ်တစ်ဖွဲ့ကို ဦးဆောင်ပြီး စူးစမ်းလေ့လာရေး ထွက်ခဲ့ရာကနေ ရှေးဩစတေးလျ ဌာနေတိုင်းရင်းလူမျိုးတွေနဲ့ တွေ့ခဲ့တယ်တဲ့။ အဲဒီမှာ အကောင်ပေါက်လေးတွေကို ဗိုက်ကအိတ်ထဲ ထည့်ပြီး ခုန်ဆွခုန်ဆွ သွားနေတဲ့ သတ္တဝါတွေကိုမြင်တော့ သင်္ဘောသားတစ်ယောက်က လက်ညှိုးထိုးပြီး အဲဒါဘာကောင်လဲ လို့ ရှေးလူတစ်ယောက်ကို မေးလိုက်တယ်။ ရှေးလူက “ကန်ဂုရု” လို့ဖြေတယ်။ အဲဒီကစလို့ ကွတ်ခ်နဲ့ သင်္ဘောသားတွေက အဲဒီ တိရိစ္ဆာန်ကို ကန်ဂရူး (Kangaroo) လို့ ခေါ်လိုက်ကြတယ်။ နောက်ပိုင်း အတော် ကြာမှ “ကန်ဂုရု” ဆိုတာ “ဘာပြောတာလဲဟင်” လို့ဆိုလိုမှန်း သူတို့ သိကြရတာတဲ့။

ဒီပုံပြင်ကို အမေ့ ပညာရပ်မိတ်ဆက်သင်တန်းမှာ နှစ်တိုင်းပြောတတ်တယ်။ ပုံပြင်က ဖြစ်ရပ်မှန်တော့ မဟုတ်ပါဘူး။ မဟုတ်တဲ့အကြောင်းလည်း တပည့်တွေကို နောက်ပိုင်းမှာ ရှင်းပြပါတယ်။ ဒါပေမယ့် အဲဒါ ဂန္ထဝင်ကိုယ်တွေ့ပုံဥပမာပဲပေါ့။ အမေ့သင်တန်းသား ဘွဲ့ကြိုကျောင်းသူကျောင်းသားတွေ တကယ်ကြားချင်တဲ့ အမေ့ကိုယ်တွေ့ပုံဥပမာတွေကတော့ သတ္တ ဖူးတွေအကြောင်းပေါ့။ အမေ့စာသင်သက် တစ်လျှောက်လုံးမှာ အမေ့ဘာသာရပ်ကို ကျောင်းသူကျောင်းသားတွေ ယူကြတဲ့ အကြောင်းရင်းကလည်း အဲဒီ ကိုယ်တွေ့ ဇာတ်လမ်းတွေ ကို ကြားချင်လို့ပဲလေ။ ဒီတော့ အမေ့ရဲ့ ကြေးမုံပြင်ဆက်ရှင်တွေကို မှတ်တမ်းတင်ထားတဲ့ ဗီဒီယိုတွေ ဖွင့်ပြရတယ်။ ပြီးတော့ တခြား ဘာသာဗေဒပညာရှင်တွေရဲ့ ကြေးမုံပြင်ဆက်ရှင်တွေ ကိုလည်း ဖွင့်ပြတယ်။ ဒီဗီဒီယိုတွေက သင်ကြားမှုမှာ အထောက်အကူဖြစ်တယ်။ ပြီးတော့ ကမ္ဘာကို

ဂြိုဟ်သားတွေ လာကြဦးမယ်ဆိုရင်လည်း ကောင်းကောင်းအသုံးဝင် လိမ့်မယ်။ ဒါပေမယ့် ကိုယ်တွေ့ဥပမာ ကောင်းကောင်းတော့ အဲဒီဗီဒီယိုတွေကနေ သိပ်မထွက်ပါဘူး။

ဘာသာစကားလေ့လာခြင်းနဲ့ပတ်သက်တဲ့ ကိုယ်တွေ့ဥပမာဆိုရင် အမေ အကြိုက်ဆုံးက ကလေးတွေရဲ့ ဘာသာစကားသင်ယူခြင်းအတွေ့အကြုံတွေပဲ။ အမေမှတ်မိသေးတယ်။ သမီးအသက် ငါးနှစ်အရွယ်မှာ မူကြိုကပြန်လာတဲ့ တစ်နေ့ပေါ့။ အမေက စာမေးပွဲအဖြေလွှာတွေစစ်နေတုန်း သမီးက ရောင်စုံ ဖယောင်းတံတွေ နဲ့ အရောင်ခြယ်နေလိမ့်မယ်။

သမီးက ပြောလိမ့်မယ် "မေမေ့" လို့။ သမီးတစ်ခုခုလိုချင်ရင် လေသံကို ခပ်ပေါ့ပေါ့လေး ဖြစ်အောင် တမင်သေချာလုပ်ယူပြီး ပြောတဲ့လေသံလေးနဲ့ပေါ့။

"သမီး မေးချင်လို့"

"ပြောလေ၊ သမီးလေး"

"သမီးလေ. . ဟိုဟာ . . . အပျိုမှု ဖြစ်မှာလား"

အမေက ဖျက်နေတဲ့ အဖြေလွှာကို ကြည့်နေရာကနေ မော့ကြည့်လိမ့်မယ်။ "ဘာကို ဆိုလိုတာလဲ"

"ကျောင်းမှာ ရှာရွန်ကပြောတယ်လေ. သူက အပျိုမှုဖြစ်တာတဲ့"

"ဟုတ်လား။ ဘယ်လိုကြောင့် ဖြစ်တာလို့ရော ပြောသေးလား"

"သူ့မမ မင်္ဂလာဆောင်တုန်းကတဲ့။ သူပြောတာလေ. . . အားလုံးထဲမှာ လူတစ်ယောက်ပဲ.. အာ.. အပျိုမှု ဖြစ်တာတဲ့။ အဲဒါ သူလုပ်လိုက်ရတာတဲ့။"

"အော်. . သဘောပေါက်ပြီ။ အပျိုရံမှူး ကို ပြောတာလား။ အပျိုရံတွေရဲ့ အကြီးအမှူးလေ"

"ဟုတ်တယ်။ အဲဒါပြောတာ။ သမီးရော အပျိုကြီးအမှု ဖြစ်မှာလား"

※※※※

အမေ ကြေးမုံစခန်းရဲ့ စစ်ဆင်ရေးဌာနချုပ်ဖြစ်တဲ့ အဆောက်အဦထဲကို ဂယ်ရီနဲ့ ဝင်လိုက်ကြတယ်။ အထဲက မြင်ကွင်းကတော့ နိုင်ငံတစ်နိုင်ငံကို သိမ်းပိုက်ဖို့ စီစဉ်နေကြသလားမှတ်ရတယ်။ ဒါမှမဟုတ် ဆုတ်ခွာထွက်ပြေးဖို့ စီစဉ်နေတာလည်း စစ်သားတွေ အလုပ်တွေများနေကြတယ်။ တချို့က စစ်တပ်သုံး

လျှပ်စစ်ကိရိယာတွေ ဖြစ်နိုင်တာပဲ။ စခန်းဧရိယာရဲ့ မြေပုံကြီးပတ်လည်မှာ ကတုံးဆံတောက်ပြောင်ပြောင်နဲ့ ရှေ့မှာထိုင်ပြီး နားကြပ်နဲ့တွဲထားတဲ့ မိုက်ကရိုဖုန်းတွေနဲ့ စကားတွေပြောနေကြတယ်၊ အမေတို့ကိုတော့ ဗိုလ်မှူးကြီးဝက်ဘ်ဘာရဲ့ရုံးခန်းထဲ လိုက်ပို့ကြတယ်။ သူ့ရုံးခန်းက အဆောက်အဦရဲ့ နောက်ပိုင်းကျကျ လေအေးစက်အအေးဆုံးနေရာမှာ ရှိတယ်။

အမေတို့က ပထမဆုံးနေ့ရလဒ်တွေကို အစီရင်ခံကြတော့ သူက "သိပ်ခရီးရောက်ခဲ့ပုံ မရဘူးပဲ" လို့ပြောတယ်။

အမေက "ရှေ့ကို မြန်မြန်ဆန်ဆန် တိုးတက်အောင်လုပ်ဖို့ အိုင်ဒီယာတော့ ရှိပါတယ်။ ဒါပေမယ့် ပစ္စည်းကိရိယာတွေ ပိုသုံးရမှာမို့ ဗိုလ်မှူးကြီးက ခွင့်ပြုပေးဖို့တော့ လိုလိမ့်မယ်" လို့ပြောလိုက်တယ်။

"ဘာတွေများ လိုသေးလို့လဲ"

"ဒစ်ဂျစ်တယ် ကင်မရာတစ်လုံးရယ်၊ ဗီဒီယိုစခရင် ကြီးကြီးတစ်ခုရယ်" လို့ အမေကပြောပြီး အမေစဉ်းစားထားတဲ့ ပစ္စည်းပစ္စယအခင်းအကျင်းကို ပုံဆွဲပြလိုက်တယ်။ "စူးစမ်းလေ့လာတဲ့ လုပ်ငန်းစဉ်မှာ အရေးစနစ်ကို သုံးပြီး လုပ်ကြည့်ချင်တယ်။ စာလုံးတွေကို စခရင်မှာပြမယ်။ သူတို့ပြန်ရေးပြတဲ့စာလုံးတွေကို ကင်မရာ နဲ့ ရိုက်ထားမယ်။ သတ္တဖူးတွေလည်း အဲဒီလိုပဲ လုပ်ကြလိမ့်မယ်လို့ မျှော်လင့်ရတာပဲ"

ဝက်ဘ်ဘာက အမေဆွဲထားတဲ့ပုံကို သိပ်သဘောမပေါက်သလို ကြည့်နေတယ်။

"အဲဒီလိုလုပ်တော့ ဘာအကျိုးပိုထူးမှာလဲ"

"လောလောဆယ် ကျွန်မက အရေးစနစ်မရှိတဲ့ ဘာသာစကားတစ်ခုကို ချဉ်းကပ်ရာမှာသုံးတဲ့ နည်းလမ်းတွေကို သုံးထားတယ်။ ဒါပေမယ့် သတ္တဖူးတွေမှာလည်း စာအရေးစနစ် ရှိမှာပဲလို့ တွေးမိတယ်လေ"

"အဲဒီတော့"

သူတို့ရဲ့ အရေးစနစ်က ပုံစံတစ်ခုရှိနေလိမ့်မယ်၊ စံတစ်ခုလည်း တစ်သမတ်တည်း "အကယ်၍ သတ္တဖူးတွေ စာကို တစ်နည်းနည်းနဲ့ရေးတဲ့ပုံစံ ရှိခဲ့သော် ရှိနေလိမ့်မယ်။ သံရင်းတွေထက်စာရင် ပုံရင်းတွေကို ထောက်ကြည့်ရရင် ပိုလွယ်လိမ့်မယ်။ စာကြောင်းတစ်ကြောင်းမှာပါတဲ့ အက္ခရာတွေကို စာလုံးကောက်မယ် ဆိုရင် အဲဒီစာကြောင်းကို ပုံနှိပ်ထားတာကိုကြည့်ပြီး ကောက်တာက အဲဒီစာကြောင်းကို ရွတ်လိုက်တဲ့အသံကို နားထောင်ပြီး

ကောက်တာထက် ပိုလွယ်မယ်မို့လား"

"ဆရာမပြောချင်တာကို သဘောပေါက်တယ်" လို့ သူကပြောတယ်။ "ပြီးတော့ သူတို့ကိုရော ဘယ်လိုတုံ့ပြန်မှာလဲ။ သူတို့ပြတဲ့စာလုံးတွေ သူတို့ကို ပြန်ပြမှာ လား"

"ဆိုပါတော့။ ပြီးတော့ သူတို့ စကားလုံးတစ်လုံးနဲ့ တစ်လုံးကြားမှာ ခြားနားလေးတွေ ထည့်ရေးတတ်မယ် ဆိုရင် သူတို့ရဲ့ပြောသံ အသံဖိုင်ကို ဒီအတိုင်း နားထောင်ပြီး ကျွန်မတို့ဖာသာ ခွဲခြမ်းကြည့်တာထက် အများကြီးနားလည်ရပိုလွယ် လိမ့်မယ်"

သူက ထိုင်ခုံနောက်မှီကို မှီထိုင်လိုက်ပြီး "ကျွန်တော်တို့ရဲ့ နည်းပညာတွေကို အတတ်နိုင်ဆုံး မပြချင်ဘူး။ အဲဒါ သိတယ်မို့လား"

"နားလည်ပါတယ်။ ဒါပေမယ့် စက်ပစ္စည်းတွေကို ကြားခံအဖြစ်သုံးပြီးသား ဖြစ်နေပြီပဲ။ သူတို့တွေသာ စာအရေးစနစ်ကို သုံးပြအောင် လုပ်နိုင်မယ်ဆိုရင် အခုလို ဂရပ်တွေ သုံးနေတာထက် ပိုပြီးခရီးတွင်လိမ့်မယ်လို့ ကျွန်မယုံတယ်"

ဗိုလ်မှူးကြီးက ဂယ်ရီကိုကြည့်တယ်။

"ခင်ဗျားအမြင်ကရော"

"ကျွန်တော့်အမြင်ပြောရရင် ဒီအိုင်ဒီယာ ကောင်းသားပဲ။ ကျွန်တော်တို့ရဲ့ မော်နီတာစခရင်တွေကို သူတို့သတ္တဖူးတွေ ကြည့်တတ်ပါ့မလားလို့ ကျွန်တော်လည်း သိချင်တယ်။ သူတို့ရဲ့ ကြေးမုံတွေမှာ သုံးထားတဲ့နည်းပညာက ကျွန်တော်တို့ရဲ့ ဗီဒီယိုစခရင်တွေမှာသုံးတဲ့ နည်းပညာနဲ့ ဘာမှမဆိုင်ဘူး။ ကျွန်တော်တို့ သိထားသလောက်ဆိုရင် သူတို့က ပစ်ဆယ် (pixel) တွေမသုံးဘူး၊ စကင်န်လိုင်း (scan line) တွေနဲ့ ပြတာလည်း မဟုတ်ဘူး။ ဖရိမ်တစ်ခုပြီးတစ်ခု ပြတာလည်း မဟုတ်ဘူး"

"ဗီဒီယိုစခရင်က စကင်န်လိုင်း (Scan line) တွေကြောင့် သတ္တဖူးတွေ ဘာမှ ဖတ်မရပြုမရ ဖြစ်ကြမယ်ထင်လား"

"ဖြစ်နိုင်တာပဲ" လို့ ဂယ်ရီက ဖြေတယ်။

"စမ်းကြည့်မှ သိတော့မှာပဲ"

ဝက်ဘ်ဘာက စဉ်းစားနေတယ်။ အမေ့အတွက်ကတော့ ဒါ တောင်းဆို နေစရာတောင် မလိုတဲ့ကိစ္စ။ သူ့အတွက်ကျတော့ ဆုံးဖြတ်ရခက်တဲ့ကိစ္စ ဖြစ်နေတယ်။ ဒါပေမယ့် စစ်သားပီပီ ခပ်မြန်မြန်ပဲ ဆုံးဖြတ်ချက်ချတယ်။

“ခွင့်ပြုတယ်။ လိုအပ်တာတွေ သွင်းယူလာဖို့ အပြင်က တပ်ကြပ်ကြီးနဲ့ ပြောပါ။ မနက်ဖြန် အားလုံးအဆင်သင့် ဖြစ်နေပါစေ”

※※※※

သမီးဆယ့်ခြောက်နှစ်အရွယ်တုန်းက နွေရာသီတစ်နေ့ကို အမေမှတ်မိသေးတယ်။ ဒီတစ်ခါ ချိန်းထားတဲ့သူလာမှာကို စောင့်မျှော်နေရတာက အမေကိုယ်တိုင် ပဲပေါ့။ သမီးလည်းစောင့်နေမှာ အသေအချာ ပါပဲ။ အမေ့လူက ဘယ်လိုပုံမျိုးလဲဆိုတာ သမီးလည်း စပ်စုချင်တာပဲလေ။ ပြီးတော့ သမီးရဲ့သူငယ်ချင်း ဆံပင်ရွှေရောင်နဲ့ တစ်ယောက်လေ၊ နာမည်ကလည်း ထူးထူးဆန်းဆန်း ရှော့ဆီတဲ့၊ သူကလည်း သမီး နဲ့အတူ ရှိနေမှာ။ နှစ်ယောက်သား တွတ်ထိုးပြီး တခွိခွိလုပ်နေကြမှာ။

အဲဒီမှာ အမေက နောက်ဆုံးအကြိမ်အဖြစ် ကိုယ့်ကိုယ်ကို မှန်ထဲမှာ တစ်ပတ်လည်ကြည့်ရင်း ပြောလိမ့်မယ်။ “သူဘယ်လိုပုံရှိတယ် ဘာညာမှတ်ချက်တွေ ချချင်စိတ်ပေါက်မယ်ဆိုရင် အနည်းဆုံး အမေတို့ အပြင်ထွက်သွားတဲ့အထိတော့ စောင့်ကြနော်”

သမီးကပြောမယ်. . “မပူပါနဲ့အမေရယ်. . . သူမသိအောင် ပြောမှာပေါ့။ ဟဲ့ ရှော့ဆီ. . . နင်က ငါ့ကို ဒီညရာသီဥတု ဘယ်လိုရှိမယ်ထင်လဲလို့ မေး။ ငါက အမေ့လူ ဘယ်လိုဘယ်ပုံဆိုတာ ငါထင်တာကို ပြောမယ်”

“အေး” လို့ ရှော့ဆီက ပြောလိမ့်မယ်။

“ဟေ့အေး. . . လုံးဝ လုံးဝ မလုပ်ရဘူး” လို့ အမေက ပြောလိမ့်ဦးမယ်။

“အေးဆေးပါ အမေရယ်. . . သူသိမှာ မဟုတ်ပါဘူး။ သမီးတို့က ဒါမျိုး လုပ်နေကျ”

“အော်. . အေးအေး၊ အမေ စိတ်အေးရပါပြီ” လို့ အမေက ရွဲ့ပြောဦးမယ်။

ခဏနေတော့ နယ်လ်ဆန် ရောက်လာလိမ့်မယ်။ အမေက မိတ်ဆက်စရာ ရှိတာ မိတ်ဆက်ပေးမယ်။ ပြီးရင် အားလုံး အိမ်ရှေ့ကပြင်လေးမှာ အလ္လာပသလ္လာပ နည်းနည်းပါးပါး ပြောကြဦးမယ်။ နယ်လ်ဆန်က ကြမ်းရှရှနဲ့ ယောကျ်ားပီသတဲ့ရုပ်မျိုး။ သမီးလည်း အမေနဲ့သူ့ကို သဘောတူနေတာ သိသာတယ်။ အမေတို့ သွားခါနီးလေး ကပ်ပြီး ရှော့ဆီက ဘာရယ်မဟုတ်မေးလိုက်သလိုလေသံနဲ့ “ဒီည ရာသီဥတု ဘယ်လိုရှိမယ်ထင်လဲ” လို့ သမီးကို လှမ်းမေးမယ်။

“ရာသီဥတုကတော့ ရေရေလည်လည်ကို ဟော့မယ့်ပုံပဲ” လို့ သမီးက ဖြေလိမ့်မယ်။ ရော့ဆီက ခေါင်းတဆတ်ဆတ်ညိမ့်ပြီး ထောက်ခံမှာပေါ့။

“ဟုတ်ရဲ့လား၊ အေးမယ်လို့ မိုးလေဝသသတင်းမှာ ကြားမိသလားလို့” နယ်လ်ဆန်က ဝင်ပြောမယ်။

သမီးက “ဒါမျိုးတွေမှာ ဆဋ္ဌမအာရုံရှိတယ်” လို့ ဖြေပြန်ဦးမယ်။ သမီး မျက်နှာမှာကျ ဘာအရိပ်အယောင်မှ ပြမှာမဟုတ်ဘူး။

“တော်တော်လေး ပူစပ်ပူလောင်မယ် ထင်တယ်နော့်။ အမေလည်း အဝတ်အစားရွေးတာ မှန်သွားတယ်နော်”

အမေ သမီးကို မျက်လုံးပြူးပြမိလိမ့်မယ်။ ပြီးတော့ ဂွတ်နိုက်လို့ နှုတ်ဆက်မယ်။

နယ်လ်ဆင်နဲ့အတူ ကားဆီကို ဆင်းသွားတော့ လမ်းမှာ သူက ခပ်ရွှန်းရွှန်းနဲ့ “တစ်ခုခု ဖြစ်နေကြတယ်မို့ လား. . ဘာလဲတော့မသိဘူး” လို့မေးလိမ့်မယ်။

“အတွင်းလူတွေပဲသိတဲ့ ဟာသလေးပါ ရှင်းတော့မပြပါရစေနဲ့” လို့ အမေက ရေရွတ်ရလိမ့်ဦးမယ်။

※※※※

ကြေးမုံမှာ နောက်တစ်ဆက်ရှင်စကြတဲ့အခါ အမေတို့ အရင်တစ်ခေါက်က လုပ်ခဲ့တဲ့ လုပ်ငန်းစဉ်ကိုပဲ ထပ်လုပ်ကြတယ်။ ဒီတစ်ခါတော့ ပြောတဲ့စကားတိုင်းကို ကွန်ပျူတာဖန်သားပြင်မှာ တစ်ခါတည်းပြပေးတယ်။ “လူသား”လို့ ပြောတဲ့အခါ ကွန်ပျူတာမှာ လူသားလို့ရေးပြတာ စသဖြင့်ပေါ့။ တဖြည်းဖြည်းနဲ့ သတ္တဖူးတွေလည်း သဘောပေါက်သွားကြပြီး စခရင်ပြားပြားဝိုင်းဝိုင်းတစ်ခုကို စင်လေးနဲ့ ထောင်လိုက်ကြတယ်။ ပြီးတော့ သတ္တဖူးတစ်ယောက်က စကားတစ်ခွန်းပြောတယ်။ ပြီးတော့ ခြေတစ်ချောင်းကို စင်မှာတပ်ထားတဲ့ ပလပ်ပေါက်ကြီးထဲ ထိုးထည့်လိုက်တယ်။ အဲဒီမှာ လျှောက်ခြစ်ထားသလို စာလုံးတစ်လုံး (စာလုံးက အင်္ဂလိပ်စာလုံး လက်ရေး ဆက်အက္ခရာလို တွန့်တွန့်ဆက်ဆက်ပုံစံမျိုး) စခရင်အဝိုင်းပြားမှာ ပေါ်လာတယ်။

မကြာခင်ပဲ အမေတို့ လုပ်ငန်းစဉ်တစ်ခု သတ်သတ်မှတ်မှတ် ရှိလာကြပြီ။ အမေက စကားအုပ်စုနှစ်စုခွဲပြီး မှတ်သားထားတယ်။ တစ်စုက ပြောစကား။ နောက်တစ်စုက ရေးစကား။ ပထမဆုံးအမြင်ကတော့ သူတို့ရဲ့စာအရေးက တရုတ်စာလုံးလို စာလုံးတစ်လုံး အဓိပ္ပာယ်တစ်မျိုး ဖြစ်ပုံရတယ်။ စိတ်ပျက်စရာ နည်းနည်းဖြစ်တာပေါ့။

အမေက သူတို့ ပြောစကားကို သင်ယူရာမှာ အထောက်အကူဖြစ်စရာ အက္ခရာ အရေးအသားမျိုး တွေ့ချင်တာ။ သူတို့ရဲ့စာလုံးတွေမှာ အသံထွက်နဲ့ဆိုင်တဲ့ အချက် အလက် ပါကောင်းပါနိုင်တယ်။ ဒါပေမယ့် အဲဒီအချက်အလက်ကို လိုက်ရှာဖို့ တော် တော်ခက်လိမ့်မယ်။

အမေက ကြေးမုံနားကိုကပ်သွားပြီး သတ္တဖူးတွေရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်း တွေကို လက်ညှိုးထိုးပြတယ်။ ခြေလက်တွေ၊ ခြေချောင်းလေးတွေ၊ မျက်လုံးတွေ စသဖြင့်ပေါ့။ ပြီးတော့ အဲဒီအစိတ်အပိုင်းတွေကို နာမည်တပ်ပြတယ်။ သူတို့ရဲ့ ခန္ဓာကိုယ်အောက်ပိုင်းမှာလည်း ဒွါရပေါက်တစ်ခု ရှိတာတွေ့ ရတယ်။ အဲဒီအပေါက်က အရိုးတွန့်ကွင်းတွေနဲ့ အနားကွပ်ထားတယ်။ အစာစားတဲ့အပေါက် ဖြစ်မှာပေါ့။ ခန္ဓာကိုယ်အပေါ်ဖက်က အပေါက်ကတော့ အသက်ရှူဖို့နဲ့ စကားပြောဖို့ဖြစ်မယ်။ တခြားမြင်သာထင်ရှားတဲ့ ဒွါရပေါက်တွေ မတွေ့ရဘူး။ သူတို့ရဲ့ ပါးစပ်နဲ့စအိုက တစ်ပေါက်တည်းလည်း ဖြစ်ချင်ဖြစ်နေမှာ။ ဒါမျိုးကျတော့ ချက်ချင်းကြီးသွားမေးလို့ မကောင်းဘူးလေ။

အမေတို့ရဲ့ ဂြိုဟ်သားသတင်းပေးနှစ်ယောက်ကို ပုဂ္ဂိုလ်တစ်ဦးနဲ့တစ်ဦး ဘယ်လိုခြားနား ခေါ်ဝေါ်ကြသလဲဆိုတာ မေးကြည့်သေးတယ်။ သူတို့မှာ နာမည် ဆိုတာရော ရှိသလားပေါ့။ သူတို့ရဲ့ အဖြေတွေကိုတော့ အမေတို့ ဘယ်အသံထွက် တတ်ပါ့မလဲ။ ဒီတော့ အမေနဲ့ဂယ်ရီတို့ အလုပ်တွင်အောင် ဂြိုဟ်သားနှစ်ယောက်ကို ဖလပ်ဖလပ်နဲ့ ဖရူးဖရူးလို့ နာမည်ပေးလိုက်တယ်။ အမေ သူတို့နှစ်ယောက်ကို ခွဲပြီး မှတ်မိနိုင်ပါ့မလား မသိဘူး။

※※※※

နောက်နေ့ကျတော့ ကြေးမုံရှိတဲ့ ရွက်ဖျင်တဲထဲ မဝင်ခင် ဂယ်ရီကို စကား ပြောဖြစ်တယ်။

“ဒီဆက်ရှင်မှာ ဆရာ့အကူအညီ လိုလိမ့်မယ်”

“ရတယ်လေ။ ဘာလုပ်ပေးရမလဲ”

“ကြိယာစာလုံးတွေ ပြောရမယ်။ အဲလိုပြောတဲ့အခါ ကိုယ်တိုင်လုပ်ပြတာထက် တခြားသူ လုပ်ပြတာကို ညွှန်ပြပြီးပြောရင် ပိုလွယ်မှာမို့ ကျွန်မက ကြိယာစာလုံးတွေကို ကွန်ပျူတာမှာရိုက်ပြမယ်။ ဆရာက အဲ့စာလုံးကို သရုပ်ဖော်ပြပေးပါလား။ ကျွန်မတို့ ကံကောင်းရင် သတ္တဖူးတွေလည်း ကျွန်မတို့ပြောချင်တာကို သဘောပေါက်ပြီး သူတို့ရဲ့ စကားလုံးတွေကိုလည်း ပြန်ရေးပြမှာပေါ့။ ဆရာသုံးဖို့ သရုပ်ပြ အထောက်အကူ ပစ္စည်းတွေလည်း ယူခဲ့တယ်”

“ရတာပေါ့” လို့ ဂယ်ရီက လက်ဆစ်တွေချိုးရင်းပြောလိုက်တယ်။ “ဆရာမ အဆင်သင့်ဖြစ်ရင် ကျွန်တော်လည်း အဆင်သင့်ပဲ”

အမေတို့နှစ်ယောက် ကံပုဒ်မလိုတဲ့ ကြိယာရိုးရိုးတွေနဲ့ လုပ်ငန်းစကြတယ်။ “လျှောက်လှမ်းသည်”၊ “ခုန်သည်”၊ “စကားပြောသည်”၊ “စာရေးသည်” စသဖြင့်။ ဂယ်ရီက ကြိယာတစ်လုံးစီကို အေးအေးလူလူ သရုပ်ဖော်ပြသွားတာ တစ်မျိုးတောင် ကြည့်ကောင်းနေသေးတော့တယ်။ ဗီဒီယိုကင်မရာတွေ ပတ်လည်ဝိုင်းနေပေမဲ့ နည်းနည်းမှ ရွံ့မနေဘူး။

အစပိုင်းမှာ သူတစ်ခုလုပ်ပြတိုင်း အမေက သတ္တဖူးတွေကို အဲဒါကို ဘယ်လိုခေါ်သလဲလို့ မေးရတယ်။ သိပ်မကြာဘူး။ သတ္တဖူးတွေလည်း အမေတို့ ဆိုလိုတာကို သဘောပေါက်သွားတော့တယ်။ အဲဒါနဲ့ ဖရူးဖရူးက ဂယ်ရီလုပ်ပြတာ တွေကို လိုက်လုပ်တယ်။ လိုက်လုပ်တယ်ဆိုတာထက် အဲဒီအပြုအမူတွေနဲ့ တန်းတူ ညီတဲ့ သတ္တဖူးအပြုအမူတွေကို လုပ်ပြတာဆိုပါတော့။ တစ်ချိန်တည်းမှာ ဖလပ်ဖလပ် က သူတို့ရဲ့ ကွန်ပျူတာကနေ စာနဲ့ရေးပြပြီး ပါးစပ်ကလည်း အသံထွက်ပြတယ်။

သူအသံထွက်ပြတဲ့ စကားလုံးတွေကို ဂရပ်နဲ့ကြည့်တော့ ‘သတ္တဖူး” ဆိုတဲ့ စကားလုံးကို အမေအကြမ်းဖျင်း မှတ်မိနေပြီ။ ကျန်တဲ့စကားလုံးတွေက ကြိယာပါတဲ့ စကားစုဖြစ်မယ်လို့ ယူဆရတယ်။ ဒီတော့ သူတို့မှာ ကံပုဒ်တို့ ကြိယာပုဒ်တို့ ရှိပုံပဲ။ တော်သေးတာပေါ့။

ဒါပေမယ့် သူတို့ရဲ့ ရေးစာကျတော့ အဲဒီလောက်မရှင်းဘူး။ တစ်ခုခုလုပ်ပြတိုင်း စာလုံး နှစ်လုံးရေးမယ့်အစား တစ်လုံးပဲ ရေးပြတယ်။ အစတုန်းက ကံပုဒ်မပါဘဲ “လျှောက်” လို့ တစ်လုံးတည်း ရေးပြတာထင်နေတာ။ ဒါပေမယ့် ဖလပ်ဖလပ်က ပါးစပ်က “သတ္တဖူး လျှောက်” လို့ပြောပြီး၊ ရေးတဲ့အခါကျ ဘာလို့ “လျှောက်” လို့ တစ်လုံးတည်း ရေးတာလဲ။ အဲဒီမှာ တချို့စာလုံးတွေက “သတ္တဖူး” ဆိုတဲ့ စာလုံး ပေါ်မှာမှ အတက်အပိုလေးတွေ ထပ်ထည့်ထားတာမျိုးကို တွေ့ရတယ်။ ဒါဆိုရင် သူတို့ရဲ့စာမှာ ကြိယာပုဒ်ကို နာမ်ပုဒ်စာလုံးထဲမှာ ထည့်ရေးရတာမျိုး ဖြစ်နိုင်တယ်။ ဒါဖြင့်ရင် ဖလပ်ဖလပ်က ဘာလို့ တစ်ခါတလေကျ နာမ်ပုဒ်ထည့်ရေးပြီး တစ်ခါ တလေကျ နာမ်ပုဒ်မပါဘဲ ရေးပြန်တာလဲ။

ဒါနဲ့ ကံပုဒ်လိုတဲ့ ကြိယာစာလုံးနဲ့ စမ်းသပ်ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်၊ ကံပုဒ်နေရာမှာ နာမ်အမျိုးမျိုး ပြောင်းထည့်ပေးကြည့်ရင် ဒီကိစ္စရှင်းသွားမှာပဲ၊ အမေယူလာတဲ့ သရုပ်ပြပစ္စည်းတွေထဲမှာ ပန်းသီးတစ်လုံးနဲ့ ပေါင်မုန့်တစ်ချပ်လည်း ပါတယ်။ အဲဒါနဲ့ ဂယ်ရီကို ပြောလိုက်တယ်။ “အိုခေ. . . သူတို့ကို စားစရာတစ်ခု အရင်ပြမယ်၊ ပြီးရင်စားပြမယ်။ အရင်ဆုံး ပန်းသီး၊ နောက်တော့ ပေါင်မုန့်နဲ့လုပ်ပြပါ”

ဂယ်ရီက ရွှေရသာပန်းသီးကို လက်ညှိုးထိုးပြလိုက်တယ်။ ပြီးတော့ တစ်ကိုက် ကိုက်ပြတယ်။ တစ်ချိန်တည်းမှာ အမေက အဲဒါကို ဘယ်လိုခေါ်လဲလို့ မေးတဲ့ ဟန် လုပ်ပြတယ်။ နောက်တစ်ခါ ပေါင်မုန့်ချပ်နဲ့လည်း အဲဒီလိုပဲ လုပ်ပြလိုက်ကြတယ်။

ဖရူးဖရူးက အခန်းထဲကနေ ထွက်သွားတယ်။ ပြန်လာတော့ သစ်မာစေ့လိုလို ဘူးသီးလိုလို ဟာကြီးတစ်လုံးရယ်၊ ဂျယ်လီလို တုန်တုန်တုန်တုန်နဲ့ ဥပုံစံဟာကြီး တစ်လုံးရယ် ပါလာတယ်။ ဖရူးဖရူးက ဘူးသီးကို ညွှန်ပြတဲ့အခါ ဖလပ်ဖလပ်က စာလုံးတစ်လုံး ရေးပြတယ်။ ပြီးတော့ ဖရူးဖရူးက ဘူးသီးကြီးကို သူ့ပေါင်ခြံကြားထဲ ထည့်လိုက်တယ်။ အဲဒီမှာ ဂျွတ်ဂျွတ်မြည်သံတွေ ထွက်လာတယ်။ ပြီးတော့ ဘူးသီးကြီး ပေါင်ကြားထဲက ပြန်ထွက်လာတဲ့အခါ ဘူးသီးမှာ ကိုက်ရာကြီးပါလာတာကို တွေ့ရတယ်။ ဘူးသီးအခွံ အတွင်းထဲမှာ ပြောင်းဖူးစေ့လို့ အစေ့တွေအပြည့်ပဲ။ ဖလပ်ဖလပ်က ပါးစပ်က တစ်ခုခုပြောရင်း သူတို့ရဲ့ စခရင်မှာ စာလုံးကြီးတစ်လုံး ရေးပြတယ်။ အသံသွင်းထားတဲ့ ဂရပ်ကို ကြည့်လိုက်တော့ “ဘူးသီး” ဆိုတဲ့ စာလုံးကို သူ့ချည်းပဲ ပြောတဲ့အသံထွက်နဲ့၊ စာကြောင်းတစ်ကြောင်းထဲ ထည့်ပြောတဲ့အသံထွက်နဲ့ မတူတာ ကို တွေ့ရတယ်။ တချို့နာမ်ပုဒ်တွေက သူ့ချည်းပဲ ပြောတဲ့အခါ အသံထွက်တစ်မျိုး ဝါကျထဲထည့်သုံးတဲ့အခါ ကံနေရာ၊ ကတ္တားနေရာကိုလိုက်ပြီး အသံထွက်နည်းနည်း ပြောင်းတတ်တယ်။ အဲလိုပြောင်းတာကို case marker လို့ ခေါ်တယ်လေ။ အဲဒါ ဖြစ်ချင်ဖြစ်မှာပေါ့။ ရေးပြတဲ့ စာလုံးကတော့ ထူးဆန်းတယ်။ စေ့စေ့စပ်စပ် လေ့လာကြည့်တဲ့အခါ “သတ္တဖူး” စာလုံး နဲ့ “ဘူးသီး” စာလုံးမှာပါတဲ့ အတွန့်အတက်တွေကို ဒီစာလုံးထဲမှာလည်း တွေ့ရတယ်။ အဲဒီစာလုံးနှစ်လုံးကို ရောသမမွှေပြီး ရေးထားသလိုပဲ။ ပြီးတော့ နောက်ထပ် အတွန့်အတက်အသစ်တွေလည်း ထပ်ထည့်ထားသေးတယ်။ အဲဒီအသစ်တွေက “စားသည်” ဆိုတဲ့ အဓိပ္ပာယ်ဖြစ်မယ်ထင်တာပဲ။ ဒါဖြင့်ရင် စာလုံးတစ်လုံးတည်းမှာ စကားလုံးတစ်လုံးထက် ပိုပြီးပါတဲ့ ပေါင်းဆက်နွယ် အရေး စနစ်မျိုးများလား။

အဲဒီနောက် ဂျယ်လီဥကြီးရဲ့ နာမည်ကို အသံထွက်ရယ်၊ စာလုံးရယ် သင်ကြတယ်။ ပြီးတော့ ဂျယ်လီဥစားတယ် ဆိုတာကိုလည်း အသံထွက်ရယ် စာလုံးရယ် ဆက်သင်ကြတယ်။ “သတ္တဖူး ဂျယ်လီဥ စားသည်” ဆိုတဲ့ အသံလှိုင်းဂရပ်ကတော့ ခွဲခြမ်းစိတ်ဖြာရ သိပ်မခက်လှဘူး။ ထင်တဲ့အတိုင်းပဲ “ဂျယ်လီဥ” ဆိုတဲ့ နာမ်မှာ case-marker ပါတယ်။ စာနဲ့ရေးပြတဲ့ဟာကျတော့ စာကြောင်းတစ်ကြောင်းလုံးကို စာလုံးကြီး တစ်လုံးတည်းနဲ့ ရေးထားတယ်။ အဲဒီ စာလုံးကြီးကိုတော့ ဘယ်ကနေ စကောက်ရမယ်မှန်းတောင် မသိတော့ဘူး။ စာကြောင်းထဲမှာပါရမယ့် စာလုံးတွေ အားလုံးကို ရောမွှေထားရုံတင်မကဘူး၊ “သတ္တဖူး“ ဆိုတဲ့ စာလုံးက ပက်လက်လန် နေပြီး "ဂျယ်လီဥ” ဆိုတဲ့ စာလုံးက

သတ္တာဖူးစာလုံးပေါ်မှာ ဒေါင်လိုက်ကြီးဆင့်ထား သလိုပဲ။

"ဟယ်တော့..."

အဲဒါနဲ့ စောစောပိုင်းတုန်းက မဖတ်တတ်ခဲ့တဲ့ ကံမဲ့ကြိယာ စာလုံးတွေကို ပြန်ကြည့်လိုက်တယ်။ လက်စသတ်တော့ ကြိယာတိုင်းမှာ "သတ္တာဖူး" ဆိုတဲ့ စာလုံးက ရောမွှေပြီးပါနေတာကိုး။ ဒါပေမယ့် တစ်သမတ်တည်းလည်း မဟုတ်ဘူး။ နေရာ အမျိုးမျိုး ပုံစံအမျိုးမျိုးပြောင်းပြီး ပါနေတာ။ ဒါကြောင့် အစောပိုင်းက အမေ မဖတ်တတ်တာ။ "ဒီဂြိုဟ်သားတွေနဲ့တော့ ခက်နေပါပြီ. . " လို့ အမေက ရေရွတ်လိုက်တယ်။ ဂယ်ရီက "ဘာဖြစ်လို့လဲ" လို့မေးတယ်။

"သူတို့ရဲ့ ရေးစာက စာလုံးတစ်လုံးစီ ခြားထားတာ မဟုတ်ဘူး။ ဝါကျ တစ်ကြောင်း ရေးမယ်ဆိုရင် ဝါကျမှာပါဝင်တဲ့ စာလုံးတွေကို ပေါင်းစပ်ပြီးရေးကြတာ။ ပေါင်းစပ်တဲ့အခါမှာ စာလုံးတွေကို လှည့်တယ်၊ ပုံစံပြောင်းတယ်။ ဒီမှာကြည့်. . . "၊ အမေက ဂြိုဟ်သားစာလုံးတွေကို ပတ်လည်လှည့်ပြလိုက်တယ်။

ဂယ်ရီက "ဒီလိုရေးတော့ စာလုံးက ဘယ်လိုလှည့်နေနေ အဓိပ္ပာယ်တစ်မျိုးတည်း ထွက်တာပေါ့" လို့ပြောပြီး သတ္တာဖူးတွေကို လှည့်ကြည့်တယ်။ သူ တော်တော် အထင်ကြီးသွားပုံ ရတယ်။ "သူတို့ရဲ့ ခန္ဓာကိုယ်က အဝိုင်းသဏ္ဌာန် ခေါက်ချိုးညီနေ လို့များလား. . . သူတို့မှာ ရှေ့ဖက် နောက်ဖက် ဆိုတာ မရှိဘူး။ ဒီတော့ သူတို့ရဲ့ စာရေးစနစ်မှာလည်း ရှေ့နောက် မရှိဘူးပေါ့. . အထွတ်အထိပ်တိုင်အောင် သပ်ရပ်ပါပေတယ်"

ဖြစ်မှဖြစ်ရလေ ငါ့နှယ် "သပ်ရပ်" ဆိုတဲ့ နာမဝိသေသနကို "အထွတ်အထိပ် တိုင်အောင်" ဆိုတဲ့ ကြိယာဝိသေသနနဲ့ ပေါင်းစပ်သုံးတဲ့ လူစားမျိုးနဲ့ အလုပ်တွဲလုပ် နေရတာပါလား။ "စိတ်ဝင်စားဖို့ကောင်းတာ အမှန်ပဲ။ ဒါပေမယ့် ဒီလိုဆိုရင် ကျွန်မတို့ရဲ့ ဝါကျတွေကို သူတို့ရဲ့ဘာသာစကားနဲ့ချရေးဖို့ မလွယ်တော့ဘူး လို့လည်း ယူဆရလိမ့်မယ်။ သူတို့ပြောတဲ့ဝါကျတွေထဲက စကားလုံးတွေကို ကျွန်မတို့ဖာသာ ဖြတ်ချင်တိုင်း ဖြတ်တောက်ပြီး ပြန်ရောမွှေလို့ မရဘူး။ သူတို့ရဲ့ အရေးစနစ် နည်းနိသယျကို သေသေချာချာလေ့လာပြီးမှ ကျွန်မတို့ လိုက်ရေးရမယ်။ ဆိုတော့ကာ... မနေ့က သူတို့ရဲ့စကားသံကနေ စာလုံးတစ်လုံးစီ ဖြတ်တောက်ယူလို့ မရခဲ့သလိုပဲ၊ အခု စာအရေးအသားကနေလည်း ဖြတ်တောက်ယူလို့ မရပြန်ဘူး"

ကြေးမုံထဲမှာ အမေတို့ကို စောင့်နေတဲ့ ဖလပ်ဖလပ်နဲ့ ဖရူးဖရူးကို အမေ လှမ်းကြည့်ပြီး သက်ပြင်းချမိတယ်။ "ရှင်တို့ကတော့ မလွယ်ကြောပဲနော်။ ဟုတ်လား..."

※※※※

တကယ်တမ်းပြောကြကြေးဆို သတ္တဖူးတွေက အမေတို့လိုအပ်သမျှ အပြည့်အဝ ပူးပေါင်းပါဝင် ကြရှာပါတယ်။ အဲဒီနေ့ကစပြီး သတ္တဖူးစကားကို လျှောလျှောရှူရှူပဲ သင်ပေးကြတယ်။ အင်္ဂလိပ်စကားလည်း ပြန်သင်ပေးစရာ မလိုစေ ရအောင် နေပေးကြတယ်။ အဲဒီလို သဘောကောင်းရတဲ့ အကြောင်းရင်းနဲ့ အကျိုး ဆက်တွေကို ဗိုလ်မှူးကြီးဝက်ဘ်ဘာနဲ့ အပေါင်းအပါတွေက အကြိတ်အနယ် သုံးသပ်နေကြလေရဲ့။ အမေကတော့ တခြားကြေးမုံစခန်းတွေက ဘာသာဗေဒပညာရှင်တွေနဲ့ ဗီဒီယိုကောလ်တွေဆက်ပြီး သတ္တဖူး ဘာသာစကားနဲ့ပတ်သက်လို့ အမေတို့ သိထားသမျှကို ဖလှယ်ကြ၊ ဆွေးနွေးကြနဲ့ပေါ့။

ဗီဒီယိုကွန်ရက်တွေနဲ့ စည်းဝေးရတာက ဆွေးနွေးနေကြတဲ့ အလုပ်နဲ့ လိုက်ဖက်သိပ်မညီလှဘူး ထင်ရတယ်။ ဂြိုဟ်သားတွေရဲ့ ကြေးမုံနဲ့ယှဉ်ရင် အမေတို့ သုံးနေတဲ့ ဗီဒီယိုဖန်သားပြင်တွေက ရှေးဟောင်းပစ္စည်းတွေ ကျနေတာပဲလေ၊ ဒီတော့ ကိုယ့်လူသား လုပ်ဖော်ကိုင်ဖက်တွေထက် ဂြိုဟ်သားတွေက ကိုယ်နဲ့ပိုနီးနေ သယောင် ထင်ရတယ်။ ဆိုတော့ ကိုယ့်အချင်းချင်းက အဝေးကြီးမှာ ရောက်နေပြီး သူစိမ်းတွေက အနားရောက်နေသလို ဖြစ်နေတာပေါ့။ သတ္တဖူးတွေ အမေတို့ကမ္ဘာကို ဘာကြောင့်လာကြသလဲ ဆိုတဲ့ မေးခွန်းကိုမေးဖို့၊ နောက်ပြီး သူတို့ရဲ့ နည်းပညာတွေကို သင်ယူဖို့ ရူပဗေဒသဘောတရားတွေ ဆွေးနွေးနိုင်မယ့် အဆင့်ရောက်ဖို့ တော်တော်လိုသေးတယ်။ လောလောဆယ်တော့ အမေတို့ အခြေခံတွေကို အရင်စခင်းရတယ်။ သံရင်း၊ အက္ခရာရင်းတွေ၊ ဝေါဟာရတွေနဲ့ ဝါကျဖွဲ့ထုံးတွေကို လေ့လာရတာပေါ့။ ကြေးမုံစခန်းအားလုံးဆီက သတ္တဖူးတွေ အားလုံးဟာ ဘာသာစကားတစ်မျိုးတည်းကို သုံးနေကြတာဆိုတော့ အမေတို့ ဘာသာဗေဒ ပညာရှင်တွေလည်း ရသမျှအချက်အလက် အားလုံးကို ဘုံစုပေါင်းပြီး ဟန်ချက်ညီညီ ညှိနှိုင်းလုပ်ကိုင်လို့ ရကြတယ်။

အမေတို့ရဲ့ အကြီးဆုံးအခက်အခဲက သတ္တဖူး အရေးဘာသာစကားပဲ။ သူတို့ရေးတဲ့စာက စာလို့တောင် ပြောလို့မရဘူး။ အင်မတန်အနုစိတ်ပြီး ရှုပ်ထွေးတဲ့ ဂရပ်ဖစ်ဒီဇိုင်းကြီးတွေ ဆွဲထားသလိုပဲ။ စာလုံးတွေကိုလည်း အတန်းလိုက်စီတာလည်း မဟုတ်၊ အဝိုင်းလိုက် ရစ်ခွေပြီးစီတာလည်း မဟုတ်ဘူး။ စီကို မစီတာ။ ဖရူးဖရူးနဲ့ ဖလပ်ဖလပ်က စာကြောင်းတစ်ကြောင်း ရေးပြီဆိုရင် အဲဒီစာကြောင်းအတွက် လိုအပ်တဲ့ စာလုံးတွေ အကုန်လုံးကို ရောသမမွှေပြီး ရောမ စာလုံးအကြီးကြီးတစ်လုံးတည်း လုပ်ပစ်လိုက်တာ။

သူတို့ရဲ့ အရေးစနစ်ကိုကြည့်ရင် ရှေးက ပရိုင်းမိတ်တွေရဲ့ သင်္ကေတ အရေးစနစ်တွေကို သွားသတိရ မိလိမ့်မယ်။ အဲဒီလို စနစ်မျိုးက ရေးတဲ့သူ

ပြောချင်တဲ့ အကြောင်းအရာကို သိထားမှ ဖတ်လို့ရတာမျိုး။ ဒါကြောင့် ဒီလိုစနစ်ကို သုံးပြီး သတင်းအချက်အလက်တွေကို စနစ်တကျမှတ်တမ်းတင် လက်ဆင့်ကမ်းလို့ မရဘူးလို့ ယူဆကြတာရှိတယ်။ ဒါပေမယ့် သတ္တဖူးတွေ အခုလို မြင့်မားတဲ့ နည်းပညာအဆင့် အတန်းထိ ရောက်လာတာဟာ နှုတ်တက်အာဂုံဆောင်တဲ့နည်းနဲ့တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူးလေ။ ဒီတော့ အမေတို့ ကောက်ချက်သုံးမျိုး ချနိုင်မယ်။

နံပါတ်တစ် - သတ္တဖူးတွေမှာ တကယ့်အရေးစနစ်ရှိရဲ့သားနဲ့ အမေတို့ကို မပြချင်လို့ ဒီစနစ်ကိုပဲ ပြတာ။ ဒီကောက်ချက်ကို ဗိုလ်မှူးကြီးဝက်ဘ်ဘာတို့ အုပ်စုက သဘောတူလိမ့်မယ်။ နံပါတ်နှစ် - သတ္တဖူးတွေက သူတို့သုံးနေတဲ့ နည်းပညာကို သူတို့ကိုယ်တိုင် ထွင်ထားတာ မဟုတ်ဘူး။ သူတို့က တကယ်တော့ စာမတတ်ဘူး။ သူများဆီက နည်းပညာကို ယူသုံးနေကြတာ။ နောက်ဆုံး တတိယကောက်ချက် ကတော့ အမေစိတ်အဝင်စားဆုံးပေါ့။ အဲဒါက - သတ္တဖူးတွေ သုံးနေတဲ့ အရေး စနစ်ဟာ စစ်မှန်တဲ့ဘာသာစကား အရေးစနစ်တစ်ခုဖြစ်ပြီး စဉ်တန်းရေးထုံး မဟုတ်တဲ့ ရေးထုံးတစ်မျိုးကို သုံးထားတာဖြစ်တယ်ဆိုတဲ့ ကောက်ချက်ပဲ။

※※※※

သမီးအထက်တန်းကျောင်း ရောက်ခါစမှာ အမေနဲ့သမီး ပြောကြမယ့် စကားတွေကို အမေ သတိရသွားတယ်။ အဲဒီနေ့က တနင်္ဂနွေနေ့ မနက်ပိုင်းဖြစ်လိမ့် မယ်။ အမေက ကြက်ဥမွှေကြော် ကြော်နေမယ်။ သမီးက စားပွဲပေါ်မှာ ပန်းကန်ခွက် ယောက်တွေ နေရာချနေလိမ့်မယ်။ မနေ့ညက သမီးသွားခဲ့တဲ့ ပါတီအကြောင်း အမေ့ကို ပြန်ပြောပြရင်း သမီးရယ်နေလိမ့်မယ်။

သမီးကပြောလိမ့်မယ်။ “ကိုယ်အလေးချိန်ပေါ်မှာ မူတည်တယ်လို့ ပြောကြတာ အမှန်ပဲဆရာ. . . ယောကျ်ားလေးတွေ သောက်သလောက်တောင် မသောက်ပါဘူး။ ဒါပေမယ့် မူးတာကျတော့ သူတို့ထက် အများကြီး ပိုမူးတယ်... "

အမေက သာမန်ခပ်ပြုံးပြုံး မျက်နှာပေးလေး လုပ်ထားလိမ့်မယ်။ အတင်း ဖျစ်ညစ်ပြီး ကြိုးစားထားမှာပါနော်။ ဒါတောင် သမီးက “အော် အမေကလည်း...” လို့ ပြောဦးမှာ။

“ဘာလဲ..”

“အမေလည်း သမီးအရွယ်တုန်းက ဒါမျိုးတွေလုပ်ဖူးတာပဲမဟုတ်လားလို့”

အမေငယ်ငယ်တုန်းက ဒါမျိုးတစ်ခါမှ မလုပ်ဖူးပါဘူး။ ဒါပေမယ့် မလုပ်ဖူး ဘူးလို့ ဝန်ခံလိုက်ရင် သမီးက အမေ့ကို ကြည့်ညိုထားသမျှ

အကုန်ပျောက်ကုန်မှာလေ။ “မူးရင်မမောင်းနဲ့၊ မောင်းရင်မမူးနဲ့။ သူများကားကိုလည်း လိုက်မစီး. . . . ”

“အမယ်လေး သိပါတယ် အမေရယ်. . . သမီးကို ငတုံးထင်လို့လား”

“မထင်ပါဘူး မထင်ပါဘူး. .. ”

ဟုတ်တယ်။ မထင်ပါဘူး။ သမီးဟာ အမေနဲ့ တစ်စက်ကလေးမှ မတူပါလား လို့ပဲ တွေးနေမှာ။ သမီးဟာ အမေ့ကိုယ်ပွားလေး ဖြစ်လာမှာမဟုတ်ကြောင်းကို ဒီ အဖြစ်အပျက်ကြောင့် ပြန်သတိရသွားဦးမှာ။ သမီးက အမေ့ရင်ကို နွေးစဉ်လှုပ်ခတ် ကြည်နူးစေတဲ့ အံ့ဩဖွယ်ဆည်းလည်းလေးဖြစ်လိမ့်မယ်။ ဒါပေမယ့် သမီးလို လူတစ်ယောက်ကို အမေ့ဖာသာ တယောက်တည်း ဖန်တီးနိုင်မှာ မဟုတ်ဘူး။

※※※※

အမေတို့အတွက် ရုံးခန်းတွေကို စစ်တပ်က နောက်တွဲယာဉ်တစ်စီးထဲမှာ ဖွဲ့ပေးထားတယ်။ နောက်တွဲယာဉ်ဆီကို ဂယ်ရီလျှောက်သွားတာ မြင်လိုက်တာနဲ့ အပြေးကလေး လိုက်သွားပြီး စကားပြောလိုက်တယ်။

“အဲဒါ ဆမေဆီယောဂရပ်ဖစ် စာလုံးတွေ” အမေက သူ့ကို လိုက်မီတာနဲ့ ပြောလိုက်တယ်။

"ခင်ဗျာ ..."

“လာ.. ကျွန်မပြမယ်”

ဂယ်ရီကို အမေ့ရုံးခန်းထဲ ခေါ်သွားလိုက်တယ်။ အထဲရောက်တာနဲ့ ကျောက်သင်ပုန်းမှာ စက်ဝိုင်းတစ်ဝိုင်း ဆွဲပြီး စက်ဝိုင်းထဲမှာ ထောင့်ဖြတ်မျဉ်း တစ်ကြောင်း ဆွဲလိုက်တယ်။ “ဒါ ဘာအဓိပ္ပာယ်လဲ”

“တားမြစ်သည် ဆိုတဲ့ အဓိပ္ပာယ်လား”

“ဟုတ်တယ်”

အမေက အဲဒီစက်ဝိုင်းရဲ့ဘေးမှာ “တားမြစ်သည်” ဆိုတဲ့ စကားလုံးကို ချရေးလိုက်တယ်။ “ဒီဟာကလည်း တားမြစ်သည်ဆိုတဲ့ အဓိပ္ပာယ်ကို ဆောင်တာပဲ။ ဒါပေမယ့် ဒီနှစ်ခုထဲမှာ တစ်ခုကပဲ ဘာသာစကားကို ကိုယ်စားပြုတယ်”

ဂယ်ရီက ခေါင်းညိတ်ပြီး “အိုခေ. . . ” လို့ပြောတယ်။

“ဘာသာဗေဒသမားတွေက ဒီလိုစာမျိုးကို...” အမေက စာလုံးနဲ့

ရေးထားတာကို ပြပြီး "ဂလေဇ့တိုဂရဖစ်"လို့ခေါ်တယ်။ စကားသံကို ကိုယ်စားပြုတဲ့ သင်္ကေတတွေမို့လို့။ ကျွန်မတို့လူသားတွေရဲ့ ရေးစာတွေအားလုံး ဒီထဲမှာ အကျုံးဝင်တယ်။ ဒါပေမယ့် ဒီဖက်ကသင်္ကေတ. . . " အမေက စက်ဝိုင်းနဲ့မျဉ်းပုံကို ပြလိုက်တယ်။ ". . ကျတော့ ဆမေဆီယောဂရပ်ဖစ် ရေးနည်းဖြစ်တယ်။ သူက စကားသံနဲ့ အဆက် အစပ်မရှိဘဲ သူ့ဖာသာအဓိပ္ပာယ်ရှိတယ်။ သူ့ ရဲ့ ဘယ်အစိတ်အပိုင်းကမှ ဘယ်အသံနဲ့မှ အဆက်အစပ်မရှိဘူး"

"ဒီတော့ သတ္တဖူးစာတွေအားလုံး ဒါမျိုးတွေဖြစ်မယ်လို့ ယူဆတယ် ဆိုပါတော့"

"ခုချိန်ထိ တွေ့ထားသမျှပေါ်မှာ မူတည်ပြီး အဲဒီလိုဆိုလို့နိုင်တယ်။ သူက အရုပ်စာလည်း မဟုတ်ဘူး။ အရုပ်စာထက် အများကြီးပိုရှုပ်ထွေးတယ်။ သူ့မှာ ဝါကျဖွဲ့နည်း စနစ်တကျရှိတယ်။ သူ့ ဝါကျဖွဲ့ထုံးကလည်း နှုတ်ထွက်စကားရဲ့ ဝါကျဖွဲ့ထုံးနဲ့ ဆက်စပ်မှု မရှိပြန်ဘူး။ အမြင်အားဖြင့်ဖွဲ့သော ဝါကျဖွဲ့ထုံးလို့ ဆိုရမယ်"

"အမြင်နဲ့ဝါကျဖွဲ့တာ ဆိုတာက.. ကျွန်တော့်ကို ဥပမာတစ်ခုလောက် ပြလို့ရမလား"

"လာမယ်လေ. . ."

အမေက စားပွဲမှာသွားထိုင်ပြီး ကွန်ပျူတာကို ဖွင့်လိုက်တယ်။ ပြီးတော့ မနေ့က ဖရူးဖရူးနဲ့ စကားပြောထားတဲ့ ဖိုင်တွေကို ဖွင့်တယ်။ ပြီးတော့ ဂယ်ရီလည်း ကြည့်ရအောင် မော်နီတာကို သူ့ဖက်လှည့်ပေးလိုက်တယ်။

"သူတို့ရဲ့ နှုတ်ထွက်ဘာသာစကားမှာ ကတ္တားနေရာ၊ ကံနေရာကို လိုက်ပြီး နာမ်ပုဒ်တွေမှာ case-marker တစ်မျိုးစီပါတယ်။ သူတို့ရဲ့ အရေးဘာသာစကားမှာကျတော့ အဲဒီနာမ်နဲ့ ဆက်စပ်နေတဲ့ ကြိယာသင်္ကေတပေါ်မှာ နာမ်သင်္ကေတကို ကတ္တားဖြစ်ရင် တစ်မျိုး၊ ကံဖြစ်ရင် တစ်မျိုး လှည့်ကပ် ထားတယ်။ ဒီမှာကြည့် ..."

အမေက ပုံတစ်ပုံကို ထောက်ပြလိုက်တယ်။

"ဥပမာ 'သတ္တဖူး' သင်္ကေတ ကို 'ကြားသည်' သင်္ကေတထဲ ဒီလိုပေါင်းထည့်လိုက်ရင် ဒီ စုတ်ချက်တွေက ဒေါင်လိုက်နော်. . ဒါက ကြားတဲ့အမှုကို သတ္တဖူး က ပြုလုပ်နေသည်ဆိုတဲ့ အဓိပ္ပာယ်ကို ဆောင်တယ်"

အမေ နောက်တစ်ပုံ ပြောင်းပြလိုက်တယ်။

“အဲ့သင်္ကေတနှစ်ခုကို ဒီလိုရောလိုက်တဲ့ အခါကျတော့၊ စုတ်ချက်တွေ အလျားလိုက်နော်. . . ရလဒ်က သတ္တဖူးရဲ့အသံကို သူများကကြားရတာ ဖြစ်သွားတယ်။ ဒီလိုပေါင်းစပ်နည်းကို ကြိယာပုဒ် တော်တော်များများမှာ သုံးထားတယ်”

“နောက်ထပ်ဥပမာတစ်ခုက ဝိဘတ်သွယ်တဲ့ စနစ်ပဲ”

အမေက နောက်တစ်ပုံ ပြောင်းပြလိုက်တယ်။

“သူတို့ရဲ့ ရေးစာမှာ ဒီပုံက “အလွယ်တကူကြားသည်” ဒါမှမဟုတ် “ကြည်လင်စွာကြားသည်” လို့ အဓိပ္ပာယ်ရတယ်။ “ကြားသည်” ဆိုတဲ့ ပုံနဲ့ ဆင်တူတဲ့ အပိုင်း တွေပါနေတယ်။ တွေ့လား။ ဒီပုံကို ‘သတ္တဖူး’ ဆိုတဲ့ပုံနဲ့ ရှေ့ကဥပမာလိုပဲ ပေါင်းစပ် လို့ရတယ်။ အဲဒီလိုပေါင်းလိုက်ရင် သတ္တဖူးဟာ ရှင်းရှင်းလင်းလင်း ကြားတယ် ဒါမှမဟုတ် သတ္တဖူးရဲ့အသံကို ရှင်းရှင်းလင်းလင်းကြားရတယ်ဆိုတဲ့ အဓိပ္ပာယ်တွေ ရမယ်။ ဒါပေမယ့် စိတ်ဝင်စားဖို့ကောင်းတာက “ကြားသည်” ကနေ “ကြည်လင်စွာကြားသည်” လို့ ပြောင်းလိုက်တဲ့အခါ အထူးတလည် ပြောင်းသွားတာ မဟုတ်ဘူး၊ ဘယ်လိုပြောင်းလိုက်တာလဲ တွေ့လား”

ဂယ်ရီက ခေါင်းညိတ်ပြီး လက်ညှိုးထိုးပြတယ်။ “ကြည်လင်စွာ” ဆိုတဲ့ အချက်ကိုပြဖို့ ပုံရဲ့အလယ်က စုတ်ချက်တွေကို တစ်မျိုးပြောင်းကွေးလိုက်သလိုပဲ”

“ဟုတ်တာပေါ့။ ဒီပြောင်းလဲမှုကို ကြိယာအတော်များများမှာ သုံးနိုင်တယ်။ “မြင်သည်” ဆိုတဲ့ ပုံကို “ပြတ်သားစွာမြင်သည်” ဖြစ်အောင် ဒီနည်းနဲ့ပြောင်းရတယ်။ ဒီလိုပဲ ‘ဖတ်သည်” ဆိုတဲ့ပုံကိုလည်း ပြောင်းလို့ရတယ်။ တခြားကြိယာတွေလည်း ရတယ်။ ဒီလို စုတ်ချက်တွေ ကွေးပုံပြောင်းသွားတာက စကားပြောနဲ့ကျတော့ အစပ်အဆက်မရှိပြန်ဘူး။ စကားနဲ့ပြောတဲ့အခါ လွယ်တဲ့ရှင်းတဲ့ သဘောကိုပြဖို့ ဝေါဟာရသပ်သပ်ထည့်သုံးကြတယ်။ မြင်တယ်ဆိုတဲ့ ကြိယာရှေ့မှာထည့်တဲ့ ကြိယာဝိသေသနက တစ်မျိုး၊ ကြားတယ်ရှေ့မှာ ထည့်တာက တစ်မျိုး။

“နောက်ထပ်ဥပမာတွေ ရှိသေးတယ်။ ဒါပေမယ့် ဆရာသဘောပေါက်ပြီမှ လား။ ပြောရရင် သူတို့ရဲ့ သဒ္ဒါက ဒိုင်မေးရှင်း(ရှုထောင့်)နှစ်မျိုးနဲ့ သွားတာ”

ဂယ်ရီက ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း အတွေးနယ်ချဲ့နေတယ်။ “လူ့ဘာသာစကား အရေးစနစ်မှာရော ဒါမျိုးဆင်တူတာ ရှိလား”

“သင်္ချာအီကွေးရှင်းတွေ၊ ဂီတသင်္ကေတနဲ့ အကသင်္ကေတတွေ ရှိတယ်။ ဒါပေမယ့် အဲဒါတွေက သူ့ဘာသာရပ်နဲ့သူ အထူးပြုထားတာတွေလေ။ အခု ကျွန်မတို့ နှစ်ယောက်ပြောနေကြတဲ့ စကားတွေကို သင်္ချာသင်္ကေတတွေနဲ့ မှတ်တမ်း

တင်လို့ မရဘူး။ ဒါပေမယ့် အကယ်၍ သတ္တဖူးဘာသာအရေးစနစ်ကို ကျွန်မတို့ကျွမ်းကျင် မယ်ဆိုရင်တော့ အဲဒီစနစ်နဲ့ မှတ်တမ်းတင်လို့ရနိုင်လိမ့်မယ်လို့ ထင်မိတယ်။ အဲဒီ စနစ်က အမွေးအတောင်စုံပြီးသား အထွေထွေသုံးသင်္ကေတပြ ဆမေဆီယောဂရပ်ဖစ် အရေးစနစ်ဖြစ်တယ်လို့ ကျွန်မမြင်တယ်။"

ဂယ်ရီက အာရုံစူးစိုက်သလို မျက်နှာကိုရှုံ့ထားတယ်။ "ဆိုတော့ကာ သူတို့ရဲ့ ရေးစာက ဘာသာစကားတစ်ခု သပ်သပ်၊ ပြောစကားက လုံးဝခြားနားတဲ့ ဘာသာစကား တစ်ခုသပ်သပ်ပေါ့၊ ဟုတ်လား"

"ဟုတ်တယ်။ ကျွန်မလည်း အရေးဘာသာစကားကို 'သတ္တဖူး' လို့သုံးပြီး၊ အပြောဘာသာစကားကိုတော့ 'သတ္တဖူး A' လို့ ကျကျနနခွဲသုံးမှ မှန်လိမ့်မယ်"

"နေပါဦး။ စကားတစ်မျိုးတည်း သုံးရင် လုံလောက်နေပြီပဲ။ ဘာလို့နှစ်မျိုး ခွဲသုံးကြတာလဲ။ သင်ရပြုရတာ မလိုအပ်ဘဲ ခက်မနေဘူးလား"

"ဘယ်လို မလိုအပ်ဘဲခက်တာလဲ။ အင်္ဂလိပ်စာ စာလုံးပေါင်းလိုမျိုးလား"

လို့အမေက ထောက်ပြလိုက်တယ်။

"ဘာသာစကားတစ်ရပ် အဆင့်ဆင့် ပြောင်းလဲလာတယ်ဆိုတာ သင်ရလွယ်သထက်လွယ်အောင် ပြောင်းလဲတာ မဟုတ်ဘူးလေ။ သတ္တဖူးတွေရဲ့ ယဉ်ကျေးမှုအရာ၊ သိမြင်မှုအရာတွေမှာပါဝင်တဲ့ ရေးခြင်းရဲ့ အခန်းကဏ္ဍနဲ့ ပြောခြင်းရဲ့ အခန်းကဏ္ဍတွေ မတူလို့ အရေးဘာသာစကား၊ အပြောဘာသာစကားရယ်လို့ ခွဲထားကြတာ ဖြစ်ရင်ဖြစ်မှာပေါ့။ ဒီလို နှစ်ဘာသာခွဲသုံးတာက ဘာသာစကားတစ်ခုတည်းကို အရေးစနစ်၊ အပြောစနစ်ရယ်လို့ စနစ်နှစ်ခုခွဲသုံးတာ ထက် ပိုအဓိပ္ပာယ်ရှိနေတာလည်း ဖြစ်ရင်ဖြစ်မှာပဲ။"

အမေပြောတာကို သူ သေချာတွေးကြည့်နေတယ်။ "ဆရာမပြောတာ ကျွန်တော် သဘောပေါက်တယ်။ ကျွန်တော်တို့ရဲ့ အရေးစနစ်က သူတို့အမြင်မှာ အပို ဖြစ်ချင်ဖြစ်နေမှာ။ ဆက်သွယ်ရေးလိုင်း နှစ်လိုင်းရှိတာကို နှစ်လိုင်းလုံး ဘာသာစကား တစ်မျိုးတည်းသုံးထားလို့ ဖန်းတီးထားတယ် ထင်ရင်လည်း ထင်နေကြမှာ"

"သိပ်ဖြစ်နိုင်တာပေါ့။ သူတို့ ဘာလို့ အရေးကို တစ်ဘာသာသပ်သပ်သုံးတာ လဲဆိုတာကို ကျွန်မတို့ နားလည်ရင် သူတို့ရဲ့သဘာဝကိုလည်း အတော်ကြီး နားလည်သွားလိမ့်မယ်"

"ဒါဖြင့်ရင် သူတို့ရဲ့ အရေးစနစ်ကိုကြည့်ပြီး ပြောစကားကို သင်ယူဖို့

ဆိုတာမဖြစ်နိုင်တော့ဘူး ဆိုပါတော့”

အမေသေက်ပြင်းချလိုက်တယ်။ “ဟုတ်တယ်။ လောလောဆယ် ဒီလို ကောက်ချက်ချနိုင်တယ်။ ဒါပေမယ့် ကျွန်မတို့ သတ္တဖူး A ကိုရော B ကိုရော လျစ်လျူ ရှုလိုက်လို့ မရဘူးထင်တယ်။ နှစ်ဖက်နှစ်လမ်းလုံးကနေ ချဉ်းကပ်ဖို့ လိုအပ်တယ်”

အမေက ကွန်ပျူတာစခရင်ကို ညွှန်ပြရင်း ဆက်ပြောလိုက်တယ်။ သူတို့ ရဲ့ သဒ္ဒါရှုထောင့်နှစ်မျိုးကို သေချာလေ့လာထားရင် သူတို့ရဲ့ သင်္ချာသင်္ကေတတွေကို ဖတ်တဲ့အခါ အများကြီး အသုံးဝင်လိမ့်မယ်လို့ ကျွန်မလောင်းရဲတယ်”

“ဆရာမပြောတာလည်း ဟုတ်တာပဲ။ ဒါဖြင့် အခု သူတို့ ကို သင်္ချာမေးလို့ ရပြီလား”

“မရသေးဘူး။ ဒီစာရေးစနစ်ကို နည်းနည်းပိုပြီး ဆုပ်မိတိုင်မိရှိပြီဆိုမှ ရှေ့ဆက်ရမယ်”

အမေအဲဒီလိုပြောတော့ သူက စိတ်မရှည်ဟန်ပြတာနဲ့ အမေ ပြုံးလိုက်တယ်။ “စိတ်ရှည်တော်မူပါ ဆရာကြီးရှင်။ ခန္တီစ သည်းခံခြင်းသည် မြတ်၏တဲ့”

※※※※

သမီးအဖေ ဟာဝိုင်ယီမှာ ကွန်ဖရင့်တစ်ခုတက်ဖို့ သွားရတဲ့အခါ သမီးက အသက်ခြောက်နှစ်အရွယ် ရှိနေလိမ့်မယ်။ ဟာဝိုင်ယီကို အမေတို့ သားအမိပါ လိုက်သွားကြလိမ့်မယ်။ သမီးက သွားရမှာကိုပျော်လွန်းလို့ မသွားခင် လနဲ့ချီပြီး ကြိုပြင်ဆင်နေလိမ့်မယ်။ အုန်းသီးအကြောင်း၊ မီးတောင်အကြောင်း၊ ရေလှိုင်းစီးတဲ့ အကြောင်းတွေ အမေ့ကို မေးလိမ့်မယ်။ မှန်ရှေ့မှာ ကြိမ်ကွင်းကြီးကို ခါးစွပ်လို့ လှည့်လှည့်ပြီး အက ကျင့်လိမ့်မယ်။ သမီးယူသွားမယ့် အဝတ်တွေနဲ့ ကစားစရာ တွေကို ခရီးဆောင်အိတ်တစ်လုံးထဲ ထည့်ပြီး ဘယ်လောက်ကြာကြာဆွဲနိုင်မလဲလို့ စမ်းရအောင် အဲဒီအိတ်ကြီးဆွဲလို့ တစ်အိမ်လုံးပတ်လျှောက်နေလိမ့်မယ်။ သမီးပုံဆွဲတဲ့ etch-a-sketch လေးကို အမေ့အိတ်ထဲ ထည့်ယူလို့ရမလားလို့ အမေ့ကို မေးဦးမယ်။ သမီးအိတ်ထဲမှာ လည်း နေရာမရှိတော့ဘူး။ အဲဒါမပါဘဲလည်း သွားလို့မဖြစ် ဘူးလေ။

“ဒါတွေအကုန်ယူသွားဖို့ မလိုပါဘူး သမီးရယ်” လို့ အမေက ပြောလိမ့်ဦးမယ်။ “ဟိုရောက်ရင် လည်စရာပတ်စရာတွေမှ အများကြီး။ ဒီကစားစရာတွေနဲ့ ကစားဖို့ အချိန်တောင် ရှိမှာမဟုတ်ဘူး”

အမေပြောတာကို သမီးကသေချာစဉ်းစားနေလိမ့်မယ်။ သမီးတစ်ခုခုကို အာရုံစိုက်ရင် မျက်ခုံးအပေါ်နားလေးမှာ ပေါ်လာနေကျ အချိုင့်လေးတွေ ပေါ်လာဦးမယ်။ နောက်ဆုံးကျတော့ ကစားစရာတွေ လျှော့ထည့်ဖို့ သမီးသဘောတူလိမ့်မယ်။ ဒါပေမယ့် ခရီးနဲ့ပတ်သက်လို့ သမီးရဲ့မျှော်လင့်ချက်တွေကတော့ အများကြီး ပို တိုးပွားလာမှာပဲ။

"အခုပဲ ဟာဝိုင်ယီ ရောက်နေရင်ကောင်းမှာ" လို့ သမီးက ညည်းညည်းညူညူ ပြောဦးမယ်။

အမေက "တချို့အရာတွေက စောင့်စားလိုက်ရတာပိုကောင်းတယ်" လို့ သမီးကို ပြောလိမ့်မယ်။ "စောစောကြိုပြီး ရင်ခုန်ထားရတဲ့ အခါကျတော့ ဟိုကို တကယ်လည်းရောက်သွားရော ပိုပျော်စရာ ကောင်းသွားရော"

သမီးကတော့ နှုတ်ခမ်းလေးပဲစူထားမှာ။

※※※※

နောက်တစ်ခါ အစီရင်ခံစာတင်တော့ "စာလုံး"လို့ သုံးစွဲခြင်းဟာ မှားကြောင်း၊ "စာလုံး" လို့ပြောရင် ပုံတစ်ပုံဟာ နှုတ်ထွက်စာလုံး တစ်လုံးကို ကိုယ်စားပြုတယ်လို့ဆိုလိုမှာဖြစ်ကြောင်း၊ အမှန်မှာတော့ အဲဒီပုံတွေက အမေတို့မှတ်သားထားတဲ့ စကားလုံးဆိုတဲ့အရာတွေကို ရေးချထားတဲ့စာတွေနဲ့ ဆက်နွယ်မှုမရှိကြောင်း ရေးပြီး တင်လိုက်တယ်။ "အရုပ်စာ" လို့လည်း မသုံးချင်ဘူး။ အတိတ်မှာ သုံးခဲ့တဲ့ အရုပ်စာ ဆိုတာတွေက အခုဟာတွေနဲ့ တူတာမဟုတ်ဘူး။ စာလို့ခေါ်မယ့်အစား "ဆမ်မာဂရမ်-ဝါကျရင်းမြစ်ပြသင်္ကေတ" လို့ ခေါ်ဖို့ အကြံပြုလိုက်တယ်။

"စကားလုံး" ဆမ်မာဂရမ်ပုံတစ်ပုံဟာ လူသားတွေရဲ့ ဘာသာစကားက တစ်လုံးနဲ့ဆင်ဆင်တူတယ်လို့ ပြောလို့ရတယ်။ ဆမ်မာဂရမ်တစ်လုံးတည်းဆိုရင်လည်း အဓိပ္ပာယ်ရှိတယ်။ ဆမ်မာဂရမ်တွေ အများကြီး စုပေါင်းလိုက်ရင်လည်း ဝါကျက် အဆုံးမရှိ ဖွဲ့လို့ရတယ်။ ဒီဆမ်မာဂရမ်ဆိုတာကို အတိအကျ အဓိပ္ပာယ်ဖွင့်လို့တော့ မရဘူး။ ဒါပေမယ့် လူ့ဘာသာစကားမှာလည်း စကားလုံးဆိုတာကို ကျေနပ်လောက် အောင် ဘယ်သူမှ အဓိပ္ပာယ်ဖွင့်နိုင်တာ မဟုတ်ဘူးလေ။ ဝါကျအဆင့်ကျတော့ တော်တော်ကြီး ရှုပ်ထွေးသွားပြီ။ သတ္တဖူး Bမှာ ပုဒ်ဖြတ်ပုဒ်ရပ် သင်္ကေတရယ်လို့ မရှိဘူး။ ဆမ်မာဂရမ်တွေ ပေါင်းစပ်ပုံကိုကြည့်ပြီး ဝါကျအသွားအလာကို သိရတာ။ နောက်ပြီး သတ္တဖူး B ဘာသာစကားမှာ အသံနေအသံထားကိုလည်း ဖော်ပြစရာ မလိုဘူး။ ဝါကျရယ်လို့ ဖွဲ့ရအောင် ဝါစက+ကတ္တားအတွဲဆိုတာကို ဘယ်လိုမှ ခွဲထုတ်လို့ကို မရတာ။ 'ဝါကျ' ဆိုတာကလည်း သတ္တဖူးက သူပေါင်းစပ်ချင်တဲ့ ဆမ်မာဂရမ်တွေ

ဘယ်နှခုဖြစ်ဖြစ် လိုသလောက် ထည့်ပေါင်းလိုက်တာနဲ့ ဝါကျဖြစ် တာပဲ။ ဝါကျလား၊ စာပိုဒ်လား၊ စာမျက်နှာ တစ်မျက်နှာလုံးလား ဆိုတာ နောက်ဆုံး ထွက်လာတဲ့ပုံရဲ့ အရွယ်အစားကိုကြည့်မှပဲ သိရတာ။

ရင်သပ်ရှုမောဖွယ်လို့တောင် ပြောရမယ်။ ဝါကျရဲ့အဓိပ္ပာယ်ကို ခွဲခြမ်းစိတ်ဖြာဖို့ သတ္တဗူး B ဝါကျတစ်ကြောင်းက တော်တော်လေး ကြီးလာပြီဆိုရင် မြင်ရတာ မဟုတ်ဘဲ ဒီအတိုင်းကြည့်လိုက်ရင် အဆန်းတကြယ် ကွေးကွေးကောက်ကောက် တစ်ကောင် ခိုတွဲပြီး အကွက်တွေဖော်ထားတာ အမ်စီအက်စ်ချာရဲ့ ဆန်းပြားတဲ့ ဆွဲထားတဲ့ ခားခုတ်ကောင်တွေလိုပဲ။ အကောင်လေးတွေအားလုံး တစ်ကောင်နဲ့ ဒီဇိုင်းနဲ့ ဆွဲထားတဲ့ ဇာလိုလို။ အဲဒီလိုခိုတွဲနေတဲ့ထဲက ကိုယ်နေဟန်ထားကလည်း တစ်ကောင်နဲ့တစ်ကောင် နည်းနည်းစီ ကွဲပြားကြသေးတယ်။ အကြီးဆုံး ဝါကျကြီးတွေဆိုရင် စိတ်ကိုလှည့်စားစေတဲ့ပုံ ပိုစတာကြီးတွေလိုပဲ။ တစ်ခါတလေ ကြည့်ရတာ မျက်ရည်တောင်ဝဲမယ်။ တစ်ခါတလေ အိပ်မွေ့ချသလို စိတ်ကိုညှို့ငင်ယူတတ်တယ်။

※※※※

သမီးကောလိပ်ကျောင်းဆင်းပွဲမှာ ရိုက်ထားတဲ့ ဓာတ်ပုံလေးကို အမေ မှတ်မိသေးတယ်။ ပုံထဲမှာ သမီးက ပို့စ်ပေးနေတာ။ ဘွဲ့ဦးထုပ်ကို စတိုင်ကျကျ စောင်းစောင်းလေး ဆောင်းလို့၊ လက်တစ်ဖက်က လက်ချောင်းထိပ်လေးတွေနဲ့ နေကာမျက်မှန်ကို ပင့်ထားတယ်၊ နောက်တစ်ဖက်ကတော့ ဘွဲ့ဝတ်ရုံကြီးကို ရှေ့ဖွင့် ပြီး ခါးမှာသိမ်းပြီးတော့ ခါးထောက်ထားတယ်။ ဝတ်ရုံအောက်မှာ ဝတ်ထားတာက စွပ်ကျယ်အင်္ကျီလက်ပြတ်နဲ့ ဘောင်းဘီတို။

အဲဒီကျောင်းဆင်းပွဲကိုလည်း အမေမှတ်မိတယ်။ နယ်လ်ဆန်က တစ်ဖက်၊ သမီးအဖေနဲ့ ဟိုဘယ်သူဆိုလား အဲဒ့်မိန်းမနဲ့ကတစ်ဖက်၊ သူတို့ကြားမှာ အမေအနေရ ခက်နေတာလည်း မှတ်မိတယ်။

ဒါပေမယ့် အဲဒါက ကိစ္စသိပ်ရှိမှာမဟုတ်ဘူး။ စနေ တနင်္ဂနွေနှစ်ရက်လုံး သမီးက အတန်းဖော်သူငယ်ချင်းတွေနဲ့ အမေ့ကို မိတ်ဆက်ပေးလိုက်၊ လူတိုင်းကို မရပ်မနား ဖက်လိုက်ယမ်းလိုက်နဲ့ အလုပ်များနေချိန်မှာ အမေကတော့ တအံ့တသြနဲ့ အာစေးထည့်ထားသလို ဖြစ်နေမှာ။ အမေ့ထက်တောင် အရပ်ပိုရှည်နေပြီဖြစ်တဲ့၊ အမေ့ရင်ထဲမှာ တဆစ်ဆစ်ကိုက်အောင် လှရက်လွန်းတဲ့၊ အပျိုကြီးဖားဖား ဖြစ်နေတဲ့ သမီးတစ်ယောက်ဟာ တစ်ချိန်က သောက်ရေပန်းစင်ခလုတ်ကို မမီလို့ အမေကိုယ်တိုင် ချီမ,ပေးခဲ့ရတဲ့ ကလေးမလေးပဲဆိုတာ၊ အမေ့ဂါဝန်ကြီးကို တရွတ်တိုက်ဝတ်လို့၊ အမေ့ဦးထုပ်ကြီးဆောင်းလို့၊ အမေ့ပုဝါလေးထည် ကိုထပ်ပြီး

အကျအနခြုံလို့ အမေ့ အခန်းထဲကနေ မနိုင်မနင်း ထွက်လာတတ်တဲ့ ကလေးမလေးပါပဲဆိုတာ မယုံနိုင် ဖြစ်နေဦးမှာ။

ကျောင်းဆင်းပွဲပြီးတဲ့အခါ သမီးက ဘဏ္ဍာရေးဆိုင်ရာသုံးသပ်သူဆိုတဲ့ ရာထူးနဲ့ အလုပ်ဝင်ဖို့ သွားရမယ်။ အဲဒီအလုပ်မှာ ဘာတွေလုပ်ရမယ်ဆိုတာ အမေ ဖြင့် နားကိုလည်မှာ မဟုတ်ဘူး။ သမီးက ငွေကြေးအပေါ် ဘာလို့ဒီလောက် စိတ်ဝင်စားတာလဲ အမေနားလည်မှာ မဟုတ်ဘူး။ အလုပ်ခေါ်စာတွေကို အကြောင်းပြန်တဲ့ အခါတုန်းကလည်း လစာကိုအဓိကထား ညှိနှိုင်းတတ်တာကိုလည်း နားလည်မှာ မဟုတ်ဘူး။ အမေ့သဘောကတော့ ဘာမဆို ငွေစကားကြေးစကားသိပ်မပြောဘဲ ကိုယ်ပျော်မွေ့တဲ့ အလုပ်ကိုပဲ လုပ်စေချင်တာ။ ဒါပေမယ့် သမီးကိုအမေ ဘာအပြစ်မှ ဆိုမှာမဟုတ်ဘူး။ အမေ့တုန်းကလည်း အထက်တန်းပြ အင်္ဂလိပ်စာ ဆရာမအလုပ် လောက်ပဲ ဘာလို့ အေးအေးဆေးဆေး ဝင်မလုပ်ချင်ရတာလဲဆိုတာ အမေ့အမေလည်း နားလည်ခဲ့တာ မဟုတ်ဘူးလေ။ သမီးလည်း ကိုယ်စိတ်ချမ်းသာရာကိုသာလုပ်၊ အမေ့ဖက်က ဒါပဲတောင်းဆိုစရာရှိတယ်။

※※※※

အဲဒီလိုနဲ့ အချိန်တွေကုန်ဆုံးသွားပြီးနောက် ကြေးမုံစခန်းအသီးသီးက ပညာရှင်တွေဟာ အခြေခံသင်္ချာနဲ့ ရူပဗေဒဆိုင်ရာ သတ္တဖူးဘာသာအသုံးအနှုန်း တွေကို အင်တိုက်အားတိုက် စပြီးလေ့လာနေကြပြီ။ သရုပ်ပြချက်တွေကို ဘာသာဗေဒ ပညာရှင်တွေနဲ့ တခြားသိပ္ပံပညာရှင်တွေ အတူတွဲလုပ်ကြတယ်။ ဘာသာဗေဒပညာရှင် တွေက လုပ်ငန်းစဉ်ကို အာရုံစိုက်ပြီး၊ ရူပဗေဒပညာရှင်တွေက အကြောင်းအရာကို အာရုံစိုက်ကြတယ်။ ရူပဗေဒပညာရှင်တွေက ဂြိုဟ်သားတွေနဲ့ ဆက်သွယ်ပြောဆိုဖို့ ဆိုပြီး ဟိုးတုန်းက တီထွင်ထားခဲ့တဲ့ သင်္ချာနည်းအခြေခံဆက်သွယ်ရေးစနစ်တွေကို ပြတော့ အမေတို့ ကြည့်ရတယ်။ ဒါပေမယ့် အဲဒီစနစ်တွေက ရေဒီယိုတယ်လီစကုပ်နဲ့ လွှင့်ဖို့လုပ်ထားတဲ့ စနစ်တွေ။ အမေတို့ ဘာသာဗေဒပညာရှင်တွေက ဒါတွေကို မျက်နှာချင်းဆိုင်ဆက်သွယ်ပြောဆိုတဲ့ စနစ်ဖြစ်အောင် ပြုပြင်ယူကြတယ်။

အမေတို့အဖွဲ့တွေ အခြေခံဂဏန်းသင်္ချာပိုင်းမှာ တော်တော်လေး ခရီး ရောက်ကြတယ် ဆိုရမယ်။ ဒါပေမယ့် ဂဲဩမေထရီနဲ့ အက္ခရာသင်္ချာ အယ်လ်ဂျီဘရာမှာ တစ်သွားတယ်။ သတ္တဖူးတွေရဲ့ ခန္ဓာဗေဒနဲ့ ကိုက်ညီအောင် အမေတို့ လေးထောင့် ကိုဩဒီနိတ်တွေနေရာမှာ စက်လုံးကိုဩဒီနိတ်တွေကို ပြောင်းသုံး ပြကြတယ်။ ဒါမယ့် ဘာမှမထူးဘူး။ အမေတို့ ဘာတွေလုပ်ပြနေတာလဲဆိုတာကို သတ္တဖူးတွေ နားလည်ပုံ မရဘူး။

အဲဒီလိုပဲ ရုပဗေဒဖက်မှာလည်း တော်တော်လေး အခြေအနေ ဆိုးတယ်။ လုံးဝထင်ထင်ရှားရှား လက်ဆုပ်လက်ကိုင်ပြလို့ အရဆုံး အခေါ်အဝေါ်တွေ (ဥပမာ ဒြပ်စင်တွေရဲ့ နာမည်တွေ) ကို ဆွေးနွေးတာပဲ အောင်မြင်ခဲ့တယ်။ ဒြပ်စင်ဇယား (Periodic table) ကို နည်းအမျိုးမျိုးနဲ့ သရုပ်ပြပြီးတဲ့နောက်မှာ သတ္တဖူးတွေ သဘောပေါက်သွားတာလေ။ အဲဒီလိုမဟုတ်ပဲ နည်းနည်းလေး သဘောတရားဆန်တဲ့ ခေါင်းစဉ်မျိုးကိုတော့ ဘယ်လိုမှ ရှင်းမရဘူး။ အခြေခံရုပ်သဘာဝသဘောတရားတွေ (ဥပမာ ဒြပ်ထုတို့ အရှိန်တို့) ဘယ်လိုခေါ်လဲသိရအောင် သရုပ်ပြကြည့်ကြသေးတယ်။ ဒါပေမယ့် သတ္တဖူးတွေက ထပ်ရှင်းပြပါဦးလို့ချည်း ပြန်ပြန်မေးကြတာပဲ။ သုံးတဲ့ ကြားခံပစ္စည်းပေါ်မူတည်ပြီး အထင်အမြင်လွဲတာတွေ မဖြစ်ရအောင် သရုပ်ပြတဲ့အခါ တကယ့်ပစ္စည်းတွေနဲ့ လုပ်ပြတဲ့အပြင် သရုပ်ဖော်ပုံတွေဆွဲပြတယ်၊ ဓာတ်ပုံတွေပြတယ်၊ လှုပ်ရှားတဲ့သရုပ်ပြပုံ အန်နီမေးရှင်းတွေ တင်ဆက်ပြတယ်၊ ဘယ်ဟာမှ အဆင်မပြေဘူး။ အဲဒီလိုနဲ့ တိုးတက်မှုမရှိဘဲ ရက်ကိုလစားပြီး ကြာလာတော့ ရုပဗေဒပညာရှင်တွေ စိတ်ပျက်လာကြတယ်။

အဲ..တစ်ဖက်မှာ ဘာသာဗေဒပညာရှင်တွေကတော့ တော်တော်လေး အောင်မြင်ကြတယ်။ အပြောဘာသာစကား သတ္တဖူး A ရဲ့ သဒ္ဒါသဘောတရားတွေကို နားလည်မှုမှာ မှန်မှန်ကြီး တိုးတက်လာကြတယ်။ ထင်ထားတဲ့အတိုင်းပဲ၊ သူတို့သဒ္ဒါက လူ့ဘာသာစကားတွေရဲ့ ပုံစံတွေအတိုင်း မသွားဘူးပေါ့။ ဒါပေမယ့် ခုချိန်ထိတော့ နားလည်နိုင်သေးတယ်။ သူတို့က စကားလုံးစဉ်ရာမှာ လွတ်လပ်တယ်။ ဘယ်လောက် တောင်လဲဆိုရင် “ကန့်သတ်ချက်ပြကြိယာဝိသေသန ဝါကျကဏ္ဍ” တွေကိုတောင် စီစဉ်နည်းအတိအကျမရှိဘူး။ လူ့ဘာသာစကားမှာဆို ဒါမျိုးက ဘာသာစကားတိုင်း အတွက် တူညီတဲ့ဘုံစည်းမျဉ်းရှိတယ်လေ။ ပြီးတော့ ဝါကျကဏ္ဍတွေ အထပ်ပေါင်း များစွာထပ်ပြီး သုံးတာကိုလည်း သူတို့သဒ္ဒါမှာ တားမြစ်မထားဘူး။ လူသားတွေအတွက် ကျတော့ အဲဒါ အင်မတန်ခက်တယ်။ ထူးဆန်းတယ်။ ဂဂျိုးဂကျောင်နိုင်တယ်။ မှန်တယ်။ ဒါပေမယ့် လုံးဝမထိုးဖောက်နိုင်လောက်အောင် ရှုပ်ထွေးတာတော့ မဟုတ်ဘူး။

အထူးသဖြင့် အမေတို့ နောက်ဆုံးတွေ့ရှိမှု အသစ်ဖြစ်တဲ့ သတ္တဖူး B ဘာသာစကားရဲ့ ထူးခြားတဲ့ရှုထောင့်နှစ်ခုပါ စကားလုံးပေါင်းစပ်ပုံနဲ့ သဒ္ဒါစဉ်နည်း တွေက အများကြီးပိုစိတ်ဝင်စားဖို့ ကောင်းတယ်။ ဝါကျရှင်းမြစ်ပြသင်္ကေတ ဆမ်မာဂရမ်တစ်ခုကို ပေါင်းစပ်သွယ်ပုံပေါ်မူတည်ပြီး သူ့ကို ဝါကျရဲ့ဘယ်နားမှာ သုံးထား တာလဲဆိုတာ သိနိုင်တယ်။ စုတ်ချက်လေးတစ်ချက်ရဲ့အကွေး၊ အထူအပါး၊ အလွဲ စတာတွေကို ပြောင်းလဲပုံ၊ အစက်လေးနှစ်စက်ရဲ့ နှိုင်းယှဉ်အချိုးကို ပြောင်းလိုက်ပုံ ဒါမှမဟုတ် တခြား အစက်တစ်စက် ကနေ အကွာအဝေးပြောင်းပုံ၊

ဦးလှည့်ရာဖက်နဲ့ တခြားအပြောင်းအလဲလေးတွေကနေပြီး ဝိဘတ်သွယ်ပုံကို ဖတ်ရတယ်။ သူတို့ သင်္ကေတတွေက အပိုင်းအခြားမရှိဘူး။ အစိတ်အပိုင်းလေးတစ်ခုစီ ခွဲကြည့်လို့မရဘူး။ လူ့ဘာသာစကားမှာလည်း ဒီလိုရေးတာမျိုး ရှိတော့ရှိတယ်၊ ဒါပေမယ့် လူ့စာလုံးက လက်ရေးလက်သားကြောင့် ပုံစံလေး နည်းနည်းပြောင်းသွားလည်း အဓိပ္ပာယ်ပြောင်း မသွားဘူး။ သတ္တာဖူးသင်္ကေတွေ ကျတော့ မရဘူး။ အတွန့်တိုင်း အပြောင်းတိုင်းက တိကျပြတ်သားတဲ့ သဒ္ဒါစည်းမျဉ်းအတိုင်း ပြောင်းတာဖြစ်နေတယ်။

သတ္တာဖူးတွေ ကမ္ဘာကို ဘာကြောင့်လာတာလဲလို့ အမေတို့ အမြဲတမ်း မေးတယ်။ သူတို့က “မြင်ဖို့” ဒါမှမဟုတ် “ကြည့်ဖို့” လို့ပဲ အမြဲဖြေတယ်။ ဟုတ်လည်း ဟုတ်တယ်။ တစ်ခါတလေကျရင် အမေတို့မေးတာတွေကိုဖြေမယ့်အစား အမေတို့ကို ငြိမ်ငြိမ်လေးရပ်ကြည့်နေတတ်ကြတယ်။ သူတို့က သိပ္ပံပညာရှင်တွေပဲလား။ ဒါမှ မဟုတ် တိုးရစ်တွေလည်း ဖြစ်နိုင်တာပဲ။ လူသားမျိုးနွယ်ရဲ့အကြောင်းကို သူတို့ မသိလေကောင်းလေပဲလို့ အစိုးရက အမိန့်ထုတ်ထားတယ်။ နို့မို့ရင် အနာဂတ်မှာ ညှိနှိုင်းဆွေးနွေးစရာတွေ ရှိလာတဲ့အခါ သူတို့သိထားတာတွေကို အသုံးချပြီး အသာစီး ယူကြမှာ စိုးရိမ်တယ်။ ဒါပေမယ့် အမေတို့ သိပ်အားစိုက်ပြီး ဖုံးကွယ်နေစရာမလိုပါဘူး။ သတ္တာဖူးတွေက လူ့သဘာဝနဲ့ပတ်သက်လို့ ဘာမှမမေးဘူး။ သိပ္ပံပညာရှင်ဖြစ်ဖြစ် တိုးရစ်ပဲဆိုဆို သူတို့တွေဟာ အတော့်ကိုစူးစမ်းလိုစိတ်ကင်းမဲ့တဲ့ သတ္တဝါတွေပဲ။

※※※※

တစ်ခါက သမီးအတွက်အင်္ကျီဝယ်ဖို့ ရှော့ပင်းမောကို ကားမောင်းသွားကြမှာ မှတ်မိသေးတယ်။ သမီးအသက် ဆယ့်သုံးနှစ်ဖြစ်မယ်။ ကားခုံပေါ်မှာ ခြေကားယား လက်ကားယားနဲ့ ပီဘိကလေး တစ်ယောက်လို ပစ်စလက်ခတ်ထိုင်နေရာကနေ ရုတ်တရက်ထပြီး လေ့ကျင့်ပါးဝနေတဲ့ ဖက်ရှင်မော်ဒယ်မလေးလို ဘာမှမမှုတဲ့ မျက်နှာပေးနဲ့ ဆံပင်ကိုတောက်ခါလိုက်ဦးမယ်။ တကယ့်စကောစကအရွယ် ပေါ့။

ကားကို ပါကင်ထိုးတော့ အမေ့ကို ညွှန်ကြားချက်တွေ ပေးလိမ့်ဦးမယ်။

“အိုခေ အမေ့ခရက်ဒစ်ကတ် တစ်ကတ်ပေး။ နောက်နှစ်နာရီကြာရင် ဝင်ပေါက်နားမှာ ပြန်ဆုံမယ်”

အဲဒီမှာ အမေကရယ်မှာ။

“မရပါဘူးကွယ်။ ခရက်ဒစ်ကတ်ဆို ငါပဲကိုင်မှ” “ကျွတ်. . နောက်နေတာလား”

သမီးဟာ စိတ်တိုလွန်းလို့ တစ်ကိုယ်လုံးဒေါသတုံးကြီး ဖြစ်နေမှာ။ အမေတို့ နှစ်ယောက် ကားပေါ်ကဆင်းပြီး အမေက ရှေ့ပင်းမောဝင်ပေါက်ဆီ လျှောက်သွားလိမ့်မယ်။ အမေ့ဖက်က အလျှော့ပေးမှာ မဟုတ်ဘူးဆိုတာ သမီးသဘောပေါက်လိုက် တာနဲ့ သမီးရဲ့ဗျူဟာကို ချက်ချင်းပြောင်းဆွဲလိမ့်မယ်။

"အိုခေ အမေ အိုခေ အိုခေ။ လိုက်ချင်ရင်လည်း လိုက်ခဲ့။ ဒါပေမယ့် နောက်နားက ခပ်ခွာခွာလေးလိုက်။ ဒါမှ အတူတူလာတယ်လို့ မထင်ရမှာ။ သမီး သူငယ်ချင်း တစ်ယောက်ယောက်နဲ့တွေ့လို့ သမီးက ရပ်စကားပြောရင် အမေက လိုက်မရပ်နဲ့ ဆက်လျှောက်သွား။ အိုခေလား။ နောက်မှ အမေ့ကို လိုက်ရှာမယ်"

အမေ လမ်းလျှောက်နေရာက ရပ်ပစ်လိုက်လိမ့်မယ်။

"ဘာပြောတယ်. . . ကျုပ်က အိမ်ဖော်မဟုတ်ဘူးနော် မမ။ တွဲပြီး လူမြင်မခံနိုင်လောက်အောင် ရုက်စရာ ကြီး ဖြစ်နေတာလည်း မဟုတ်ဘူး"

"ဟာ အမေကလည်း အတူတူသွားတာ ဘယ်သူမှမြင်လို့မဖြစ်ဘူး ဆိုမှ. . "

"ဘာတွေပြောနေတာလဲ ညည်းသူငယ်ချင်းတွေလည်း ငါ့မြင်ဖူးကြတာပဲ။ အိမ်တောင် လာလည်ဖူးတဲ့ ဟာကို"

"အဲဒါက မတူဘူးလေ. . " သမီးက ဒါလေးတောင် မနည်းရှင်းပြနေရလို့ စိတ်မရှည်တဲ့ပုံနဲ့ ပြောတယ်။

"ဒါက ရှေ့ပင်းထွက်တာလေ"

"အေးဟေ့. . . တူတူမတူတူ.. မတတ်နိုင်ဘူးဟေ့"

အဲဒီမှာ ပေါက်ကွဲပြီ။ "သမီးကို အသေးအမွှားလေးတောင် အလိုမလိုက်ချင်ဘူး။ အမေက သမီးကို နည်းနည်းမှ ဂရုမစိုက်ဘူး. . . "

အမေနဲ့ရှေ့ပင်းတူတူထွက်ရရင် သမီးပျော်နေတတ်တာ သိပ်မကြာသေးဘူးနော်။ ဟိုအကျင့်ရှိတဲ့ အရွယ်ကနေ ဒီအကျင့်ရှိတဲ့အရွယ်ဆီ အပြောင်းမြန်လိုက်တာ။ သမီး အကြီးမြန်ပုံကို အမေအမြဲ အံ့အားသင့်နေရမှာ။ ဘယ်တော့မှ အသားကျမှာမဟုတ်ဘူး။ သမီးနဲ့နေရတာက လှုပ်ရှားနေတဲ့ ပစ်မှတ်ကို ချိန်ရသလိုပဲနေ လိမ့်မယ်။ အမေထင်ထားတာထက် သမီးကရှေ့ကို အမြဲကြိုရောက်နေလိမ့်မယ်။

သတ္တဖူး B စကားနဲ့ အမေရေးထားတဲ့ ဝါကျတစ်ခုကို အမေပြန်ကြည့်နေ ခဲ့တယ်။ ရိုးရိုးစက္ကူပေါ်မှာ ဘောပင်နဲ့ ရေးထားတာ။ အမေ့ဖာသာရေးတဲ့ ဝါကျတွေက ဒီလို ရုပ်ပျက်ဆင်းပျက်တွေပဲ။ သတ္တဖူးတစ်ယောက်

ရေးထားတဲ့ဝါကျကို တူနဲ့ထုခြေပြီးမှ တိပ်နဲ့ ယောင်နနပြန်ကပ်ထားသလိုပဲ။ အမေ့စားပွဲပေါ်မှာ အဲဒီလို ရုပ်ဆိုးဆိုး ဝါကျပုံတွေအပြည့် ပြန့်ကျဲနေပြီး မတ်တပ်ပန်ကာ စားပွဲဖက်လှည့်လာတိုင်း တဖျပ်ဖျပ်လှုပ်သွားကြတယ်။

အပြောစကားမရှိတဲ့ ဘာသာစကားတစ်ခုကို လေ့လာရတာ ထူးဆန်းလှတယ်။ အသံထွက်မှန်အောင် လေ့ကျင့်ရမယ့်အစား အမေက မျက်လုံးတွေ စေ့စေ့ပါ အောင်ပိတ်ပြီး မျက်ခွံအတွင်းသားပေါ်မှာ ဆမ်မာဂရမ်တွေ ဆွဲကြည့်နေတတ်ပြီ။

တံခါးခေါက်သံတစ်ချက် ထွက်လာပြီး ချက်ချင်းဆိုသလို ဂယ်ရီတယောက် ရွှင်ရွှင်မြူးမြူးနဲ့ အခန်းထဲဝင်လာတယ်။

"အီလီနိုက်စခန်းမှာ ရူပဗေဒအကြောင်း ပြောတော့ ဂြိုဟ်သားတွေဖက်က ပြန်လုပ်ပြတာ ကြုံရပြီတဲ့"

"ဟုတ်လား။ ကောင်းလိုက်တာ။ ဘယ်တုန်းကဖြစ်သွားတာလဲ"

"နာရီပိုင်းပဲ ကြာသေးတယ်။ ကျွန်တော်တို့ ခုပဲ ဗီဒီယိုကွန်ဖရင့် ထိုင်ပြီးတာ။ ဒီမှာ ကျွန်တော်ပြမယ်"

သူက ပြောပြောဆိုဆို အမေ့ကျောက်သင်ပုန်းကို စဖျက်တော့တယ်။

"အင်းအင်း. ဖျက်ဖျက်. . . . အရေးကြီးလားမကြီးလား မေးမနေနဲ့တော့နော်"

ဂယ်ရီက "အင်း" ဆိုပြီး မြေဖြူအတိုတစ်စကို ကောက်ပြီးတော့ ပုံတစ်ပုံဆွဲတယ်။



"အိုခေ, . ဒါက လေထုထဲကနေ ရေထုထဲကို ဖြတ်သန်းသွားတဲ့ အလင်းတန်း တစ်ခုရဲ့ လမ်းကြောင်း။ အလင်းတန်းက ရေမျက်နှာပြင်ကိုထိတဲ့အထိ အတည့်သွားတယ်။ ရေထုမှာ အလင်းယိုင်ခြင်း ဂုဏ်သတ္တိရှိတယ်။ ဒီတော့

အလင်းတန်းကဦးတည်ရာ ပြောင်းသွားတယ်။ ဒါကို ဆရာမ ကြားဖူးတယ်မို့လား”

အမေခေါင်းညိတ်တယ်။ “ဟုတ်ကဲ့”

“အဲ. . . ဒီအလင်းတန်းရဲ့ လမ်းကြောင်းမှာ စိတ်ဝင်စားဖို့ကောင်းတဲ့ ဂုဏ်သတ္တိတစ်ခု ရှိတယ်။ ဟောဒီလမ်းကြောင်းက စမှတ်ကနေ ဆုံးမှတ်ကို အလင်းရောင် အမြန်ဆုံးသွားနိုင်တဲ့ လမ်းကြောင်းပဲ”

“ဘယ်လို”

“ဒီလိုတွေးကြည့်. . . ဒီအလင်းတန်းဟာ ဟောသည်လမ်းကြောင်းအတိုင်း သွားမယ်ဆိုပါစို့. . . . ”

သူက ပုံပေါ်မှာ မျဉ်းအသစ်တစ်ကြောင်း အစက်ချဆွဲလိုက်တယ်။



“ဒီ စိတ်ကူးယဉ်လမ်းကြောင်းက အလင်းတကယ်သွားတဲ့ တကယ့်လမ်းကြောင်းထက် အကွာအဝေးအားဖြင့် တိုတယ်။ ဒါပေမယ့် အလင်းရောင်က ရေထုကိုဖြတ်တဲ့အခါ နှေးသွားတယ်။ ဒီလမ်းကြောင်းမှာ ရေထဲကအပိုင်းက လေထဲက အပိုင်းထက် ပိုရှည်တယ်။ ဒီတော့ အလင်းတန်းဟာ ဒီစိတ်ကူးယဉ်လမ်းကြောင်း အတိုင်းသွားမယ်ဆိုရင် တကယ့်လမ်းကြောင်းအတိုင်း သွားတာထက် ပိုနှေးလိမ့်မယ်။

“အိုခေ သဘောပေါက်ပြီ”

"ဟုတ်ပြီ။ ဒီတစ်ခါ ဟောသည့်လမ်းကြောင်းအတိုင်း သွားမယ်လို့ စိတ်ကူးကြည့်ပါဦး. . .



နောက်ထပ် အစက်ချမျဉ်းတစ်ကြောင်း ထပ်ဆွဲပြန်တယ်။

"ဒီလမ်းကြောင်းမှာကျတော့ ရေထုကိုဖြတ်ရတဲ့ အပိုင်းက လေထုကိုဖြတ်ရတဲ့ အပိုင်းထက် တိုတယ်။ ဒါပေမယ့် အစကနေအဆုံးအထိ စုစုပေါင်းအရှည်ကျတော့ တကယ့်လမ်းကြောင်းထက် ပိုရှည်သွားပြီ။ ဒါကြောင့် ဒီစိတ်ကူးယဉ် လမ်းကြောင်းအတိုင်း သွားမယ်ဆိုရင်လည်း တကယ့်လမ်းကြောင်းထက် ပိုကြာလိမ့်မယ်"

ဂယ်ရီက မြေဖြူကိုချပြီး သင်ပုန်းပေါ်ကပုံကို မြေဖြူမှုန့်တွေပေနေတဲ့ လက်ချောင်းတွေနဲ့ ညွှန်ပြတယ်။

"ဘယ်စိတ်ကူးယဉ် လမ်းကြောင်းမဆို အလင်းရောင် တကယ်သွားတဲ့ လမ်းကြောင်းထက် ပိုကြာလိမ့်မယ်။ အလင်းတန်းတစ်ခုဟာ အမြဲတမ်းအချိန်အတိုဆုံး လမ်းကြောင်းကပဲ သွားတယ်။ ဒါကို Fermat ရဲ့ အတိုဆုံးအချိန် နိယာမလို့ခေါ်တယ်။"

"အင်း. . . စိတ်ဝင်စားစရာပဲ. . သတ္တဗေဒပညာရှင်တွေ တုံ့ပြန်ပြတာ ဒီနိယာမလား"

"အမှန်ပဲ။ အီလီနွိုက်ကြေးမုံစခန်းက မောဟတ်ဆိုတဲ့လူက Fermat နိယာမကို အန်နီမေးရှင်းဆွဲပြပြီး တင်ဆက်တယ်။ အဲဒါကို သတ္တဗေဒပညာရှင်တွေက ထပ်တူပြန်လုပ်ပြတယ်။ အခုသူ ဒီနိယာမကို ဆမ်မာဂရမ်တွေနဲ့ ပြန်ရေးပြခိုင်းဖို့ ကြိုးစားနေတယ်"

သူက သွားသုံးဆယ့်နှစ်ချောင်းလုံးပေါ်အောင် ဖြီးပြီး "အထွတ်အထိပ်တိုင်အောင် သပ်ရပ်တယ်မို့လား"

"ဟုတ်ပါတယ်။ သပ်ရပ်ပါတယ်။ ဒါပေမယ့် Fermat နိယာမ အကြောင်း ကျွန်မကို စောစောက ဘာလို့ပြောမထားတာလဲ" အမေက ဖိုင်တစ်ဖိုင်ကို

ကောက်ကိုင် ပြီး ငေ့ယမ်းပြလိုက်တယ်။ အဲဒီဖိုင်က သတ္တာဖူးတွေနဲ့ ဆက်သွယ်ပြောဆိုရာမှာ သုံးဖို့ အကြံပြုထားတဲ့ ရူပဗေဒခေါင်းစဉ်တွေကို ရှင်းပြထားတဲ့ ရူပဗေဒသင်ပုန်းကြီး ဖိုင်။

"ဒီဖိုင်ကြီးမှာ ပလန့်ခ် ဒြပ်တွေ. . ဟိုက်ဒရိုဂျင်အက်တမ်ရဲ့ လှည့်ပြောင်းပုံတွေ ရေးထားလိုက်တာများ အတောမသတ်နိုင်ဘူး။ အလင်းယိုင်ခြင်း ဆိုတာကျတော့ တစ်လုံးမှတောင် မပါဘူး"

"ဆရာမတို့အတွက် အသုံးဝင်မယ်ထင်တဲ့ ခေါင်းစဉ်တွေကို ရွေးပေးထားတာပါ။ ကျွန်တော်တို့ အရွေးမှားတာပေါ့" ဂယ်ရီက ပွင့်ပွင့်လင်းလင်းပဲ ပြောတယ်။

"အမှန်ဆိုရင် Fermat ရဲ့ နိယာမနဲ့ ပထမဆုံးထွင်းဖောက်အောင်မြင်မှုကို ရတာ အံ့ဩဖို့ကောင်းတယ်။ သူက ရှင်းပြဖို့လွယ်ပေမဲ့ သင်္ချာနည်းအရဖော်ပြမယ်ဆိုရင် ကဲကုလသင်္ချာကိုသုံးရမှာ။ သာမန်ကိန်းသေ ကဲကုလလည်း မဟုတ်ဘူး။ Variation ကိန်းရှင်တွေပါတဲ့ ကိန်းရှင်ကဲကုလ။ ကျွန်တော်တို့က ရိုးရိုးဂဲဩမေထရီသီအိုရီ၊ ဒါမှမဟုတ် အယ်ဂျီဘရာ သီအိုရီ တစ်ခုခုနဲ့ ပထမဆုံးအောင်မြင်မှုရမယ် ထင်ခဲ့တာဗျ"

"စိတ်ဝင်စားစရာပဲ။ သတ္တာဖူးတွေအတွက် ရိုးရှင်းတဲ့အရာတွေက ကျွန်မတို့ရဲ့အမြင်နဲ့ ကွဲပြားနေတယ်လို့ ယူဆသလား"

"အစစ်ပဲ။ အဲဒါကြောင့် Fermat နိယာမကို သူတို့သင်္ချာနည်းနဲ့ ဘယ်လိုများဖော်ပြမလဲဆိုတာ သိချင်လွန်းလို့ ကျွန်တော်တော့ တစ်ပိုင်းသေနေပြီ"

သူ စကားတွေပြောရင်း ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတယ်။

"သူတို့ရဲ့ variation ကိန်းရှင်ပြကိန်းရှင်ကဲကုလသင်္ချာက သူတို့ရဲ့ အယ်ဂျီဘရာထက် ပိုရိုးရှင်းနေမလား။ ကျွန်တော်တို့ ရူပဗေဒအကြောင်း ဆွေးနွေးရ သိပ်ခက်နေတာ အဲဒါကြောင့် ဖြစ်နိုင်တယ်။ ကျွန်တော်တို့ ရူပဗေဒမှာသုံးတဲ့ သင်္ချာနည်းတွေက သူတို့နဲ့ယှဉ်ရင် ဇောက်ထိုးတလွဲ ဖြစ်ရင်ဖြစ်နေမှာ"

သူက သင်ပုန်းကြီးဖိုင်ကို လက်ညှိုးထိုးပြီး ဆက်ပြောတယ်။

"ကျွန်တော်တို့ အဲ့ဖိုင်ကို ပြန်ပြင်မှာပါ စိတ်ချ"

"ဒါဖြင့် အဲဒီ Fermat ရဲ့ နိယာမကိုအစပြုပြီး တခြားရူပဗေဒ နယ်ပယ်တွေဆီ ဆက်လှမ်းသွားနိုင်မယ် ထင်သလား"

"ဖြစ်နိုင်ပါတယ်။ Fermat လိုပုံစံ

တခြားရူပဗေဒနိယာမတွေတစ်ပုံကြီး”

“ဒေါ်လူဝိစ်ရဲ့ အတိုဆုံးပေတံ နိယာမ” ဆိုတာမျိုးလား။

“ဘာလဲ ရူပဗေဒဟာ ဘယ်တုန်းက ဒီလောက်တိုချုံးရှင်းလင်းသွားတာလဲ”

“အယ်. “အတိုဆုံး” ဆိုတဲ့ စာလုံးကို အထင်မလွဲပါနဲ့။ ဒီလိုခင်ဗျ။ Fermat ရဲ့နိယာမက မပြည့်စုံသေးဘူး။ တချို့အခြေအနေတွေမှာ အလင်းရောင်ဟာ အရှည်ဆုံးလမ်းကိုလည်း ရွေးတတ်တယ်။ ဆိုလိုတာက အလင်းရောင်ရဲ့ အမူအကျင့်က အစွန်းတစ်ဖက်ဖက်မှာနေတယ်လို့ပြောရင် ပိုမှန်မယ်။ ခရီးသွားရန် ကြာချိန်အတိုဆုံးဖြစ်မယ့်လမ်း သို့မဟုတ် အရှည်ဆုံးဖြစ်မယ့်လမ်းကို ရွေးတတ်တယ်။ မီနီမမ် (Minimum)နဲ့ မက်ဆီမမ် (Maximum) ပေါ့။ သင်္ချာဘာသာရပ်မှာ မီနီမမ် (Minimum) နဲ့ မက်ဆီ (Maximum) တို့မှာ တူညီတဲ့ဂုဏ်သတ္တိတချို့ ရှိတယ်။

ဒါကြောင့် သူတို့နှစ်မျိုးစလုံးကို အီကွေးရှင်းတစ်ခုတည်းသုံးပြီး ဖော်ပြလို့ရတယ်, အတိအကျ ပြောရရင် Fermat ရဲ့ နိယာမက အတိုဆုံးနိယာမ မဟုတ်ဘူး။ သူ့ကို ပြောင်းလဲတတ်သော နိယာမလို့ ခေါ်ရမယ်”

“အဲဒီလို ပြောင်းလဲတတ်သော နိယာမတွေ ရှိသေးတယ်ပေါ့”

သူခေါင်းညိတ်တယ်။ “ရူပဗေဒရဲ့ ဘာသာခွဲတိုင်းမှာ ရှိတယ်။ ရူပဗေဒ နိယာမအားလုံးနီးပါးကို ပြောင်းလဲတတ်တဲ့နိယာမအဖြစ် ပြန်တည်ဆောက်လို့ ရတယ်။ မီနီမမ် (Minimum) သို့မဟုတ် မက်ဆီမမ် (Maximum) ဖြစ်သွားတဲ့ အက်ထွီဗျူ (attribute) ပဲ ကွာတယ်။”

သူက ရူပဗေဒဘာသာခွဲတွေအားလုံးကို သူ့ရှေ့မှာ စားပွဲတစ်လုံးနဲ့စီပြီး ပြသထားသလိုဟန်နဲ့ လက်ကိုဝှေ့ယမ်းပြပြီး ဆက်ပြောတယ်။

“Fermat ရဲ့ နိယာမပါဝင်တဲ့ အလင်းဆိုင်ရာရူပဗေဒမှာဆိုရင် အစွန်း တစ်ဖက်ကို ရောက်ရမယ့် အက်ထွီဗျူ (attribute) က အချိန်ပဲ။ စက်မှုဆိုင်ရာ နယ်ပယ်မှာဆိုရင် အက်ထွီဗျူ (attribute) တစ်မျိုးရှိတယ်။ လျှပ်စစ်သံလိုက် ပညာရပ်မှာဆိုရင် နောက်တစ်မျိုး။ ဒါပေမယ့် သင်္ချာမျက်စေ့ နဲ့ ကြည့်မယ်ဆိုရင် အဲဒီ အက်ထွီဗျူ (attribute) တွေ အားလုံးက ဆင်တူညီကြတယ်”

“ဒါဖြင့် Fermat ရဲ့ နိယာမကို သူတို့စကားနဲ့ သင်္ချာနည်းအရ ဖော်ပြနိုင်ပြီ ဆိုရင် တခြားနိယာမတွေ ကိုလည်း ဖော်ထုတ်တတ်သွားမယ်ပေါ့ ဟုတ်လား။”

“အမယ်လေး အဲဒီလိုမျှော်လင့်ရတာပါပဲ။ ကျွန်တော့်အထင်

ဒီဟာကျွန်တော် တို့ရှာနေတဲ့ လက်နက်ပဲ။ သူတို့ရဲ့ ရှုပဗေဒဖော်မြူလာတွေ ဆင်းသက်လာပုံကို ခွဲခြမ်းစိတ်ဖြာမယ့် ရဲဒင်းပဲ။ အောင်ပွဲခံရမယ်ဗျ”

သူက ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာကနေ ရပ်ပြီး အမေ့ဖက် လှည့်လာတယ်။

“လူဝိစ် . . . ညစာထွက်စားကြမလား။ ကျွန်တော် ဒကာခံပါ့မယ်”

အမေ နည်းနည်းလေး အံ့သြသွားခဲ့တယ်။

“ကောင်းသားပဲ”

※※※※

သမီးနဲ့အမေတို့ရဲ့ ခေါက်ချိုးမညီတဲ့ ဆက်ဆံရေးအကြောင်းကို အမေစပြီးနားလည်လာမှာက သမီးလမ်းစလျှောက်တတ်တဲ့ အရွယ်မှာပဲ။ သမီးက တစ်ချိန်လုံး တတောက်တောက်နဲ့ လျှောက်သွားနေမှာ။ တံခါးဘောင်နဲ့ တိုက်မိတဲ့အခါဖြစ်ဖြစ်၊ ချော်လဲလို့ ဒူးပွန်းရင်ဖြစ်ဖြစ် သမီးနာသလောက် အမေလည်း ထပ်တူနာရမှာ။ ဘာနဲ့တူလဲဆိုတော့ အမေ့မှာ ခြေထောက်အပိုတစ်ချောင်းပေါက်နေသလိုပဲ။ အဲဒီ ခြေထောက်က ထိသိမှုအားလုံးကို အမေ ကောင်းကောင်းခံစားရတယ်၊ ဒါပေမယ့် လှုပ်ရှားမှုတွေကိုကျတော့ အမေ့အလိုအတိုင်း လုံးဝစေခိုင်းလို့မရတဲ့ ခြေထောက်။ အာဖရိက ဗူးဒူးအရုပ်ကိုသိလား။ အမေ့ပုံ ဗူးဒူးအရုပ်လုပ်ပြီး ပြုစားထားရင် အဲဒီ အရုပ်ကိုအပ်နဲ့ထိုးတိုင်း ထိုးတဲ့နေရာ အမေ့ဆီမှာလာနာမှာလေ။ အခုလည်း အဲလို ဗူးဒူးအရုပ်ကို အရှင်လတ်လတ် မွေးထားရသလိုပဲ။ မတရားဘူး။ ဒီလိုဖြစ်မယ်ဆိုတာ အစက မသိခဲ့ပါဘူး။ ဒီလိုပဲ ဖြစ်ရမှာပဲလား။

ပြီးတော့ သမီးရယ်မောနေတာကို ကြည့်နေရတဲ့ အချိန်တွေလည်း ရှိဦးမယ်။ ဥပမာ ဘေးအိမ်ကခွေးလေးနဲ့ ကစားနေတုန်းကပေါ့။ သမီးက ခြံနောက်ဖေး စည်းရိုးကာထားတဲ့ သံကွင်းဆက်တွေကြား လက်နှိုက်ပြီး ခွေးလေးနဲ့ဆော့နေမှာ။ ရယ်လွန်းလို့ ကျို့တွေတောင်ထိုးဦးမှာ။ တစ်ခါ ခွေးလေးက သူတို့အိမ်ထဲပြေးဝင်သွားမှာ။ သမီးလည်း တဖြည်းဖြည်း အရယ်လျော့ပြီး အသက်ရှူချိန်လေးရတုန်းရှိသေး ခွေးလေးက ပြန်ပြေးထွက်လာပြီး သမီးလက်ကို လာလျက်ပြန်ရော။ သမီးလည်း အသံစူးစူးလေးနဲ့ အော်ပြီ ခွက်ထိုးခွက်လှန် ရယ်ပြန်ရော။ အဲဒီအသံဟာ အမေ့နား ထဲမှာ အသာယာဆုံးအသံ ဖြစ်လိမ့်မယ်။ အဲဒီအသံကို ကြားရလို့ အမေ့ရင်ထဲမှာ ရေတံခွန်ကြီးပေါက်နေသလို လှုတ်ခတ်နေမယ်။ တသွင်သွင်စီးတဲ့ စိမ့်စမ်းရေလို အေးမြကြည်လင်နေလိမ့်မယ်။

ပစ်စလက်ခတ်နေလွန်းတဲ့ သမီးတစ်ယောက် အမေ့ကို ရင်ကျိုးစေမယ့် အသံကိုသာ အမေမှတ်မိခဲ့ရင်...

※※※※

Fermatရဲ့ နိယာမနဲ့ အောင်မြင်မှုမှတ်တိုင်တစ်ခုကို ဖြတ်သန်းပြီးနောက် သိပ္ပံပညာရပ်ဆိုင်ရာ ဆွေးနွေးမှုတွေမှာ အဖူးအပွင့်တွေ ထွက်စပြုလာခဲ့တယ်။ သတ္တဖူးတို့ရဲ့ ရူပဗေဒပညာရပ်တွေအားလုံး ရုတ်တရက်ကြီး ပွင့်လင်းမြင်သာသွားတာတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် တိုးတက်မှုတွေ ခပ်မှန်မှန်လေး ရှိလာတယ်။

သတ္တဖူးတွေရဲ့ ရူပဗေဒဖော်မြူလာတွေက တကယ်ပဲ အမေတို့လူသားတွေနဲ့ ဇောက်ထိုးလွဲနေတယ်လို့ ဂယ်ရီအပြောအရ သိရတယ်။

လူသားတွေက အင်တီဂရယ်ကဲကုလ (integral calculus) သင်္ချာကို အသုံးပြုပြီး အဓိပ္ပာယ်ဖွင့်ဆိုကြတဲ့ ရူပ အက်ထွီဗျူ (attribute) တွေကို သတ္တဖူးတွေက အခြေခံအကျဆုံး အရာတွေလို့ မြင်ကြတယ်။ ဂယ်ရီပေးတဲ့ ဥပမာတစ်ခုက ရူပဗေဒစကားနဲ့ ‘action' လို့ခေါ်တဲ့ အက်ထွီဗျူ (attribute) တစ်ခုပေါ့။ အဲဒီ Action ဆိုတာ “အရွေ့စွမ်းအင်နဲ့ တည်ငြိမ်စွမ်းအင်တို့ကြားက ခြားနားမှုကိုယူပြီး အချိန်ပေါ်မှာ အင်တီဂရိတ်လုပ်ထားတာ” လို့ အဓိပ္ပာယ်ဖွင့်ဆိုတယ်တဲ့။ အဲဒါ ဘာကိုဆိုလိုတာလဲတော့ အမေ့လည်း ဘာသာမပြန်နိုင်းနဲ့။ မသိဘူး။ အဲဒီ အဓိပ္ပာယ် ဖွင့်ဆိုချက်ကို သင်္ချာနည်းအရဖော်ပြရင် အမေတို့လူသားတွေက ကဲကုလသင်္ချာကို သုံးရတယ်။ ဂြိုဟ်သားတွေအတွက်ကျတော့ မူလတန်းစာပဲတဲ့။

တစ်ဖက်မှာလည်း လူသားတွေအတွက် အခြေခံအက်ထွီဗျူ (attribute) တွေဖြစ်တဲ့ အလျင် (Velocity) လိုဟာမျိုးကိုဖော်ပြဖို့ ဂြိုဟ်သားတွေသုံးတဲ့ သင်္ချာ က ဂယ်ရီပြောတဲ့အတိုင်းဆို “အထွတ်အထိပ်တိုင်အောင် ဆန်းကြယ်” ပါတယ်တဲ့။ နောက်ဆုံးမှာတော့ ရူပဗေဒပညာရှင်တွေက သတ္တဖူးတွေရဲ့ သင်္ချာနဲ့ လူသားတွေရဲ့ သင်္ချာဟာ တန်းတူညီကြောင်း သက်သေပြနိုင်ခဲ့ကြတယ်။ တစ်ခုနဲ့တစ်ခု ပြောင်းပြန် တွေ ဖြစ်နေပေမဲ့ သင်္ချာစနစ်နှစ်ခုလုံးက တစ်ခုတည်းသော ရူပလောကကို ဖော်ပြနေ တာပါပဲတဲ့။

ရူပဗေဒပညာရှင်တွေ ဖော်ထုတ်နေကြတဲ့ အီကွေးရှင်းတွေကို အမေလည်း လိုက်လေ့လာ ကြည့်ပါသေးတယ်။ ဒါပေမယ့် မထူးပါဘူး။ အမေမှာ ‘Action’ လို ရုပ်အက်ထွီဗျူ (attribute) တွေရဲ့ အရေးပါမှုကို ဘယ်လိုမှ တိတိပပ နားမလည်ခဲ့ဘူး။ အဲလို အက်ထွီဗျူ (attribute) မျိုးကို အခြေခံအကျဆုံးလို့ ဂြိုဟ်သားတွေက ယူဆတဲ့အချက်ကလည်း ဘာကြောင့်ဒီလောက် အရေးကြီးနေရသလဲ မသိဘူး။ ဘာပဲဖြစ်ဖြစ် ကိုယ်လိုက်မီတဲ့

အကြောင်းအရာနယ်ပယ်တွေကိုတော့ ကြိုးစားပြီး စဉ်းစားတွေးခေါ်ခဲ့တယ်။ သတ္တဖူးတွေရဲ့ လောကအပေါ်အမြင်က ဘယ်လိုမျိုးလဲ။ အလင်းယိုင်ခြင်းဖြစ်စဉ်ကို ဖော်ထုတ်ရှင်းလင်းရာမှာ Fermat နည်းကို အခြေခံအကျ ဆုံးနည်းလို့ ဘာကြောင့် သတ်မှတ်ကြတာလဲ။ မက်ဆီမမ် (Maximum) နဲ့ မီနီမမ် (Minimum) ကို ဘယ်လိုထိုးထွင်းဉာဏ်မျိုးကြောင့် အလွယ်တကူသိမြင်ကြတာလဲ။

※※※※

သမီးရဲ့ မျက်လုံးတွေက သမီးအဖေလို အပြာရောင်မျက်လုံးတွေ ဖြစ်မှာ။ အမေ့လို ညိုပုပ်ပုပ် မဟုတ်ဘူး။ အမေ သမီးအဖေရဲ့မျက်လုံးတွေထဲကို တမေ့တမော ငေးစိုက်ပျော်ဝင်ခဲ့သလို၊ အခုလည်း ငေးစိုက်ပျော်ဝင်နေဆဲ ဖြစ်သလို၊ ကောင်လေးတွေက သမီးရဲ့ အဲဒီမျက်လုံးပြာပြာတွေကို စိုက်ကြည့်ပြီး ရူးသွပ်နေကြမှာ။ ဆံပင် အနက်နဲ့ မျက်လုံးအပြာတွဲစပ်မှုကို အမေ့လိုပဲ တအံ့တသြငေးမောနေကြမှာ။ သမီး ကို မေတ္တာရှိတဲ့ ကောင်လေးတွေ အများကြီးရှိလိမ့်မယ်။

သမီးအသက် ဆယ့်ငါးနှစ်အရွယ်ကို အမေမှတ်မိသေးတယ်။ ကျောင်းပိတ်ရက် နှစ်ရက်တာ သမီးအဖေတို့အိမ်မှာသွားနေတုန်း သူက သမီးတွဲနေတဲ့ ကောင်လေး တွေနဲ့ပတ်သတ်ပြီး သမီးကို အမှုစစ်သလို စစ်လွှတ်လိုက်တာလေ။ သမီး အဲဒီအိမ်က ပြန်လာတော့ ရှုံးရှုံးရှားရှားဖြစ်လာတာ။ ဆိုဖာပေါ်မှာ ကားယားကြီး ပစ်လှဲပြီး သမီး အဖေရဲ့ အသိကင်းမဲ့ပုံကို ပြန်လှန်ပြောပြနေမှာ။ “သူက ဘာပြောလဲသိလား. . . သူက ဆယ်ကျော်သက် ကောင်လေးတွေအကျင့်ကို အဖေကောင်းကောင်းသိတယ်နော် တဲ့. . ” ပြောရင်း စိတ်တိုတိုနဲ့ မျက်လုံးကို အပေါ်လှန်ပစ်လိုက်ဦးမယ် “သမီးက မသိတာကျနေတာပဲ”

“အပြစ်မတင်ပါနဲ့ဟယ်” လို့ အမေက ပြောလိမ့်မယ်။ “သူကဖအေလေ. မပြောဘဲ ဘယ်နေနိုင်ပါ့မလဲ။ အမေကတော့ ကောင်လေးတွေ သမီးအပေါ် အသားယူမှာ မစိုးရိမ်ပါဘူး။ သမီးအပေါင်းအသင်းတွေနဲ့ ပြောဆိုနေပုံကို အမေလည်း မြင်နေတာပဲ။ ပူမယ့်ပူ ကောင်လေးတွေအတွက်သာ ပူရမှာ”

“သူက သမီးကို ခုထိကလေးလိုပဲ သဘောထားချင်တာ။ သမီးအပျိုဖြစ် ကတည်းက သမီးကို စကားကောင်းကောင်း မပြောတတ်တော့ဘူး”

“အဲဒီ အပျိုဖြစ်တဲ့ အဆင့်ကိုပဲ သူရှော့ခ်ရနေတာလေ။ သမီးအဖေကို အချိန်နည်းနည်းပေးလိုက်ပါ”

“ဘယ်နှနှစ်တောင်ရှိပြီလဲ အမေရဲ့။ သူ ဘယ်လောက်တောင် အချိန်ယူ ရဦးမှာလဲ”

"အင်း. . . . အမေ့အဖေတောင် ခုထိအချိန်ယူလို့ မပြီးသေးဘူး. . . "

※※※※

ဘာသာဗေဒပညာရှင်တွေရဲ့ ဗီဒီယိုကွန်ဖရင့် အစည်းအဝေးမှာ မက်ဆာချူးဆက် ကြေးမုံစခန်းက ဆစ်နီရိုက စိတ်ဝင်စားဖို့ကောင်းတဲ့ မေးခွန်းတစ်ခုကို တင်ပြခဲ့တယ်။ သတ္တဖူး B ဝါကျ ဆမ်မာဂရမ်တစ်ခုကို ရေးတဲ့အခါ အစီအစဉ်လိုက် ရေးသလားတဲ့။ သတ္တဖူး A စကားနဲ့ ပြောတဲ့အခါ ဝါကျစဉ်ဆိုတာ လုံးဝအရေးမပါ မှန်းတော့ အမေတို့သိကြတယ်။ သတ္တဖူး တစ်ယောက် ပြောလိုက်တဲ့ ဝါကျတစ်ခုကို နောက်တစ်ခေါက် ပြန်ပြောပါလို့ တောင်းဆိုတိုင်း အဲဒီဝါကျကိုပဲ စကားစဉ်တစ်မျိုး ပြောင်းပြီး ပြန်ပြောတတ်တယ်။ စကားစဉ် မပြောင်းပါနဲ့လို့ သေသေချာချာတောင်းဆိုမှ မပြောင်းဘဲ အစဉ်အတိအကျ ပြန်ပြောပေးတတ်တာ။ သတ္တဖူး B ဘာသာမှာရော ဒီလိုပဲလား။

အဲဒီမတိုင်ခင်က သတ္တဖူး B ဝါကျတစ်ခုကို အဆုံးထိရေးပြီးသွားတော့မှ ထွက်လာတဲ့ပုံကို ကြည့်ပြီး သုံးသပ်ကြတာ။ ဆမ်မာဂရမ်ဝါကျတစ်ခုကို ဖတ်တဲ့အခါ စကားလုံးအစဉ်လိုက် ဖတ်စရာမလိုဘူးဆိုတာတော့ အမေတို့သိကြတယ်။ ဝါကျ အသိုက်ကြီးရဲ့ ကြိုက်တဲ့နေရာကို အစဆွဲထုတ်ပြီး ဆက်စပ်နေတဲ့ အခက်အဖြာတွေ နောက်ကိုလိုက်ပြီး ဝါကျဆုံးတဲ့အထိ ဖတ်သွားရတာ။ ဒါပေမယ့် ဒါက ဖတ်တာလေ။ ရေးတာကျတော့ရော။

နောက်တစ်ခေါက်တွေ့ကြတော့ ဖလပ်ဖလပ်နဲ့ ဖရူးဖရူးတို့ကို ဝါကျဆမ်မာ ဂရမ်ကို အပြည့် ရေးပြီး မှမပြဘဲ၊ ရေးနေပုံကိုပါပြဖို့ တောင်းဆိုခဲ့တယ်။ သူတို့ကလည်း သဘောတူခဲ့တယ်။ အမေ အဲဒီဆက်ရှင်မှာ ရိုက်ထားတဲ့ ဗီဒီယိုတိပ်ခွေကို စက်ထဲ ထည့်ပြီး ဖွင့်လိုက်တယ်၊ ကွန်ပျူတာပေါ်မှာတော့ အဲဒီဆက်ရှင်က အသံသွင်းထားတဲ့ ဖိုင်တွေကိုဖွင့်ပြီး တိုက်ကြည့်လိုက်တယ်။

စကားပြောတဲ့ထဲက အကြာကြီးပြောရတဲ့ အပိုင်းတစ်ပိုင်းကို ရွေးလိုက်တယ်။ ဖလပ်ဖလပ် ပြောထားတာက သူတို့ရဲ့ ဂြိုဟ်မှာ လနှစ်လုံးရှိတယ်။ တစ်လုံးက နောက်တစ်လုံးထက် တော်တော်လေး ကြီးတယ်။ ဂြိုဟ်ရဲ့ လေ အာဂွန်နဲ့ အောက်စီဂျင်ဓါတ်တွေ အဓိကပါဝင်ဖွဲ့စည်းထားတယ်။ ဂြိုဟ်ရဲ့ မျက်နှာပြင် ကို ၂၈ ပုံပုံရင် ၁၅ ပုံမှာ ရေထုဖုံးလွှမ်းနေတယ် လို့ပြောထားတာ။ အဲဒါရဲ့ ရှေ့ဆုံးက လေထုမှာ နိုက်ထရိုဂျင်၊ စကားလုံးတွေကို တိုက်ရိုက်ဘာသာပြန်ရရင် "မတူညီသော . . ၏ . . . . အရွယ် အစား ကျောက်သား ပတ်လည်ရာ. . . ကျောက်သားပတ်လည်ရာများ. . ဆက်နွယ်မှု .. ကဲ့သို့ . . အဓိက . . နှင့် . . ဆင့်ပွား" တဲ့။

※※※※

အဲဒီနောက် ဗီဒီယိုရဲ့ အချိန်အမှတ်အသားနဲ့ ကွန်ပျူတာထဲက စကားသံဂရပ်ရဲ့ အချိန်အမှတ်အသားကို တစ်ပြိုင်တည်းဖြစ်သွားအောင် ဗီဒီယိုကို ရစ်လိုက်တယ်။ ပြီးတော့ ဗီဒီယိုကိုဖွင့်ပြီး မှင်ပင့်ကူအိမ်လို ဆမ်မာဂရမ်တွေ ရစ်ပတ်ဖြာထွက် နေတာကို ကြည့်လိုက်တယ်။ အဲဒီလို အကြိမ်ပေါင်းများစွာ ပြန်ရစ်လိုက် ပြန်ကြည့်လိုက် လုပ်နေခဲ့တယ်။ အဲလိုနဲ့နောက်ဆုံးမှာ ပထမဆုံးစုတ်ချက်အပြီး၊ ဒုတိယစုတ်ချက်မစ ခင်နေရာမှာ ဗီဒီယိုကို ရပ်လိုက်တယ်။ ရပ်ထားတဲ့ ဖန်သားပြင်ပေါ်မှာ စုတ်ချက်ကွေး ကွေးလေး တစ်ချက်တည်းပဲ ပေါ်နေတယ်။

အဲဒီ ပထမဆုံးစုတ်ချက်ကို ဝါကျတစ်ခုလုံး အပြီးရေးထားတာနဲ့ ယှဉ်ကြည့်တဲ့အခါမှာ အဲဒီစုတ်ချက်တစ်ချက်ထဲမှာ ဝါကျထဲက အပိုင်းတွေအများကြီး ပါနေတာကို တွေ့ရတယ်။ စုတ်ချက်ရဲ့အစက “အောက်စီဂျင်” ဆိုတဲ့ စာလုံးထဲမှာ စတယ်။ တခြားဒြပ်စင်တွေနဲ့ မတူကွဲပြားတဲ့ ဒြပ်စင်ဖြစ်ကြောင်းပြတဲ့ နေရာမှာပါတဲ့ စုတ်ချက် ဖြစ်နေတယ်။ ပြီးတော့ စုတ်ချက်လေးက အောက်ကိုလျှောဆင်းသွားတဲ့အခါမှာ လနှစ်စင်းရဲ့အရွယ်အစားကိုနှိုင်းယှဉ်ပြတဲ့ ဝိဘတ်သွယ်ရာနေရာမှာ ပါနေပြန်တယ်။ နောက်ဆုံးကျတော့ “သမုဒ္ဒရာ“ ဆိုတဲ့ ဆမ်မာဂရမ်ရဲ့ ကျောရိုးခုံးနေရာက အကွေး ဖြစ်သွားတယ်။ ဒါပေမယ့် ဒီစုတ်ချက်က တစ်ဆက်တည်းဆွဲထားတာ။ ပြီးတော့ ဒါက ဖလပ်ဖလပ် ပထမဆုံးဆွဲလိုက်တဲ့ စုတ်ချက်။ ဒါဆိုရင် ဝါကျတစ်ခုလုံးရေးအပြီးမှာ ဘယ်လိုပုံစံ ထွက်လာမယ်ဆိုတာကို ဝါကျစမရေးခင်ကတည်းက သိနေပြီးသားဖြစ်နေ ရမယ်။

ဝါကျထဲက တခြားစုတ်ချက်တွေ အားလုံးမှာလည်း အဲဒီလိုပဲ ဝါကျအပိုင်းတွေ အများကြီးပါနေတယ်။ အဲဒါကြောင့် တစ်ခုနဲ့တစ်ခု ဘယ်လိုမှခွဲမရအောင် ဆက်နွှယ်နေကြတယ်။ ဝါကျထဲက စုတ်ချက်လေး တစ်ချက်ကို ခွဲထုတ်လိုက်တာနဲ့ ဝါကျတစ်ခုလုံးကို ပုံစံပြောင်းရေးရမှာ။ သတ္တဖူးတွေက ဝါကျဖွဲ့တဲ့အခါ ဆမ်မာဂရမ် တစ်လုံးပြီးမှ တစ်လုံး ရေးတာမဟုတ်ဘူး။ ဘယ်ဆမ်မာဂရမ်ပေါ်မှာမှ မူမတည်ဘဲ စုတ်ချက်တွေကို ချရေးပြီး ဝါကျတစ်ခုလုံးကို တည်ဆောက်ကြတာ။ လက်ရေးလှဒီဇိုင်း ပုံတွေမှာ ဒီလိုအဆင့်မြင့်မြင့် ပေါင်းစပ်ရေးသားတာကို တွေ့ဖူးတယ်။ အထူးသဖြင့် အာရဗီအက္ခရာတွေနဲ့ ရေးတဲ့အခါမှာ။ ဒါပေမယ့် အဲဒီလိုဒီဇိုင်းတွေက ကျွမ်းကျင်တဲ့ လက်ရေးလှပညာရှင်တွေကိုယ်တိုင် သေသေချာချာ ကြိုစီစဉ်တွက်ချက်ပြီးမှ ချရေးတာ။ ပုံမှန် စကားအပြန်အလှန်ပြောတဲ့ နေရာမှာ ဒီလောက်ရှုပ်ထွေးပြီး အနုစိတ်တဲ့ ဒီဇိုင်းတွေကို ဒီလောက် မြန်တဲ့နှုန်းနဲ့ ဘယ်သူမှ ချမရေးနိုင်ဘူး။ အနည်းဆုံး ဘယ်လူသားမှ မရေးနိုင်ဘူးလို့ ပြောရမယ်။

အမျိုးသမီးလူရွှင်တော်တစ်ယောက်ပြောတဲ့ ဟာသတခုကို

သွားသတိရတယ်။

"ကျွန်မ ကလေးအမေလုပ်ဖို့ အဆင်သင့်မဖြစ်လောက်သေးဘူး။ တစ်ခါက သူငယ်ချင်း ကလေးအမေတယောက်ကို မေးကြည့်ဖူးတယ်လေ "ဟဲ့ ငါ့မှာ ကလေးတွေဘာတွေ ရလာပြီဆိုပါတော့။ အဲဒီကလေးတွေ ကြီးလာတဲ့အခါကျ သူတို့ဘဝမှာ မကောင်းတာမှန်သမျှ ငါ့အပြစ်ချည်းပုံချကြမယ်ဆိုရင် ဘယ့်နှယ့်လုပ်မလဲ" လို့ မေးတာပေါ့။ အဲဒါသူက ဘယ်လိုပြန်ပြောလဲဆိုတော့.. "ဆိုရင်.. ဟုတ်လား. . ဟားဟားဟား" တဲ့။ "

အဲဒါ အမေ့အကြိုက်ဆုံး ဟာသပဲ။

ဂယ်ရီနဲ့အမေတို့ စခန်းထဲမှာနေရတာငြီးငွေ့လာရင် သွားနေကျ တရုတ်ထမင်းဆိုင်လေး တစ်ဆိုင်ရှိတယ်။ တစ်နေ့အဲဒီဆိုင်မှာ အမေအကြိုက်ဆုံး စားမြိန်စာတွေ၊ နှမ်းဆီနံ့သင်းသင်းနဲ့ ဝက်သားဖက်ထုပ်ကြော် မွှေးမွှေးလေးတွေ စားနေကြတာ။

အမေက ဖက်ထုပ်တစ်ခုကို ပဲငံပြာရည်နဲ့ ရှာလကာရည် စပ်ထားတဲ့ အချဉ်နဲ့တို့လိုက်တယ်။ "သတ္တဖူး B လေ့ကျင့်တာ ဘယ်အခြေအနေရောက်နေပြီလဲ" ဂယ်ရီက မျက်နှာကျက်ကို ခပ်ဆွေဆွေလှန်ကြည့်တယ်။ အမေက သူနဲ့ မျက်လုံးချင်းဆုံဖို့ ကြိုးစားတယ်။ ဒါပေမယ့် သူကရှောင်နေတယ်။ "လက်လျှော့လိုက်ပြီမို့လား. . . မှန်မှန်ပြော။ ကြိုးတောင်မကြိုးစားချင်တော့ဘူးမို့လား"

သူက မလုံမလဲဖြစ်သွားတဲ့ အမူအရာပြတယ်။ ကြည့်လို့ကောင်းလိုက်တာ။ ပြီးတော့ "ကျွန်တော်က ဘာသာစကားနဲ့ ပတ်သတ်ရင် အသုံးကိုမကျတာဗျ" လို့ ဝန်ခံတယ်။ "သတ္တဖူး B ကို လေ့လာတာက ဘာသာစကားတစ်ခုကို လေ့လာရတာထက် သင်္ချာလိုပညာရပ်တစ်ခုကို လေ့လာရတာနဲ့ ပိုတူမယ်လို့ ထင်ခဲ့တာ။ ဒါပေမယ့် မတူဘူးဗျ။ ကျွန်တော့်အတွက် တအားစိမ်းလွန်းနေတယ်"

"တတ်ထားတော့ သူတို့နဲ့ ရူပဗေဒတွေ ဆွေးနွေးလို့ရတာပေါ့"

"ရရင်ရမှာပေါ့။ ဒါပေမယ့် ဟိုတစ်ခါ ထိုးဖောက်အောင်မြင်ထားတဲ့အရှိန်ကြောင့် အခုဆို တစ်လုံးစနှစ်လုံးစ ရေးတတ်ရုံနဲ့တင် အလုပ်ဖြစ်နေပါပြီ"

အမေ သက်ပြင်းချတယ်။

"အင်း. . ပြောရင်လည်း ဟုတ်မယ်ထင်တာပဲ. . ကျွန်မလည်း အမှန်အတိုင်းဝန်ခံရရင် သင်္ချာကို နည်းနည်းမှဆက်မသင်နိုင်တော့ဘူး။

လက်လျှော့လိုက်တာကြာပြီ”

“ဒါဖြင့် ကျေပြီနော်”

“ကျေပါပြီ။” အမေ ရေနွေးတစ်ငုံ သောက်လိုက်တယ်။ “Fermat ရဲ့ နိယာမအကြောင်းတော့ နည်းနည်း မေးချင်သေးတယ်။ အဲဒီနိယာမက တစ်ခုခုထူးဆန်း နေသလိုပဲ။ လက်ဆုပ်လက်ကိုင်တော့ ထောက်မပြ တတ်ဘူး။ ဒါပေမယ့် ရူပဗေဒနိယာမ မဆန်သလိုပဲ. . ”

ဂယ်ရီမျက်လုံးတွေ လက်သွားတယ်။ “လူဝိစ်ပြောချင်တာ ကျွန်တော်သိတယ်” သူက ဖက်ထုပ်ကြော်တစ်ခုကို တူနဲ့ညှပ်ပြီး ခါးကနေပိုင်းလိုက်တယ်။ “လူဝိစ်က အလင်းယိုင်ခြင်းကို အကြောင်း ကြောင့် အကျိုးဖြစ်တဲ့သဘောတရားလို့ တွေးနေတာ။ ရေမျက်နှာပြင်နဲ့ထိတွေ့တာက အကြောင်း၊ အလင်းလမ်းကြောင်း ပြောင်းသွားတာက အကျိုး။ ဒါပေမယ့် Fermatရဲ့ နိယာမက အလင်းရောင်ရဲ့သဘာဝ ကိုဖော်ပြရာမှာ ပန်းတိုင်ကို မူတည်တဲ့သဘောတရားနဲ့ ပြထားတာ။ ဘာနဲ့တူလဲဆိုတော့ အလင်းတန်းကို ပညတ်ထုတ်ပေးလိုက်သလိုပဲ။ အသင်အလင်းတန်းသည် သင်၏ခရီးဆုံးမှတ်တိုင်သို့သွားရာတွင် အတိုဆုံး သို့မဟုတ် အရှည်ဆုံးလမ်းကိုသာ ရွေးရမည်. . .”

အမေ သူပြောသလို တွေးကြည့်တယ်။ “အင်း. . ဆက်ပြော”

“ဒါက တကယ်တော့ ရူပဗေဒသဘောတရားနယ်ပယ်မှာ ဒီမေးခွန်းမျိုး ဟိုးအရင်ကတည်းက မေးခဲ့ပြီးပါပြီ။ ၁၆၀၀ပြည့်နှစ် ပတ်လည်မှာ Fermat ရဲ့နိယာမ ထွက်လာကတည်းက ဒီမေးခွန်း စပေါ်ခဲ့တာ။ ပလန့်ခ်ကဆိုရင် ဒါနဲ့ပတ်သက်ပြီး စာတွေရေးထားတာ မနည်းဘူး။ ဒီလိုဗျ၊ သာမန် ရုပ်သဘောဆိုင်ရာ ဥပဒေသတွေကို ထုတ်ဖော်တာက အမှတ်မထင် ရှာဖွေတွေ့ရှိတဲ့သဘောပဲ။ ဒါပေမယ့် Fermat လို ပြောင်းလဲမှုသဘောပါတဲ့ နိယာမမျိုးကျတော့ တမင်စဉ်းစားတွေးခေါ်ဖော်ထုတ်တာမျိုး။ ဘာသာရေးတောင် ဆန်သလိုလိုရှိတယ်။”

“အင်း. . . . စိတ်ဝင်စားစရာပဲ. . . စဉ်းစားကြည့်ဦးမယ်” ဟိုနေ့က ဂယ်ရီ ကျောက်သင်ပုန်းပေါ်မှာ ဆွဲခဲ့တဲ့ပုံကို လက်သုတ်စက္ကူပေါ်မှာ ဆော့ပင်နဲ့ချဆွဲလိုက်တယ်။ ပြီးတော့ စိတ်ထဲမှာတွေးရင်း တစ်ခါတည်း ပါးစပ်ကပါ ထုတ်ပြောသွားလိုက်တယ်။ “အိုခေ. . . ဒီ အလင်းတန်းရဲ့ ပန်းတိုင်က အမြန်ဆုံးလမ်းအတိုင်းသွားဖို့ ဆိုပါစို့။ အဲဒီလို သွားဖြစ်အောင် ဒီအလင်းတန်းက ဘာတွေလုပ်ဖို့ လိုမလဲ. . .”

“အင်. . ကျွန်တော်တို့ လူ့သဘာဝ သဘောတရားနဲ့ ယှဉ်ပြီးပြောမယ်ဆိုရင်

ဒီအလင်းတန်းက ဖြစ်နိုင်ခြေရှိတဲ့ လမ်းကြောင်းတွေအားလုံးကို စစ်ဆေးကြည့်ရှုပြီး လမ်းကြောင်းတခုစီအတွက် ကုန်ကျမယ့် အချိန်အတိုင်းအတာကို တွက်ချက်ရလိမ့်မယ်” သူက ပန်းကန်ထဲမှာ နောက်ဆုံးကျန်နေတဲ့ ဖက်ထုပ်ကြော်ကို ကောက်ယူလိုက်တယ်။

အမေက ဆက်ပြောလိုက်တယ်။ “အဲဒီလို တွက်ချက်စစ်ဆေးဖို့ရာ ဒီ အလင်းတန်းဟာ သူ့ရဲ့ နောက်ဆုံးမှတ်တိုင် ကိုလည်း တိတိကျကျကြိုသိနေမှ ဖြစ်မယ်။ နောက်ဆုံးမှတ်တိုင်က တခြားတစ်နေရာ ဖြစ်နေရင် အဲဒီနေရာကို အမြန်ဆုံး ရောက်မယ့် လမ်းကြောင်းကလည်း တူမှာမဟုတ်ဘူး”

ဂယ်ရီက ခေါင်းညိတ်တယ်။ “မှန်တယ်။ နောက်ဆုံးမှတ်တိုင်ကို အတိအကျ အဓိပ္ပာယ် ဖွင့်ဆိုထားမှရမယ်။ နို့မို့ရင် အမြန်ဆုံးလမ်းကြောင်းကို ဘယ်လိုမှ သတ်မှတ်လို့ရမှာမဟုတ်ဘူး။ ပြီးတော့ ဘယ်လမ်းကြောင်းက ဘယ်လောက်ကြာမယ် ဆိုတာကို တွက်ချက်မယ်ဆိုရင်လည်း လမ်းကြောင်းပေါ်မှာ ဘာတွေရှိနေမလဲဆိုတာ သိဖို့လိုသေးတယ်။ ဥပမာ ရေမျက်နှာပြင်ရဲ့ တည်နေရာပေါ့”

အမေ စက္ကူစပေါ်က ပုံကို စိုက်ကြည့်နေမိတယ်။ “ပြီးတော့ အဲဒီအချက် အလက်တွေ အားလုံးကို အလင်းတန်းက ကြိုသိနေရမယ်မို့လား။ စမှတ်ကနေ မထွက်ခင်ကတည်းက သိနေရမှာနော်. . ”

“ဆိုပါတော့။ အလင်းတန်းက အစပိုင်းမှာ ထွက်ချင်သလို ထွက်လာပြီး လမ်းရောက်မှ အမြန်ဆုံးဖြစ်မယ့် လမ်းကြောင်းကိုတွက်ချက်ပြီး လမ်းကြောင်းပြောင်း ယူသွားလို့ မရဘူး။ အဲဒီလိုသွားမယ်ဆိုရင် ရလဒ်လမ်းကြောင်းက ဘယ်လိုနည်းနဲ့မှ အမြန်ဆုံး မဖြစ်နိုင်တော့ဘူး။ အလင်းတန်းက မစခင်ကတည်းက တွက်စရာရှိတာ တွေ အကုန်ကြိုတွက်ထားရမှာ”

အမေ့စိတ်ထဲမှာ တွေးနေမိတယ်. အလင်းတန်းက သူ့ခရီးဘယ်မှာ အဆုံးသတ်မယ်ဆိုတာကို အရင်ဆုံးသိထားမှ ဘယ်ဖက်ကိုဦးတည်ပြီး ထွက်ရမယ် ဆိုတာကို သိနိုင်မယ်။ ဒီနိယာမက အမေ့အတွက် ဘယ်နေရာမှာ ဘယ်လို ထူးဆန်းနေတာလဲဆိုတာ အမေသိသွားပြီ။ ဂယ်ရီကို မော့ကြည့်လိုက်တယ်။ “ကျွန်မ စိတ်ထဲ ခိုးလိုးခုလုဖြစ်နေတာ အဲဒါပဲ”

※※※※

သမီး အသက်ဆယ့်လေးနှစ်အရွယ်ကို အမေမှတ်မိသေးတယ်။ သမီးက အမျိုးစုံ လျှောက်ခြစ်ထားတဲ့ အဖုံးနဲ့ လက်ပ်တော့ကွန်ပျူတာကို လက်ထဲမှာကိုင်လို့

အခန်းထဲက ထွက်လာမှာ။ အိမ်စာလုပ်ရင်း တန်းလန်းကြီးလေ။

“အမေ့ နှစ်ဖက်စလုံးအနိုင်ရတဲ့အခါကို ဘယ်လိုခေါ်တာလဲ” အမေက ကွန်ပျူတာစားပွဲမှာထိုင်ပြီး စာတမ်းတစ်ခုရေးနေမှာ။ စာရေးနေ ရာကနေ အမေမော့ကြည့်ပြီး ပြောလိမ့်မယ်။ “ဘာလဲသမီး “ဝင်း-ဝင်း အခြေအနေ (win-win situation)” ကို ပြောတာလား”

“အဲဒီဟာကို ပညာရပ်ဆိုင်ရာ အသုံးအနှုန်းတခုနဲ့ ပြောတာရှိသေးတယ်။ သင်္ချာစကားလိုလို ဘာလိုလိုပဲ။ အဖေရှိတုန်းက စတော့ဈေးကွက်အကြောင်း ပြောတာလေ။ အဲဒီတုန်းက ထည့်သုံးတဲ့စကားလုံး”

“အင်း ... ရင်းတော့ရင်းနှီးနေသလိုပဲ. . . သူဘယ်လိုပြောသွားတာလဲ မမှတ်မိဘူး”

“အဲဒါသိမှဖြစ်မှာအမေရဲ့။ လူမှုရေးသိပ္ပံရီပို့တင်ရမှာ. . အဲဒါထည့်သုံး ချင်လို့။ ဘယ်လိုခေါ်မှန်းတောင် မသိတာ ဘယ်ကစရှာရမှန်းလည်း မသိတော့ဘူး”

“ဆောရီးပဲ သမီးရယ်။ အမေလည်း မသိဘူး။ သမီးအဖေကို ဖုန်းဆက် မေးပါလား”

သမီးကြည့်ရတာ အဲဒီလောက်အလုပ်ရှုပ်ခံချင်ပုံ မရဘူး။ အဲဒီအချိန်မှာ သမီးတို့ သားအဖ သိပ်မတည့်ကြဘူးလေ။ “အမေပဲ ဖုန်းဆက်ပြီး မေးပေးပါလား။ သမီးအတွက်မေးတာလို့ မပြောနဲ့နော်”

“ကိုယ့်ဖာသာ ဆက်ပါအေ”

သမီး ရှူးရှူးရှားရှား ဖြစ်သွားလိမ့်မယ်။ “ကျွတ်. . . အမေကလည်း အဖေနဲ့ကွဲပြီးကတည်းက သမီးကို အိမ်စာကူမလုပ်ပေးတော့ဘူး”

သမီးဟာ အမေတို့ ကွာရှင်းမိတဲ့အပြစ်ကို အံ့သြဖို့ကောင်းလောက်အောင် အသုံးချတတ်တယ်နော်။

“အမယ်လေး ကူလုပ်ပေးပါတယ်ဟယ်..."

“မလုပ်ပေးတာ နှစ်ပေါင်းတစ်သန်းလောက်ရှိပြီလေ အမေရဲ့”

အမေလည်း ဆက်မငြင်းတော့ဘဲ “အမေတတ်နိုင်တာဆိုရင် ကူမှာပါ။ အခုက အဲဒါဘယ်လိုခေါ်လဲ တကယ်မမှတ်မိလို့ပါဟယ်”

သမီးလည်း ကျွံမြီးတိုပြီး အခန်းထဲပြန်ဝင်သွားလိမ့်မယ်။

※※※※

အမေ သတ္တဖူး B ကို အခွင့်အရေးရတိုင်း လေ့ကျင့်ခဲ့တယ်။ တခြားဘာသာဗေဒပညာရှင်တွေနဲ့ရော၊ ကိုယ့်ဖာသာ သီးသန့်ရောပေါ့။ ဆမေဆီယောဂရပ်ဝေါဟာရ ရင်းမြစ်ပြ သင်္ကေတသုံးတဲ့ ဘာသာစကား တစ်ရပ်ကို ဖတ်ရတာက အသစ်အဆန်း ဖြစ်နေတော့ သတ္တဖူး A စကားကို လေ့လာရတာထက် အများကြီးပိုပြီး စိတ်ဝင်စားဖို့ ကောင်းနေတယ်။ အရေးအသားကလည်း ကျွမ်းကျင်လာလေလေ စိတ်လှုပ်ရှားဖို့ ကောင်းလေပဲ။ အချိန်တွေကြာလာတာနဲ့အမျှ အမေရေးတဲ့ဝါကျတွေကလည်း ပိုပြီး ပုံစံတကျ စုစုစည်းစည်း ဖြစ်လာတယ်။ နောက်ဆုံးမှာတော့ ဦးနှောက်က သိပ်တွေးမနေပဲ ဒီအတိုင်းချရေးလိုက်တာက ပိုလွယ်တဲ့အခြေအနေကို ရောက်လာတယ်။ ဝါကျတစ်ကြောင်းကို မရေးခင်ကြိုတွေးပြီး သေသေချာချာ အကွက်ချ စီစဉ်ပြီးမှ ရေးမယ့်အစား ဒီအတိုင်းလက်တန်းချရေးနိုင်လာတယ်။ ပြီးတော့ စရေးလိုက်တဲ့ စုတ်ချက်တွေကလည်း နောက်ဆုံးထွက်လာတဲ့ ပုံထဲမှာ သူ့နေရာနဲ့သူ အံဝင်ခွင်ကျဖြစ် သွားကြပြီး ထွက်လာတဲ့ပုံကလည်း အမေပြောချင်တဲ့အရာတွေကို အလှပဆုံးဒီဇိုင်းနဲ့ တင်ဆက်ပြသ နေတော့တယ်။ သတ္တဖူးတွေရဲ့ အစွမ်းအစမျိုး အမေ့ဆီမှာ တဖြည်းဖြည်း ဖြစ်ထွန်းလာနေခဲ့တာ။

ပိုပြီးစိတ်ဝင်စားဖို့ကောင်းတာ တစ်ခုရှိတယ်။ သတ္တဖူး B ဟာ အမေ့တွေးပုံတွေးနည်းတွေကို ပြောင်းပစ်နေတယ်။ အမေ့အတွက် အတွေးတွေးတယ်ဆိုတာ ခေါင်းထဲမှာ စကားပြောနေတာပဲလေ။ အမေတို့နယ်ပယ်မှာ ဒါကို အသံဖြင့်ဖွဲ့စည်းထားသော အတွေးများလို့ ခေါ်တယ်။ အမေ့ခေါင်းထဲကအသံက ပုံမှန်အားဖြင့် အင်္ဂလိပ် လိုပြောတယ်။ ဒါပေမယ့် အင်္ဂလိပ်လိုပြောကိုပြောမှ ဖြစ်တာတော့မဟုတ်ပါဘူး။ အမေ အထက်တန်းကျောင်းနောက်ဆုံးနှစ်တုန်းက ရုရှားဘာသာစကားကို စိတ်ရော ကိုယ်ပါ အလုံးစုံနှစ်ဝင်ပြီး သင်ယူရတဲ့အစီအစဉ်တစ်ခုမှာ ပါဝင်ခဲ့တယ်။ နွေရာသီ လည်းဆုံးရော အမေ့အတွေးတွေရော အိပ်မက်တွေပါ ရုရှားလို ဖြစ်ကုန်တယ်။ ဒါပေမယ့် အဲဒီရုရှားက အပြောစကား။ အရေးစကားမဟုတ်ဘူး။ ဒီတော့ တွေးနည်းက တစ်ပုံစံတည်းပဲ။ ခေါင်းထဲမှာ အသံတစ်သံနဲ့ စကားပြောနေတာပဲ။ သုံးတဲ့ ဘာသာစကား ပြောင်းသွားတာပဲ ရှိတယ်။

အသံမပါတဲ့ ဘာသာစကားတစ်ခုနဲ့ တွေးတဲ့သဘောကို အမေအမြဲ စိတ်ဝင်စားခဲ့တယ်။ အမေ့သူငယ်ချင်းတစ်ယောက်ဆိုရင် သူ့မိဘနှစ်ပါးလုံး ဆွံ့အ,နားမကြား ဖြစ်နေတာ။ သူတို့အိမ်မှာ ASL ဆိုတဲ့ အမေရိကန်သင်္ကေတဘာသာစကားနဲ့ ပြောကြတာပေါ့။ အဲဒါ သူက မကြာမကြာ ASL သင်္ကေတဘာသာစကားနဲ့ တွေးမိ တတ်တယ်တဲ့။

လူတယောက်ရဲ့အတွေးတွေကို လက်နဲ့ဖွဲ့စည်းထားတဲ့အခါ ဘယ်လို မျိုးနေမလဲလို့ အမေအမြဲတွေးဖူးတယ်။ ခေါင်းထဲမှာ အသံတစ်သံနဲ့ စကားပြောမယ့်အစား လက်နှစ်ဖက်နဲ့ပြောနေတာ ဘယ်လိုမျိုးလဲ။

သတ္တဖူး B နဲ့ ရင်ဆိုင်ရတဲ့အခါ အမေလည်း အဲဒီလိုပဲ အတွေ့အကြုံစိမ်း တစ်ခုကို ကြုံရတော့တယ်။ အမေ့အတွေးတွေက ရုပ်ပုံတွေနဲ့ဖွဲ့စည်းထားတာဖြစ်ဖြစ် လာတယ်။ တစ်ခါတလေ စိတ်ကူးထဲမှာမျောနေတုန်း အမေ့အတွေးတွေက အမေ့အတွင်းအသံနဲ့ တွေးနေတာမဟုတ်တော့ဘဲ ဆမ်မာဂရမ်တွေ ခေါင်းထဲမှာ ပေါ်နေတတ်တာ... ပြတင်းမှန်တံခါးကို နှင်းရိုက်တဲ့အခါ ရေခဲမှုန်အညွန့်အခက် တွေ ပြန့်ကားလာသလိုပဲ။

သတ္တဖူး B ကို ပိုကျွမ်းကျင်လာတဲ့အခါ ဆမ်မာဂရမ်ဒီဇိုင်းတွေကို တစ်ချက် ချင်းဆွဲရတာ မဟုတ်တော့ဘူး။ ပေါ်လာတာနဲ့ ပြီးပြီးသားပေါ်လာတာ ဖြစ်လာတယ်။ ရှုပ်ထွေးတဲ့သဘောတရားတွေ ကိုတောင် ဆမ်မာဂရမ်နဲ့ တစ်ပြိုင်နက်တည်း ရှင်းလင်း ဖော်ပြတတ်လာတယ်။ အတွေးတွေ မြန်လာတာတော့ မဟုတ်ဘူး။ အမေ့စိတ်က ရှေ့ကို အရှိန်နဲ့တိုးသွားမယ့်အစား ဆမ်မာဂရမ်တွေရဲ့ ခေါက်ချိုးညီမှုပေါ်မှာ စိတ်ကလည်း မျှခြေညီညီ တည်နေတယ်။ ဆမ်မာဂရမ်တွေကလည်း ဘာသာစကားတစ်ခု ထက် ပိုသလိုပဲ။ ဟိန္ဒူဘာသာနဲ့ ဗုဒ္ဓဘာသာသဘောတရားဖြစ်တဲ့ သံသရာစက်ဝန်းကို ကိုယ်စားပြုတဲ့ စက်ဝိုင်းသဏ္ဌာန်အခြေခံ အနုစိတ်ဒီဇိုင်းပုံတွေကို မြင်ဖူးတယ် မို့လား။ Mandala လို့ ခေါ်တယ်လေ။ အမေ့အတွေး ဆမ်မာဂရမ်တွေက အဲဒီ Mandala တွေနဲ့ ပိုတူလာတယ်။ အမေဟာ တစ်ခါတစ်ခါ အတွေးတွေကို ရှုမှတ်နေ မိတတ်တယ်။ အတွေးအဆောက်အအုံတွေနဲ့ သူတို့ရဲ့အဆုံးသတ်တွေ အချင်းချင်းဖလှယ်နိုင်ပုံတွေကို ရှုမြင်သုံးသပ် နေတတ်တယ်။ အဆိုပြုချက်တွေ တစ်ခုနဲ့တစ်ခု ဆက်နွယ်ပုံမှာ မြင်သာထင်ရှားတဲ့ ဦးတည်ရာလမ်းကြောင်း မရှိဘူး။ “အတွေးစဉ် အမျှင်တန်း” တစ်ခု လမ်းကြောင်းတစ်ကြောင်းအတိုင်း သွားနေတာမျိုး မရှိဘူး၊ တွေးခေါ်မြော်မြင်မှု တစ်ခုမှာပါဝင်တဲ့ အစိတ်အပိုင်းတွေအားလုံး ဘယ်သူက ဘယ်သူ့ထက် ပိုအရေးပါတယ် ရယ်လို့လည်း မရှိဘူး။ အားလုံးကို ထပ်တူဦးစားပေး ထားတယ်။

သတ္တဖူးတွေနဲ့ပတ်သက်လို့ အမေတို့လုပ်ရမယ့်လုပ်ငန်းစဉ်ကို အမေတို့ အမေရိကန်သိပ္ပံပညာရှင် တွေကို ရှင်းလင်းတင်ပြဖို့ နိုင်ငံခြားရေးဝန်ကြီးဌာနက ဟော့စ်နာ ဆိုတဲ့လူကို တာဝန်ပေးထားတယ်။ တစ်နေ့ အမေတို့တွေ ဗီဒီယိုကွန်ဖရင့်ခန်းထဲမှာထိုင်ပြီး သူလက်ချာပေးတာကို နားထောင်နေခဲ့ကြတယ်။ ဂယ်ရီနဲ့အမေက အချင်းချင်း မှတ်ချက်တွေဖလှယ်တိုင်း ဟော့စ်နာအနှောင့်အယှက်မဖြစ်အောင် မိုက်ကရိုဖုန်းကို ပိတ်ထားကြတယ်။ အဲဒီလို

နားထောင်နေတုန်း ဂယ်ရီတစ်ယောက် မျက်လုံးတွေ အပေါ်လှန်ပြလွန်းလို့ မျက်စိတောင်ပျက်တော့မလား စိုးရိမ်မိသေးတော့။

“ဒီထိတောင်ထွက်လာကြတာ အကြောင်းရင်းတော့ရှိကိုရှိရမယ်ဗျ” ဗီဒီယို အသံချဲ့စက်ထဲက ထွက်လာတဲ့အသံက မျှင်မျှင်စူးစူးလေး ဖြစ်နေတယ်။ “နယ်ချဲ့ဖို့ လာတာတော့ ဟုတ်ပုံမရဘူး။ ဘုရားမ,တာပဲ။ ဒါပေမယ့် နယ်ချဲ့ဖို့မဟုတ်ရင် ဘာလုပ်ဖို့ လာကြတာလဲ။ သူတို့က သယံဇာတရှာတဲ့သူတွေလား။ မနုဿဗေဒပညာရှင် တွေလား။ သာသနာပြုတွေလား။ ဘာကြောင့်ပဲလာလာ ကျွန်တော်တို့ဆီက တစ်ခုခု ကို လိုချင်လို့လာတာပဲဖြစ်ရမယ်။ ကျွန်တော်တို့ရဲ့ နေအဖွဲ့အစည်းထဲက သတ္တဝါတွေကို တူးဖော်ခွင့်လိုချင်လို့လည်း ဖြစ်နိုင်တယ်။ ကျွန်တော်တို့အကြောင်း အချက်အလက် တစ်ခုခု သိချင်လို့လည်း ဖြစ်နိုင်တယ်။ တရားဟောခွင့်လိုချင်လို့လည်း ဖြစ်နိုင်တာပဲ။ ဘာပဲဖြစ်ဖြစ် အကြောင်းတစ်ခုခုတော့ ရှိကိုရှိရမယ်”

“ကျွန်တော်ပြောချင်တာက ဒီလို။ သူတို့လာရတဲ့အကြောင်းရင်းက တစ်ခုခု ဖလှယ်ဖို့ ဟုတ်ချင်မှဟုတ်မယ်။ ဒါပေမယ့် ကျွန်တော်တို့ဖက်က သူတို့နဲ့အပေးအယူ လုပ်ဖြစ်သွားအောင် လုပ်ယူလို့တော့ ရတယ်။ သူတို့ဘာလိုချင်တယ် ဆိုတာကိုသာ သိဖို့လိုတာ။ အဲဒါသိတာနဲ့ ကျွန်တော်တို့ အပေးအယူကိစ္စတွေ စပြီးညှိနှိုင်းလို့ရပြီ”

“ကျွန်တော်တို့ သတ္တဖူးတွေနဲ့ ဆက်ဆံတဲ့နေရာမှာ ပဋိပက္ခဆန်ဖို့ မလိုဘူးနော်။ အဲဒါကို ကျွန်တော် အထူးအလေးထားပြီး ပြောချင်တယ်။ သူတို့ဖက်ကချည်းအယူ၊ ကျွန်တော်တို့ဖက်က အပေးချည်းပဲ ဖြစ်နေတဲ့အခြေအနေ မဟုတ်ဘူး။ ကျွန်တော်တို့ဖက်က အနိုင်၊ သူတို့က အရှုံးချည်း ဖြစ်ရမှာလည်း မဟုတ်ဘူး။ ကျွန်တော်တို့တွေ အခြေအနေအရပ်ရပ်ကို မှန်မှန်ကန်ကန်ကိုင်တွယ်မယ်ဆိုရင် သတ္တဖူး တွေရော ကျွန်တော်တို့ရော နှစ်ဖက်လုံးအတွက် အမြတ်ချည်းပဲ ဖြစ်လာနိုင်ပါတယ်”

“နွန်းဇီးရိုးဆမ်းဂိမ်း (Non-zero-sum game) ဖြစ်မှာလို့ ပြောတာလားဗျ”

ဂယ်ရီက မယုံနိုင်လောက်အောင် အံ့သြသွားတဲ့ အမူအရာကို တမင်ရွဲ့ပြီး လုပ်ပြတယ်။

“အိုးမိုင်ဂေါ့ရှ်”

※※※※

“နွန်းဇီးရိုးဆမ်းဂိမ်း Non-zero-sum game) ”

“ဘာရယ်. . . ” သမီးက အခန်းပေါက်ဝကနေ ပြန်လှည့်လာလိမ့်မယ်။

“နှစ်ဖက်လုံး အနိုင်ရမယ့် အခြေအနေလေ။ အမေ ခုပဲသတိရသွားတာ။ နွန်းဇီးရိုးဆမ်းဂိမ်း (Non-zero-sum game) လို့ ခေါ်တယ်”

“ဟုတ်တယ် ဟုတ်တယ်။ အဲဒါပဲ!” သမီးက ပြောပြောဆိုဆို ကွန်ပျူတာထဲ ရေးမှတ်လိုက်လိမ့်မယ်။

“ကျေးဇူးပဲနော် အမေ”

“အမေမှတ်မိသားပဲ. . . သမီးအဖေနဲ့ နှစ်ပေါင်းများစွာ အတူနေလာတာ ဒီလောက်တော့ မှတ်မိမှာပေါ့လေ. . "

“အမေမှတ်မိမယ်ဆိုတာ သမီးသိပါတယ်” သမီးက အမေ့ကို လှစ်ခနဲ လာဖက်သွားလိမ့်မယ်။ သမီးဆံပင်က ပန်းသီးနံ့လေး သင်းနေလိမ့်မယ်။ “အမေက ချစ်ဖို့အကောင်းဆုံးပဲ”

※※※※

“လူဝိစ်..”

“ဟင်- ဆောရီး ကျွန်မစိတ် တခြားရောက်သွားလို့။ ဘာပြောလိုက်တာလဲ”

“မစ္စတာဟော့စ်နာကို ဘယ်လိုထင်လဲလို့ မေးနေတာ”

“ဘယ်လိုမှ မထင်ချင်ဘူး”

“ကျွန်တော်လည်း ဘယ်လိုမှမထင်ဖို့ ကြိုးစားကြည့်တာပဲ။ အစိုးရကို ခေါက် ထားရင် အစိုးရကလည်း ကျွန်တော်တို့ကို ပြန်ခေါက်ထားမလားလို့။ မထားဘူးဗျ”

ဂယ်ရီတင်ပြတဲ့အဆိုကို သက်သေခံနေတဲ့အလား ဟော့စ်နာက ဆက်ပွား နေတယ်။ “ခင်ဗျားတို့ ချက်ချင်းလုပ်ရမယ့်တာဝန်က ခုချိန်ထိဘာတွေလေ့လာသိရှိပြီး ပြီလဲဆိုတာကို ပြန်တွေးဖို့ပဲ။ ကျွန်တော်တို့ ဖက်ကို အထောက်အကူဖြစ်စရာ ဘာရှိသလဲ သုံးသပ်ကြည့်ပါ။ သတ္တဖူးတွေ ဘာလိုချင်တာလဲ။ ဘာကို တန်ဖိုးထားသလဲ။ အဲဒါ တစ်နည်းနည်းနဲ့ သူတို့ပြတာရှိလား”

“ဟာ.. အဲလိုသုံးသပ်ဖို့ တစ်ခါမှမတွေးမိခဲ့ပါဘူး။ ကျွန်မတို့ ချက်ချင်း အကောင်အထည် ဖော်လိုက်ပါမယ်ရှင့်” လို့ အမေက ပြောလိုက်တယ်။

“ခက်တာက ကျွန်တော်တို့မှာ လုပ်စရာဆိုလို့လဲ အဲဒါပဲရှိတယ်ဗျာ...” တဲ့။

ဂယ်ရီက ဝင်ထောက်ခံတယ်။

ဟော့စ်နာက "ဘာမေးစရာရှိသေးလဲ" လို့မေးတယ်။

ဝေါ့သ်ခံတပ်ကြေးမုံစခန်းက ဘာဂ်ဟော့ဆိုတဲ့ ဘာသာဗေဒပညာရှင်က ထပြောတယ်။ "ဒီကိစ္စကို သတ္တဖူးတွေနဲ့ပြောတာလည်း အကြိမ်ပေါင်းမနည်းတော့ဘူး။ သူတို့က လာကြည့်တာလို့ပဲ အမြဲပြောတယ်။ သတင်းအချက်အလက်တွေကို ဖလှယ်လို့ မရဘူးလို့လည်း အမြဲပြောတယ်"

ဟော့စ်နာက "သူတို့ကတော့ အဲဒီလိုပဲပြောတာပဲပေါ့။ ဒါပေမယ့် တွေးကြည့်စမ်းပါ။ အဲဒါဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ သတ္တဖူးတွေက တစ်ခါတလေ စကားမပြောဘဲ ခဏတဖြုတ် ရပ်ကြည့်နေတတ်ကြတယ်မို့လား။ အဲဒါတော့ ကျွန်တော်သိပါတယ်။ ဒါကလည်း သူတို့ဖက်က စစ်ဆင်ရေးလှည့်ကွက်တစ်မျိုးလည်း ဖြစ်နိုင်တာပဲ။ အကယ်၍ မနက်ဖြန် ကျွန်တော်တို့ သူတို့နဲ့ လုံးဝစကားမပြောဘဲ နေလိုက်မယ်ဆိုပါစို့. . . . "

ဂယ်ရီက "သူပြောတဲ့ထဲမှာ စိတ်ဝင်စားစရာပါလာရင် ကျွန်တော့်ကို နှိုးစမ်းပါ... " တဲ့။

"ဟင် ကျွန်မကလည်း အဲဒါပြောမလို့ပဲ... "

Fermat ရဲ့ နိယာမကို ရှင်းပြတုန်းက ရူပဗေဒနိယာမတွေ အားလုံးနီးပါးကို ပြောင်းလဲတဲ့ သဘောတရားပါတဲ့ နိယာမတွေအဖြစ် ဖော်ပြလို့ရတယ်လို့ ဂယ်ရီက ပြောခဲ့ဖူးတယ်။ ဒါပေမယ့် လူသားတွေက ရုပ်သဘာဝနိယာမတွေကို တွေးတောတဲ့အခါ သာမန်ဖော်ပြနည်းပေါ်မှာပဲ တွေးခေါ်သုံးသပ်လေ့ရှိကြတယ်။ ဒါကို အမေနားလည်တယ်။ လူသားတွေ အထူးတလည်မစဉ်းစားရဘဲ သဘာဝအတိုင်းနားလည်နိုင်တဲ့ ရူပအက်ထ်ရီဗျူ (attribute) တွေဖြစ်တဲ့ အရွေ့စွမ်းအင်တို့ အရှိန်တို့ဆိုတာတွေက အချိန်တစ်ခုမှာရှိနေတဲ့ အရာဝတ္ထုတစ်ခုရဲ့ ဂုဏ်သတ္တိကိုဖော်ပြတဲ့ အက်ထ်ရီဗျူ (attribute) တွေ ဖြစ်နေတယ်။ အဲဒီအက်ထ်ရီဗျူ (attribute) တွေက အချိန်ကာလ အစဉ်အတိုင်းဖြစ်သွားတဲ့ အဖြစ်အပျက်တွေနဲ့ ပုံမှန်အတိုင်းယှဉ်ပြီးသွားနေတယ်။ ကာလတစ်ခု ပေါ်ကနေ နောက်ထပ်ကာလတစ်ခု ထပ်ဖြစ်လာတာ။ အကြောင်းနဲ့အကျိုး တွေက ကွင်းဆက်လို ဆင့်ကဲဆင့်ကဲ ဆက်စပ်ပြီး အတိတ်ကနေအနာဂတ်ဆီကို အစဉ်လိုက်တန်းသွားတာ။

တစ်ဖက်မှာကျတော့ သတ္တဖူးတွေအတွက် သဘာဝအတိုင်းနားလည်နိုင်တဲ့ အက်ထ်ရီဗျူ (attribute) တွေ၊ ဥပမာ action လိုဟာမျိုးတွေ၊ တခြား အင်တီဂရယ် နည်းနဲ့ဖော်ပြရတဲ့ဟာတွေကျတော့ အချိန်ကာလ အပိုင်းအခြားတစ်ခုကို ခြုံကြည့်မှ

အဓိပ္ပာယ်ရှိကြတာ။ ဒါတွေကျတော့ အချိန်အတိုင်း ဖြစ်သွားတဲ့ အဖြစ်အပျက်တွေနဲ့ ယှဉ်ပြီးသွားနေတာ မဟုတ်တော့ဘူး။ ကြောင်းကျိုးဆက်စပ်ဖြစ်ပွားပုံတွေနဲ့ ယှဉ်ပြီး သွားနေတာ။ ဒီအဖြစ်အပျက်တွေကို အချိန်ကာလအပိုင်းအခြားတစ်ခုစာ ခြုံပြီးကြည့် တဲ့အခါမှာ ပြည့်မီစရာလိုအပ်ချက်တစ်ခု (မီနီမမ်ဖြစ်ဖို့၊ မက်ဆီမမ်ဖြစ်ဖို့ ဆိုတာမျိုးပေါ့) ရှိတယ်ဆိုတာ မြင်ရတယ်။ အဲဒီရလဒ်ပန်းတိုင်ကို ဖြည့်ဆည်းရာမှာ အစအခြေအနေနဲ့ အဆုံးအခြေအနေတွေကို သိထားရမယ်။ အကြောင်းတွေကို စမလုပ်ခင် အကျိုးဆက်တွေကို ကြိုသိထားရမယ်။

အမေ အဲဒါကိုလည်း နားလည်စပြုနေပြီ။

※※※※

"ဘာလို့လဲ" လို့ သမီးကတစ်ခါထပ်မေးပြန်ပြီ။ အဲဒီတုန်းကသမီးအသက်က သုံးနှစ်ရှိနေလိမ့်မယ်။

"အိပ်ချိန်ရောက်နေလို့ပေါ့" လို့ အမေက တစ်ခါထပ်ဖြေရဦးမယ်။ သမီး ရေချိုးပြီးပြီ၊ ညဝတ်အင်္ကျီ၊ ဘောင်းဘီဝတ်ပြီးပြီ။ သမီး ရေချိုးပြီးပြီ၊ ညဝတ်အင်္ကျီ၊ ဘောင်းဘီဝတ်ပြီးပြီ။ အဲဒီအဆင့်ကနေ ရှေ့မဆက်နိုင် သေးဘူး။

"သမီးမှ မအိပ်ချင်တာ. . " သမီးက ပြုံပြုံစူစူလုပ်ဦးမှာ။ သမီးက စာအုပ်စင်နားမှာရပ်ပြီး ဗီဒီယိုခွေ တစ်ခွေကို ဆွဲချနေမှာ။ အိပ်ချိန်တန်ရင် အိပ်ခန်းထဲ မသွားရအောင်လုပ်တဲ့ သမီးရဲ့ အာရုံလွှဲနည်းပေါင်းစုံထဲက နောက်ဆုံးပေါ် နည်းတစ်နည်းပေါ့။

"အိပ်ချင်ချင် မအိပ်ချင်ချင် အိပ်ရာဝင်ရမယ်"

"ဘာလို့လဲဆိုတော့ အမေက အမေမို့လို့။ အမေပြောတာ နားထောင် ရမယ်၊ ဒါပဲ"

အမေက အဲဒီလိုကြီး တကယ်ပြောမှာလား။ အမယ်လေးဘုရားရေ... ငါ့နှယ် သေသာသေလိုက်ပါတော့။

သမီးကို ကောက်ချီပြီး ချိုင်းကြားမှာညှပ်လို့ အိပ်ခန်းထဲခေါ်သွားလိမ့်မယ်။ သမီးက တစ်ချိန်လုံး သနားစရာအော်ငိုနေမှာ။ ဒါပေမယ့် အမေက ကိုယ်စိတ်ညစ်နေ တာကိုပဲ အဓိကခံစားနေမိမှာ။ ကိုယ်ကြီးလာလို့ ကလေးရခဲ့ရင် ကလေးက တစ်ခုခု မေးတဲ့အခါ ဘယ်လိုစိတ်ရှည်ရှည်ထားပြီး ကလေးကို ကိုယ်ပိုင်အသိဉာဏ် ရှိတဲ့ လူသားတစ်ယောက်အဖြစ်နဲ့ ဘယ်လိုဆက်ဆံမှာ၊ ဘယ်လိုကြောင်းကျိုးဆီလျော်တဲ့ အဖြေတွေ ပေးလိုက်မှာလို့ ကိုယ့်ကိုယ်ကိုယ် ကတိပေးခဲ့တာတွေလည်း သဲထဲရေသွန် ဖြစ်ကုန်တော့မယ်။ အမေဟာ အမေ့အမေတုန်းကလိုပဲ

ပြုမူမိပြန်ဦးမယ်။ အမေ ကြိုက်သလောက် ကြိုးစားရုန်းကန်ပါစေဦးတော့ အဲဒီလမ်းဟောင်းကြီးကိုပဲ လျှောက်မိ ပြီး နောက်ဆုံး အဲဒီဘူတာဟောင်းကြီးကိုပဲ ဆိုက်မှာပါပဲ။

※※※※

အနာဂတ်ကို တကယ်ပဲကြိုသိနိုင်မှာလား။ ကြိုပြီးခန့်မှန်းရုံပဲ မဟုတ်ဘူးလေ။ ဘာတွေဖြစ်မယ်ဆိုတာကို အသေးစိတ်ကအစ အတိအကျ ကွက်ကွက်ကွင်းကွင်း ကြိုသိနေတာမျိုးကို ပြောတာ။ တစ်ခါက ဂယ်ရီပြောဖူးတယ်။ ရူပဗေဒရဲ့ အခြေခံ ဥပဒေသတွေက အချိန်ပေါ်မှာ ခေါက်ချိုးညီတယ်တဲ့။ အတိတ်နဲ့ အနာဂတ်မှာ ရုပ်အားဖြင့် အပြောင်းအလဲမရှိဘူးတဲ့။ တချို့ကတော့ “အင်း သီအိုရီအရ ဖြစ်နိုင်ပါတယ်” လို့ပြောရင်ပြောမှာပေါ့။ ဒါပေမယ့် လက်တွေ့ကျကျ အတိအကျ ပြောရမယ် ဆိုရင် အများစုက မဖြစ်နိုင်ဘူးလို့ပြောလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ Freewill ဆိုတဲ့ သတ္တဝါတွေရဲ့ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကြောင့်ပါပဲ။ ဒီကန့်ကွက်ချက်ကို ဘော့လ်ဂဲဆန်ဆန် ပုံပြင်ဒဏ္ဍာရီဖန်တီးခြင်းလို့ တွေး ချင်တယ်။ မဟာရာဇဝင်စာအုပ်ကြီးရှေ့မှာ လူတစ်ယောက်ရပ်နေတယ်ဆိုပါတော့။

ဒီစာအုပ်ကြီးက အတိတ်နဲ့အနာဂတ်မှာ ဖြစ်ပြီး၊ ဖြစ်လတ္တံ့သောအဖြစ်အပျက်အားလုံး ကို အစဉ်လိုက် မှတ်တမ်းတင်ထားတယ်။ စာလုံးတွေကို အသေးဆုံးချုံ့ထားတာတောင်မှ စာအုပ်ကြီးက ရောမကြီး ဖြစ်နေသေးတယ်။ ဒီလူက မှန်ဘီလူးကြီးကိုကိုင်ပြီး တစ်ရှူးစက္ကူလောက်ပါးတဲ့ စာမျက်နှာတွေကို လှန်ကာလှန်ကာနဲ့ သူ့ဘဝဇာတ် ကြောင်းကို ရေးထားတဲ့နေရာကို ရှာဖတ်မယ်။ မဟာရာဇဝင်စာအုပ်ကြီးကို သူလှန်နေတဲ့အကြောင်း ရေးထားတဲ့ စာပိုဒ်ဆီ သူရောက်လာမယ်။ ပြီးတော့ နောက်ကော်လံ တစ်ခုဆီကို ကျော်ဖတ်လိုက်မယ်။ သူဟာ ဘာမထီဆိုတဲ့ ပြိုင်မြင်းကို ဒေါ်လာတစ်ရာ ဖိုး လောင်းလိမ့်မယ်၊ အဆနှစ်ဆယ် ပြန်နိုင်လိမ့်မယ်လို့ ရေးထားတာတွေ့မယ်။ အဲဒီလိုရေးထားတဲ့အတိုင်းလိုက်လုပ်ဖို့ သူစဉ်းစားမိလိမ့်မယ်။ ဒါပေမယ့် တော်လှန်တတ်တဲ့ဉာဉ်လေး ရှိသူဆိုတော့ မြင်းလုံးဝမလောင်းဘဲနေလိုက်ဖို့ ရွေးလိုက်မယ် ဆိုပါစို့။

ပြဿနာက ဒီမှာလာပြီ။ မဟာရာဇဝင်စာအုပ်ကြီးက မမှားဘူး။ မှားလို့လည်း မရဘူး။ ဒီဇာတ်လမ်းမှာ ဒီလူဟာ အမှန်တကယ်ဖြစ်ကို ဖြစ်လာမယ့်အနာဂတ်ကို အတိအကျသိလိုက်ရတာဆိုတဲ့ အဆိုပေါ် မူတည်ထားတာနော်။ ဖြစ်နိုင်ခြေရှိတဲ့ အနာဂတ်တစ်ခုကို သိလိုက်ရတာ မဟုတ်ဘူး။ ဒီဇာတ်လမ်းက ဂရိဒဏ္ဍာရီတစ်ပုဒ် ဆိုရင် ဒီလူဘာလုပ်လုပ်၊ ဘယ်လိုကြိုးစားကြိုးစား၊ နောက်ဆုံးမှာ သူ့ကြမ္မာစီရင်တဲ့ အတိုင်း

ဖြစ်ကိုဖြစ်လာအောင် ပတ်ဝန်းကျင်အခြေအနေအရပ်ရပ်က အတင်းတွန်းပို့ကြလိမ့်မယ်။ ဒါပေမယ့် ဒဏ္ဍာရီတွေထဲက ရှေ့ဖြစ်ဟောချက်ဆိုတာတွေက သည်းသည်းကွဲကွဲ ရှင်းရှင်းလင်းမဟုတ်တတ်တာ လူတိုင်းသိတယ်။ အခု မဟာရာဇဝင်စာအုပ် ကြီးကျတော့ လုံးဝတိကျတယ်။ ဒါပေမယ့် စာအုပ်ထဲမှာ ရေးထားတဲ့အတိုင်းဖြစ်အောင် ဒီလူကို အတင်း မြင်းလောင်းခိုင်း လို့လည်း မရဘူး။ ဒီတော့ ရလဒ်က ဝိရောဓိဖြစ်သွားတယ်။ အမှန်တရား၁- မဟာရာဇဝင်ကြီးက မှန်ကိုမှန်တယ်။ အမှန်တရား၂- စာအုပ်ထဲမှာ ဘာပဲရေးထားရေးထား ဒီလူကစာအုပ်နဲ့ ဆန့်ကျင်ဖက်ကိုလုပ်ဖို့ ရွေးချယ်နိုင်တယ်။ ဒီလိုဆိုရင် ဒီအမှန်တရားနှစ်ခုကို ဘယ်လိုပေါင်းစပ်ကြမလဲ။

မဟာရာဇဝင်ကြီးလို စာအုပ်မျိုးဟာ ယုတ္တိဗေဒအရမဖြစ်နိုင်တဲ့ အရာတစ်ခုပဲ။ သာမန် အတိုင်းပြောမယ်ဆိုရင် ပေါင်းစပ်လို့မရနိုင်ဘူးလို့ပဲ အဖြေထွက်မယ်။ ရှေ့မှာပြောခဲ့တဲ့ ဝိရောဓိကြောင့်ကိုပဲ မဖြစ်နိုင်တာ။ ဒါမှမဟုတ် နည်းနည်း ရက်ရက် ရောရောတွေးပေးမယ်ဆိုရင် မဟာရာဇဝင်ကြီး ရှိနိုင်တယ်။ ဘယ်သူမှ ဖတ်လို့မရရင်ပေါ့။ အထူးသီးသန့်တစ်နေရာမှာ သိမ်းထားမယ်၊ ဖွင့်ဖတ်ခွင့် ဘယ်သူ့မှာမှမရှိဘူး ဆိုရင်ပေါ့။

Free will ရှိနေတယ်ဆိုကတည်းက အနာဂတ်ကို မသိနိုင်ဘူးဆိုတ အဓိပ္ပာယ် အလိုလို သက်ရောက်တယ်။ Free will ရှိတယ်ဆိုတာကို သိကြတာကလည်း တိုက်ရိုက်တွေ့ကြုံခံစားနေရလို့လေ။ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဆိုတာ အသိဉာဏ်ရဲ့ မွေးရာပါအစိတ်အပိုင်းတစ်ခုပဲ မဟုတ်လား။

ဟုတ်ပါ့မလား။ ဟုတ်ရဲ့လား။ အနာဂတ်ကိုသိလိုက်ရခြင်းဟာ လူတစ်ယောက်ကို ပြောင်းလဲသွားစေမယ် ဆိုရင်ရော။ အဲဒီလိုသိလိုက်ရခြင်းကြောင့် ဒီလူဟာ အနာဂတ်မှာ ကိုယ်လုပ်မယ့်အရာ တစ်ခုကို အတိအကျ လုပ်ကိုလုပ်ရမယ့် ဝတ္တရားကို သိစိတ်တစ်ခု၊ ဒါမှမဟုတ် လုပ်ဖြစ်ဖို့ ဘယ်လောက် အရေးကြီးတယ်ဆိုတာကိုသိတဲ့ သိစိတ်တစ်ခု နိုးထလာမယ် ဆိုရင်ရော။

※※※※

ရုံးမဆင်းခင် ဂယ်ရီရုံးခန်းဖက် လျှောက်သွားခဲ့တယ်။ “ကျွန်မတော့ ဒီနေ့အဖို့ တော်ပြီ။ တစ်ခုခု သွားစားကြမလား”

“ကောင်းသားပဲ။ ခဏလေးစောင့်နော်” လို့ သူကပြောပြီး ကွန်ပျူတာကို ပိတ်ပြီးတော့ စာရွက်တချို့ကို စီထပ်နေတယ်။ ပြီးမှ အမေ့ကို မော့ကြည့်ပြီး “ကျွန်တော့်အိမ်မှာ ထမင်းလိုက်စားပါလား။ ကျွန်တော်ချက်မယ်လေ”

အမေ သူ့ကို ဇဝေဇဝါနဲ့ ကြည့်လိုက်တယ်။ “ဟင်းချက်တတ်လို့လား”

"အဲဒီတစ်မျိုးတည်း ချက်တတ်တာပါ" လို့ သူဝန်ခံတယ်။ "ဒါပေမယ့် ဟင်းကကောင်းတယ်လေ"

"ကောင်းပြီ။ စိမ်လိုက်လေ" လို့ အမေကပြောလိုက်တယ်။

"ဟုတ်ပြီ။ ဟင်းထဲထည့်ဖို့ပစ္စည်းတွေ လမ်းမှာဝင်ဝယ်ရမယ်"

"ဟာ- ဒါဖြင့် ဒုက္ခမရှာ. . ."

"ကျွန်တော့်အိမ်ကိုသွားတဲ့လမ်းမှာ ဈေးရှိတယ်လေ။ ဘယ်လောက်မှ မကြာပါဘူး"

အမေတို့ ကိုယ့်ကားကိုယ် မောင်းသွားလိုက်ကြတယ်။ သူ့ကားက ရှေ့က။ အမေ့ကားက နောက်က။ သွားရင်းနဲ့ ကားပါကင်တစ်ခုထဲကို ရုတ်တရက်ကြီး ကွေ့ချလိုက်တော့ အမေ သူ့ကို မျက်ခြေတောင် ပြတ်တော့မလို ဖြစ်သွားသေးတယ်။ ဈေးက သူဌေးစာတွေရောင်းတဲ့ဈေးပဲ။ သိပ်တော့မကျယ်ဘူး ဒါပေမယ့် ပစ္စည်းစုံတယ်။ စပယ်ရှယ် မီးဖိုအသုံးအဆောင်တွေ စီရရီတင်ပြထားတဲ့ စတီးစင်တန်းရဲ့ ဘေးကပ် လျှက်မှာ နိုင်ငံခြားက တင်သွင်းလာတဲ့ ဟင်းခတ်စရာတွေကို ဖန်ဂျားအကြီးကြီးတွေနဲ့ ပြည့်သိပ်နေအောင် ထည့်ထားတယ်။

ဂယ်ရီက ပင်စိမ်းရွက်၊ ခရမ်းချဉ်သီး၊ ကြက်သွန်ဖြူ၊ အီတလီခေါက်ဆွဲပြား တွေဝယ်တယ်။ အမေက နောက်ကနေ တကောက်ကောက်ပေါ့။

"ဘေးကပ်ရပ်မှာ ငါးစိမ်းတန်းရှိတယ်။ အဲ့မှာ ခရုကမာ လတ်လတ်ဆတ် ဆတ်တွေ ရတယ်"

"ကောင်းသားပဲ"

အမေတို့နှစ်ယောက် မီးဖိုချောင်အသုံးအဆောင်တွေတင်ထားတဲ့ စင်တွေ နားက ဖြတ်လျှောက်သွား ကြတော့ စင်တွေပေါ် လျှောက်ငေးမိတာပေါ့။ ငရုတ်ကောင်း ကြိတ်စက်တွေ၊ ကြက်သွန်ဖြူ ခြေတဲ့ဟာတွေ. . အရွက်သုပ်ခပ်ဖို့ ညှပ်တွေ. . . ကြည့်ရင်း အရွက်သုပ်ထည့်ဖို့ သစ်သားနဲ့လုပ်ထားတဲ့ ဇလုံကြီးဆီ အကြည့်ရောက် သွားခဲ့တယ်။

သမီးအသက် သုံးနှစ်အရွယ် ရောက်တဲ့အခါ မီးဖိုချောင်ထဲက ကောင်တာ ပေါ်မှာ တင်ထားတဲ့ လက်သုတ်ဝတ်တစ်ထည်ကို သမီးက လှမ်းဆွဲလိမ့်မယ်။ လက်သုတ်ဝတ်နဲ့အတူ အဲဒီ သစ်သားဇလုံကြီးပါ ပါလာပြီး သမီးပေါ် ပြုတ်ကျလိမ့်မယ်။ အမေက ဇလုံကြီးကို လှမ်းဆွဲလိမ့်မယ်။ ဒါပေမယ့် မမီလိုက်ဘူး။ ဇလုံနှုတ်ခမ်းသားနဲ့ သမီးနဖူးနဲ့တွေ့ပြီး နဖူးကွဲလို့ တစ်ချက်တိတိ ချုပ်ရလိမ့်မယ်။

အရွက်သုပ်ထဲထည့်တဲ့ ဆီဆာဆလတ်အရည်တွေပေကျံလို့ တရှုံ့ရှုံ့ငိုနေတဲ့ သမီးကို အမေနဲ့အဖေတို့ဖက်ပြီး အရေးပေါ်ဌာနမှာ နာရီပေါင်းများစွာကြာအောင် တန်းစီစောင့်ကြရဦးမှာ။ အမေ စင်ပေါ်ကို လက်လှမ်းပြီး သစ်သားဇလုံကြီးကို ဆွဲယူလိုက်တယ်။ အဲဒီလိုဆွဲယူလိုက် တဲ့အခါ ဘယ်လိုအတင်းအကျပ် ဖိအားပေးတဲ့ ခံစားချက်မျိုးမှ မရှိခဲ့ပါဘူး။ သမီး ပေါ်ကို ပြုတ်ကျလာတဲ့ဇလုံကြီးကို လှမ်းဆွဲလိုက်တုန်းကလို အရေးတကြီး လှမ်းဆွဲ လိုက်မိတာပဲ။ အလိုအလျောက်ဖြစ်လာတဲ့ လှုပ်ရှားမှုတခုကို စိတ်သက်သက်သာသာနဲ့ လုပ်လိုက်မိတာပဲ။

"ဒီလို အသုပ်ဇလုံမျိုး လိုနေတာ... "

ဂယ်ရီက ဇလုံကြီးကိုကြည့်ပြီး သဘောတကျ ခေါင်းညိတ်တယ်။

"တွေလား။ ဈေးဝင်ဝယ်ဖို့ ဖြစ်လာတာလည်း တစ်မျိုးကောင်းသွားတာပဲမို့လား"

"ဟုတ်ပါတယ်.. "

အမေတို့ ငွေရှင်းကောင်တာမှာ တန်းဝင်စီလိုက်ကြတယ်။

※※※※

"ယုန် စားဖို့ အဆင်သင့်ဖြစ်နေပြီ" ဆိုတဲ့ ဝါကျကို တွေးကြည့်စမ်းပါ။ "ယုန်" ကို "စား" ဆိုတဲ့ ကြိယာရဲ့ အပြုခံကံပုဒ်နေရာမှာထားပြီး အဓိပ္ပာယ်ဖော် လိုက်ရင် ယုန်သားဟင်းကျက်ပြီဆိုတဲ့ အဓိပ္ပာယ် ဖြစ်လိမ့်မယ်။ "ယုန်" က ပြုသူ ကတ္တားပုဒ်နေရာ ရောက်သွားရင်တော့ ကလေးမလေးတစ်ယောက်က သူ့အမေကို ယုန်စာထုပ်ကြီးပေးပြီး ဖွင့်ခိုင်းရင်းပြောတဲ့စကား ဖြစ်သွားလိမ့်မယ်။ လုံးဝ ကွဲပြား ခြားနားတဲ့ စကားနှစ်ခုပေါ့။ အိမ်တစ်အိမ်တည်းမှာတော့ ဒီနှစ်ခုစလုံးကို ပြောသံကြား ရမှာ မဟုတ်ဘူး။ နှစ်ခုထဲက တစ်ခုကိုပဲ ပြောမှာ။ ဒါပေမယ့် အဓိပ္ပာယ်ဖွင့်ဆိုချက်နှစ်ခု လုံးက ဘောင်ဝင်နေတယ်။ ဝါကျရဲ့ အဓိပ္ပာယ်အစစ်ကိုတော့ နောက်ခံအကြောင်း အရာကိုကြည့်မှပဲ သိနိုင်မှာ။

အလင်းတန်းတစ်တန်း ရေမျက်နှာပြင်ကိုထိလိုက်တဲ့အချိန်မှာ ထောင့်ဒီဂရီ တစ်မျိုး၊ ရေထဲကို ဖြတ်သွားတဲ့အခါမှာ ထောင့်ဒီဂရီနောက်တစ်မျိုး၊ ဒီလိုနှစ်မျိုး ပြောင်းသွားတဲ့ဖြစ်စဉ်ကို စဉ်းစားကြည့်ပါဦး။ လေထုရဲ့ အလင်းယိုင်ညွှန်းကိန်းနဲ့ ရေထုရဲ့ ယိုင်ညွှန်းကိန်းတို့ခြားနားမှုကြောင့် အလင်းတန်းက ဦးတည်ရာပြောင်းသွား ရတာဖြစ်ပါတယ်လို့ ရှင်းမယ်ဆိုရင် လောကကြီးကို လူ့အမြင်နဲ့ မြင်ရလိမ့်မယ်။ အလင်းတန်းဟာ သွားလိုရာဌာနကိုရောက်ရန် အချိန်အတိုဆုံးလမ်းကို ရွေးသွားတာ

ပါလို့ ရှင်းမယ်ဆိုရင်တော့ လောကကြီးကို သတ္တဖူးရဲ့အမြင်နဲ့ မြင်လိမ့်မယ်။ ဒါဟာ လုံးဝကွဲပြားခြားနားတဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်နှစ်ခုပဲမဟုတ်လား။

အမေတို့ရဲ့ ရူပလောကကြီးဟာ ဘာသာစကားတစ်ခုပဲ။ အဓိပ္ပာယ်နှစ်ခွ ထွက်တဲ့ သင်္ကေတစည်းမျဉ်းတွေနဲ့ ဖွဲ့စည်းထားတဲ့ ဘာသာစကားပေါ့။ ရူပဖြစ်စဉ်တစ်ခုစီ တိုင်းဟာ ပြောစကားတခုစီပဲ။ တစ်ခုစီတိုင်းကိုလည်း အဓိပ္ပာယ်နှစ်မျိုးစီ ဖွင့်နိုင်တယ်။ သာမန်အဓိပ္ပာယ်နဲ့ ဒီအကျိုးကြောင့် ဒီအကြောင်းရှိရတယ်ဆိုတဲ့သဘောကို သုံးပြီး ဖွင့်တဲ့အဓိပ္ပာယ်။ နှစ်မျိုးစလုံးက ဘောင်ဝင်တယ်။ နောက်ခံအကြောင်းအရာဘယ်လောက်များများ ရှိနေပါစေ၊ ဘယ်တစ်မျိုးကိုမှ ပယ်လို့မရဘူး။

လူသားဘိုးဘေးတွေနဲ့ သတ္တဖူး ဘိုးဘေးတွေမှာ အသိဉာဏ်မီးပွားလေး ပထမဆုံးစတောက်တဲ့အချိန်မှာ အသီးသီးတွေ့မြင်ခဲ့ကြတဲ့ ရူပလောကက တစ်ခု တည်းပဲ။ ဒါပေမယ့် သူတို့ရဲ့အမြင်ကို ခံယူသုံးသပ်ပုံကျတော့ ကွာသွားပြီ။ နောက်ဆုံး အသီးသီးဖြစ်ထွန်းလာတဲ့ လောကအမြင်တွေကတော့ ဒီကွဲပြားမှုရဲ့ရလာဒ်တွေပဲ။ လူသတ္တဝါတွေက အစဉ်အတန်းလိုက်သိမြင်မှုကို ရလာကြတယ်။ သတ္တဖူးတွေ ကတော့ တစ်ပြိုင်တည်းသိမြင်မှုကို ရလာကြတယ်။ အမေတို့က အဖြစ်အပျက်တွေကို တစ်ခုပြီးတစ်ခု အစဉ်လိုက်တွေ့ကြုံခံစားရတယ်။ သူတို့ကတော့ အဖြစ်အပျက်အားလုံး ကို တစ်ပြိုင်နက်တည်း ကြုံကြရတယ်။ ပြီးတော့ အဖြစ်အပျက်အားလုံးရဲ့ နောက်ကွယ်က အကြောင်းရင်းကိုလည်း သိမြင်ကြတယ်။ မက်ဆီမမ် (Maximum) ဖြစ်စေတဲ့အကြောင်းရင်း၊ မီနီမမ် (Minimum) ဖြစ်စေတဲ့ အကြောင်းရင်း။

※※※※

သမီးသေတဲ့အကြောင်း အိပ်မက်တစ်ခုကို ထပ်ပြန်တလဲလဲ မက်နေတယ်။ အိပ်မက်ထဲမှာ အမေက ကျောက်ဆောင်တစ်ခုကို တွယ်တက်နေတာ။ အမေရယ်တဲ့လေ။ တွေးသာကြည့်ပါတော့။ သမီးက အသက်သုံးနှစ်အရွယ်။ အမေလွယ်ထားတဲ့ ကျောပိုးအိတ်လိုဟာမျိုးထဲမှာ သမီးကထိုင်လိုက်လာတာ။ အမေတို့ ကျောက်ဆောင် ချွန်းတစ်ခုကိုရောက်ရင် နားလို့ရပြီ။ အဲဒီကျောက်ချွန်းဆီရောက်ဖို့ နှစ်ပေသုံးပေ လောက် တက်ရဦးမယ်။ ဒါပေမယ့် အမေတက်ပြီးတဲ့အထိ သမီးက မစောင့်နိုင်ဘူး။ ကျောပိုးအိတ်ထဲကနေ တွယ်ပြီးထွက်လာရော။ အမေက မလုပ်နဲ့လို့ ပြောတယ်။ သမီးက ထုံးစံအတိုင်းပေါ့။ နားမထောင်ဘူး။ ကျောပိုးအိတ်ထဲမှာ သမီးရဲ့ ကိုယ် အလေးချိန်က ဘယ်ကိုယိမ်းလိုက် ညာကိုယိမ်းလိုက် ဖြစ်နေတယ်။ ပြီးတော့ သမီးရဲ့ ဘယ်ခြေထောက်လေး အမေ့ပခုံးပေါ် ရောက်လာတယ်။ ပြီးတော့ ညာခြေထောက်။ အမေ အော်ဟစ်နေပြီ။ ဒါပေမယ့် သမီးကိုဆွဲဖို့ လက်မအားဘူး။ အမေ့ရှေ့မှာ တက်သွားတဲ့ သမီးရဲ့ခြေထောက်လေးတွေ. . . စီးထားတဲ့ ဖိနပ်ဖဝါးမှာ ဖော်ထားတဲ့

လှိုင်းတွန့်ဒီဇိုင်းလေးတွေကို မြင်နေရတယ်။ ပြီးတော့ ဖိနပ်တစ်ဖက်အောက်က ကျောက်တုံးလေးတစ်တုံး ပွဲကျသွားတာ။ သမီးပြုတ်ကျတော့ အမေ့ဘေးနားလေးက ကပ်ပြီးဖြတ်သွားတာ။ အမေ့တစ်ကိုယ်လုံး လှုပ်မရခဲ့ဘူး။ အမေငုံ့ကြည့်တော့ ဟိုးအောက် အဝေးကြီးထဲမှာ တဖြည်းဖြည်းသေးသွားတဲ့ သမီးရဲ့ ခန္ဓာကိုယ်လေးကို မြင်ရတယ်။

အဲဒီနောက် ရုတ်တရက် အမေရင်ခွဲရုံမှာ ရောက်နေတယ်။ ဝန်ထမ်းက သမီးမျက်နှာပေါ်က အဝတ်ကို ဖယ်လိုက်တယ်။ အမေကြည့်လိုက်တော့ အသက် ၂၅ နှစ်အရွယ်သမီးကို တွေ့ရတယ်။

"နေကောင်းရဲ့လား"

အမေက အိပ်ရာပေါ်မှာ ထထိုင်နေခဲ့တာ။ အမေထလိုက်လို့ ဂယ်ရီလည်း နိုးသွားတာ။

"ဘာမှမဖြစ်ပါဘူး။ နည်းနည်း လန့်သွားတာပါ။ ရုတ်တရက် ကိုယ့်ဟာကိုယ် ဘယ်ရောက်လို့ရောက်နေမှန်းမသိ ဖြစ်သွားတယ်"

သူက အိပ်ချင်မူးတူးနဲ့ "နောက်တစ်ခါကျ လူဝိစ့်အိမ်မှာ အိပ်ကြတာပေါ့" လို့ပြောတယ်။

အမေ သူ့ကို နမ်းလိုက်တယ်။ "ရပါတယ်။ ရှင့်အိမ်က အဆင်ပြေပါတယ်" အမေတို့ အိပ်ရာထဲ ပြန်ကွေးလိုက်ကြတယ်။ သူ့ရင်ဘတ်မှာ အမေ ကျောကပ်ပြီး ပြန်အိပ်ပျော်သွားခဲ့တယ်။

※※※※

သမီးအသက်သုံးနှစ်အရွယ် အမေတို့ လှေကားခပ်မတ်မတ်တစ်ခုကို တက်နေတုန်းကပေါ့။ အမေက သမီးရဲ့လက်ကို တအားကြီး ဆုပ်ထားမှာ။ သမီးက လက်ကို ဆွဲထုတ်ပြီး "မီးဟာ့မီး တက်တတ်ပါတယ် မေရဲ့" လို့ ပြောမှာ။ ပြီးတော့ တက်ပြမလို့ လုပ်မှာ။ အမေက ဟိုအိပ်မက်ကို သတိရသွားလိမ့်မယ်။ သမီးရဲ့ ကလေးဘဝတစ်လျှောက်လုံး အဲဒီလို ခပ်ဆင်ဆင် အဖြစ်မျိုးတွေ ခဏခဏ ဖြစ်လိမ့်မယ်။ သမီးက ဆန့်ကျင်တော်လှန်တတ်တဲ့ ဉာဉ်ကလေးရှိသူဆိုတော့ အမေက သမီးကို အဲဒီလို ကာကွယ်တတ်လွန်းလို့ပဲ သမီးက ဟိုတက်သည်တက်လုပ်ရတာ ဝါသနာပါသွားတာ ဖြစ်မယ်လို့တောင်ထင်မိတယ်။ အစမှာ ကစားကွင်းက သစ်တော လှေ့ကျင့်ခန်းနေရာ၊ အဲဒီနောက် အမေတို့ရပ်ကွက်ပတ်လည်စိုက်ထားတဲ့ ဥယျာဉ် ထဲက သစ်ပင်တွေ၊ အဲဒီနောက် တောင်တက်အဖွဲ့ကလပ်အဆောက်အဦးက ကျောက်တောင်တုနံရံတွေ၊

နောက်ဆုံးမှာတော့ အမျိုးသားဥယျာဉ်တွေထဲက ကျောက်တောင်စွန်း တွေကို သမီး ဝါသနာကြီးကြီးနဲ့ တက်လိမ့်မယ်။

※※※※

ဝါကျထဲမှာ နောက်ဆုံးအစက်တစ်စက်ကို ထည့်ရေးလိုက်တယ်။ ပြီးတော့ မြေဖြူကိုချပြီး စားပွဲခုံမှာ ပြန်ထိုင်လိုက်တယ်။ ကျောက်သင်ပုန်းနဲ့ အပြည့်ရေးထားတဲ့ သတ္တဖူး B ဝါကျကြီးကို ထိုင်ခုံနောက်မှီမှာ မှီပြီးထိုင်ရင်း ပြန်ဆန်းစစ်ကြည့်လိုက်တယ်။ သူ့ထဲမှာ ရှုပ်ထွေးတဲ့ဝါကျကဏ္ဍ တော်တော်များများပါတယ်။ အဲဒါတွေ အားလုံးကို အမေ ပေါင်းစပ်ထားတာ အတော်လေးသပ်ရပ်နေပြီ။

ဒီလိုဝါကျမျိုးကို ကြည့်တဲ့အခါ သတ္တဖူးတွေဟာ ဘာကြောင့် သတ္တဖူး B လို ဘာသာစကားမျိုးကို တီထွင်ခဲ့ရသလဲဆိုတာ အမေသဘောပေါက်မိတယ်။ အရာအားလုံးကို တစ်ပြိုင်တည်းသိတဲ့ အသိဥာဏ်ရှင် သတ္တဝါတွေအတွက် ဒီလို အရေးစနစ်က ပိုသင့်တော်တာပေါ့။ သူတို့အတွက်ကျတော့ အပြောစကားက တော်တော်ခက်မှာ။ ဘာလို့လဲဆိုတော့ ပြောတယ်ဆိုတာက စကားလုံးတစ်လုံးပြီးမှ တစ်လုံးလာရတာကိုး။ စာနဲ့ရေးတဲ့ဟာကျတော့ စာမျက်နှာပေါ်က အမှတ်အသား တွေ အကုန်လုံးကို တစ်ပြိုင်နက်တည်း မြင်ရတာလေ။ ဒီတော့ ဘာလို့ အသံကို ကိုယ်စားပြုတဲ့ ဂလော့တိုဂရပ်တွေရေးပြီး ကိုယ့်ကိုယ်ကိုယ် ကန့်သတ်နေမှာလဲ။ စာရေးတဲ့အခါ အားလုံးတစ်ပြိုင်နက်တည်း မြင်ရရဲ့သားနဲ့ ဘာလို့တစ်လုံးပြီးမှတစ်လုံး အစဉ်လိုက် ရေးနေတော့မှာလဲ။ အဲဒီလိုရေးဖို့ကိုတောင် တစ်ခါမှတွေးမိမှာ မဟုတ်ဘူး။ စာမျက်နှာတစ်ခုမှာ ရှုထောင့်နှစ်မျိုးပါတယ်ဟုတ်။ 2D ပေါ့။ ဆမ်မာဂရမ်တွေ ကလည်း 2D ဆိုတော့ စာမျက်နှာတစ်မျက်နှာရဲ့ ရှုထောင့်နှစ်ခုကို အလိုအလျောက် ကောင်းကောင်း အသုံးချသွားတယ်။ အသံကိုကိုယ်စားပြုတဲ့သင်္ကေတတွေ တစ်ခုပြီးမှ တစ်ခု ချရေးမယ့်အစား အကုန်လုံးကိုတစ်ပြိုင်နက်တည်း စာတစ်မျက်နှာအပြည့် ချရေးလိုက်တာ။

အခုလို တစ်ပြိုင်တည်းသိမြင်မှုကို သတ္တဖူး B အားဖြင့် အမေ တွေ့ကြုံ ခံစားရပြီးနောက်မှာ သတ္တဖူး A သဒ္ဒါရဲ့ နောက်ကွယ်က သဘောတရားကိုလည်း နားလည်လာတယ်။ သတ္တဖူး A သဒ္ဒါဟာ မလိုအပ်ဘဲ ပြောက်သောက်ဖြစ်လွန်းတယ် လို့ အမေရဲ့ အစဉ်လိုက်သိမြင်တတ်တဲ့စိတ်က ထင်ခဲ့ဖူးတယ်။ တကယ်တော့ ဒီလို ပြောက်သောက်ထားတယ်ဆိုတာ အစဉ်လိုက်ပြောရတဲ့ ဘာသာစကားရဲ့ ဘောင်ထဲမှာ နေရင်း စကားကိုလည်း ပြောင်းလွယ်ပြင်လွယ်ရှိအောင် လုပ်ထားတာပဲ။ ဒီလိုနားလည် ပြီးနောက်မှာ သတ္တဖူး A ကိုလည်း ပိုကျွမ်းကျင်လာခဲ့တယ်။ ဒါပေမယ့် သတ္တဖူး B ကိုတော့ အစားမထိုးနိုင်ပါဘူး။

တံခါးခေါက်သံတစ်ချက်နဲ့အတူ ဂယ်ရီခေါင်းပြူဝင်လာပြီး

"ဗိုလ်မှူးကြီး ဝက်ဘ်ဘာ ရောက်တော့မယ်တဲ့"

အမေ ရှုံ့မဲ့သွားတယ်။ "ကောင်းပါလေ့"

ဝက်ဘ်ဘာက အမေတို့နဲ့ ဖလပ်လပ်၊ ဖရူးဖရူးတို့ရဲ့ ဆက်ရှင်မှာ သူပါ ဝင်ထိုင်မလို့ လာတာ။ အမေက စကားပြန် လုပ်ပေးရမယ်။ ဒါ အမေ လေ့ကျင့်သင်ယူ ထားတဲ့အလုပ်လည်း မဟုတ်ဘူး။ အင်မတန် မုန်းတဲ့အလုပ်လည်း ဖြစ်နေတယ်။

ဂယ်ရီက ရုံးခန်းထဲဝင်လာပြီး တံခါးကိုပိတ်လိုက်တယ်။ ပြီးတော့ အမေ့ကို ထိုင်ခုံပေါ်က ဆွဲထူပြီး နမ်းတယ်။ အမေပြုံးလိုက်တယ်။

"သူရောက်မလာခင် မ စိတ်ရွှင်သွားအောင် လုပ်ပေးနေတာလား"

"ဟင့်အင်း။ မောင်စိတ်ရွှင်သွားအောင် လုပ်ယူနေတာ"

"မောင်က သတ္တဝါဖူးတွေနဲ့စကားပြောဖို့ ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ဘူး မို့လား မှန်မှန်ပြော။ မကို အိပ်ရာထဲဆွဲသွင်းချင်လို့သာ ဒီပရောဂျက်မှာ ဝင်လုပ်ခဲ့တာ မို့လား"

"ဟာ၊ မောင့်ကို အူမချေးခါးမကျန် သိနေပါလား"

အမေ သူ့မျက်လုံးတွေထဲကို စိုက်ကြည့်လိုက်တယ်။

"သိနေတာ မောင် ယုံစမ်းစေချင်တယ်"

※※※※

သမီးလေး တစ်လအရွယ် ရောက်မယ့်အခါကို အမေမှတ်မိသေးတယ်။ မနက်နှစ်နာရီ သမီးကိုနို့တိုက်ဖို့ အမေအိပ်ရာထဲက လူးလဲထလာခဲ့မှာ။ သမီးရဲ့ အခန်းလေးက "ကလေးနံ့" လေး သင်းနေလိမ့်မယ်။ ဆီးပူလောင်ရင်လိမ်းတဲ့ ခရင်မ်နံ့ရယ်၊ ကလေးပေါင်ဒါနံ့ရယ်၊ အခန်းထောင့် အမှိုက်ပုံးထဲက သေးခံဝတ်တွေဆီက သင်းထွက်လာတဲ့ အမိုးနီးယားနံ့ရယ်. . ။ အမေသမီးရဲ့ ပုခက်ထဲကိုငုံ့ပြီး အာခေါင် ခြစ်အော်နေတဲ့ ခန္ဓာကိုယ်လေးကို မ,ယူလိုက်မယ်။ ပြီးတော့ လှုပ်ကုလားထိုင်မှာထိုင်ပြီး သမီးကို နို့တိုက်မယ်။

မွေးကင်းစကလေးကို အင်္ဂလိပ်လို Infant လို့ခေါ်တယ်။ အဲဒီစကားလုံးက "စကားမပြောတတ်သော" ဆိုတဲ့ လက်တင်စကားလုံးကနေ ဆင်းသက်လာတာ။

ဒါပေမယ့် သမီးက စကားတစ်ခွန်းကို ကောင်းကောင်းကြီး ပြောတတ်နေလိမ့်မယ်။ “ဒုက္ခခံနေရတယ်” တဲ့။ အဲဒီစကားကို သမီးဟာ မမောမပန်း မတွန့်မဆုတ် ပြောလိမ့်မယ်။ အဲဒီစကားထဲကို သမီးထည့်ထားတဲ့ ဖွဲလုံ့လပမာဏကို အမေအံ့ဩ ချီးမွမ်းရဦးမယ်။ သမီးငိုတဲ့အခါ သမီးဟာ ဒေါသအိုးလေး ဖြစ်နေမှာ။ သမီးခန္ဓာ ကိုယ်တစ်ခုလုံး တစ်လက်မ,မကျန် ကြိုးစားအားထုတ်ပြီး အဲဒီဒေါသကို ဖော်ပြနေဦးမှာ။ ဆန်းတော့ဆန်းတယ် သိလား။ သမီးက ငြိမ်နေတဲ့အခါကျတော့လည်း ခန္ဓာကိုယ်က အလင်းရောင်တွေ ဖြာထွက်နေသလိုပဲ။ အဲဒီအချိန်မှာ သမီးကို ပုံတူ ပန်းချီဆွဲမယ်ဆိုရင် ပန်းချီဆရာကို သမီးခေါင်းပေါ်မှာ ရောင်ခြည်ကွင်းလေး ထည့် ဆွဲပေးခိုင်းမိမှာပဲ။ ဒါပေမယ့် သမီးက စိတ်မကြည်တော့ဘူးဆိုရင်တော့ အချက်ပေးဥဩ လေး ဖြစ်သွားမှာ။ အသံတွေဖြာထုတ်ဖို့ ဖန်တီးထားတဲ့ ဥဩလေး။ အဲဒီအချိန်မှာ ပုံတူပန်းချီဆွဲရင်တော့ မီးလောင်ရင်အချက်ပေးတဲ့ ခေါင်းလောင်းပုံလေးပဲ ထွက် လာလိမ့်မယ်။

အဲဒီအရွယ်မှာ သမီးအတွက် အတိတ်တို့ အနာဂတ်တို့ ရှိမှာမဟုတ်ဘူး။ အမေ့နို့ကို မရမချင်း အတိတ်ကကျေနပ်နှစ်သိမ့်ဖူးတဲ့ အမှတ်တရတွေရော၊ အနာဂတ်မှာ ကျေနပ်နှစ်သိမ့်ရမယ့် မျှော်လင့်ချက်တွေပါ သမီးဘဝမှာ ရှိမှာမဟုတ်ဘူး။ ဆာလောင်ခြင်းဆိုတဲ့ဒုက္ခက သမီးဘဝ၊ ဘဝကလည်း ဆာလောင်ခြင်းဒုက္ခ ဖြစ်နေလိမ့်မယ်။ နို့ကို ရတဲ့အခါကျတော့လည်း နို့စစို့လိုက်ပြီဆိုတာနဲ့ အားလုံးပြောင်းပြန် ဖြစ်သွားမယ်။ သမီးရဲ့လောကကြီးတစ်ခုလုံး သာယာနေပြန်ဦးမယ်။ “အခု” ဆိုတဲ့ ကာလကိုပဲ သမီးသိမှာ။ သမီးဟာ ပစ္စုပ္ပန်မှာပဲ ရှင်သန်နေမှာ။ ဒါကလည်း ပြောရရင် တော်တော်လေး အားကျဖို့ကောင်းတဲ့ ဘဝပါပဲ။

※※※※

သတ္တဖူးတွေဟာ လူသားတွေနားလည်ထားတဲ့ လွတ်လပ်ခြင်းနဲ့ မလွတ်လပ်ဘူး။ လူသားတွေ နားလည်ထားတဲ့ နှောင်ဖွဲ့ခြင်းထဲမှာလည်း ချုပ်နှောင်ခံမနေ ရဘူး။ သူတို့ဟာ သူတို့ဆန္ဒနဲ့သူတို့ လှုပ်ရှားနေတာ မဟုတ်ဘူး။ ဒါပေမယ့် ကူကယ်ရာမဲ့ စက်ရုပ်ဘဝမှာ ရှင်သန်နေတာလည်း မဟုတ်ကြပြန်ဘူး။ သတ္တဖူး သိမြင်မှုစနစ်ရဲ့ ထူးခြားပုံက ဘာလဲဆိုတော့ သူတို့ရဲ့လုပ်ရပ်တွေကသာ လောကသမိုင်းဖြစ်စဉ်တွေနဲ့ တိုက်ဆိုင်နေတာ မဟုတ်ဘူး၊ သူတို့ရဲ့ဆန္ဒတွေကပါ လောကသမိုင်းရဲ့ ရည်ရွယ်ချက်တွေနဲ့ တိုက်ဆိုင်နေတာ။ သူတို့ဟာ အနာဂတ်ကိုဖန်တီးဖို့ လှုပ်ရှားနေကြတယ်။ သူတို့ရဲ့လုပ်ရပ်တွေက ဖြစ်စဉ်တွေကို အချိန်ကာလ အစဉ်အတိုင်း ဖြစ် လာစေတယ်၊

လွတ်လပ်ခြင်းဆိုတာ ပုံရိပ်ယောင်မဟုတ်ဘူး။ အစဉ်အတန်းလိုက် သိမြင်တဲ့ စနစ်အောက်မှာ လွတ်လပ်ခြင်းဆိုတာ အင်မတန် စစ်မှန်တဲ့အရာဖြစ်တယ်။ တစ်ပြိုင်နက်တည်း သိမြင်တဲ့စနစ် အောက်မှာကျတော့

လွတ်လပ်ခြင်းဆိုတာ အဓိပ္ပာယ်မရှိဘူး။ ဒါပေမယ့် အကျုပ်ကိုင်မှုဆိုတာလည်း အဓိပ္ပာယ်မရှိဘူး။ လွတ်လပ်ခြင်းနဲ့ ခိုင်းစေခံရခြင်းနှစ်ခုလုံးဟာ မတူညီတဲ့အခြေအနေနှစ်ရပ်သာ ဖြစ်တယ်။ ဘယ်အခြေအနေက ပိုပြီးဘောင်ဝင်တယ်ရယ်လို့လည်း မရှိဘူး။ အမြင်ကိုလှည့်စား တဲ့ နာမည်ကြီးရုပ်ပုံတစ်ပုံ ရှိတယ်လေ။ တစ်မျိုးကြည့်ရင် ကျက်သရေရှိတဲ့ အမျိုးသမီးငယ်လေးတစ်ယောက် မျက်နှာတစ်ဖက် လှည့်ထားတဲ့ပုံကို မြင်ရမယ်၊ နောက် တစ်မျိုး ကြည့်ရင်တော့ ခေါင်းငုံ့နေတဲ့ စုန်းမကြီးပုံကို မြင်ရမယ်။ အဲဒီပုံလိုပဲ။ "မှန်ကန်သော" အဓိပ္ပာယ်ဖွင့်ဆိုခြင်းဆိုတာမရှိဘူး။ ဘယ်လိုကြည့်ကြည့် ဘောင်ဝင်နေတာပဲ။ ဒါပေမယ့် နှစ်ပုံလုံးကို တစ်ပြိုင်တည်းတော့ မြင်ရမှာမဟုတ်ဘူး။

ဒီလိုပဲ အနာဂတ်ကို သိမြင်ခြင်းဟာ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့် (Free will) နဲ့ သဟဇာတမဖြစ်ဘူး။ လွတ်လပ်စွာရွေးခြယ်ခြင်းကို ပြုနိုင်ရင် အနာဂတ်ကို မသိနိုင်ဘူး။ တစ်ဖက်ကပြောရရင် အခုအနာဂတ်ကို သိနေပြီ ဖြစ်တဲ့အတွက် အနာဂတ်ရဲ့ ဆန့်ကျင်ဘက်ကို ဘယ်တော့မှလုပ်ဖြစ်မှာမဟုတ်တော့ဘူး။ မလုပ်ဖြစ်တော့မယ့် လုပ်ရပ်တွေထဲမှာ အနာဂတ်အကြောင်း တခြားသူတွေကိုပြောပြတာလည်း ပါတယ်။ အနာဂတ်ကို သိတဲ့သူတွေဟာ ဘယ်တော့မှ ထုတ်မပြောကြဘူး။ မဟာရာဇဝင်ကြီးကို ဖတ်ဖူးသူတွေဟာ ဖတ်ဖူးကြောင်း ဘယ်တော့မှ ဝန်မခံကြဘူး။

ဝေါ့သ်ခံတပ်ကြေးမုံစခန်းက ဆက်ရှင်တခုကိုရိုက်ထားတဲ့ ဗီဒီယိုတိပ်ခွေကို စက်ထဲထည့်လိုက်တယ်။ အစိုးရကိုယ်စားလှယ်တစ်ယောက်နဲ့ အဲဒီစခန်းက သတ္တာဖူးတွေနဲ့ ဆွေးနွေးခန်း။ ဘာဂ်ဟာ့က စကားပြန်လုပ်ပေးနေတာ။

တာဝန်ခံညှိနှိုင်းဆွေးနွေးသူအရာရှိက လူသားတွေရဲ့ စာရိတ္တနဲ့ ကျင့်ဝတ်ဆိုင်ရာ ယုံကြည်မှုတွေကို ရှင်းပြနေတယ်။ ပရဟိတဝါဒအကြောင်း ဆက်ပြောချင်လို့ နိဒါန်းပျိုးနေတာ။ ဒီဆွေးနွေးပွဲအဆုံးမှာ ထွက်လာမယ့်ရလဒ်ကို သတ္တာဖူးတွေ သိပြီးသားဆိုတာ အမေလည်းသိတယ်။ ဒါပေမယ့် သတ္တာဖူးတွေက တက်တက်ကြွကြွ ပါဝင်ဆွေးနွေးနေကြတာပါပဲ။

ဒါတွေကိုမသိသေးတဲ့လူတစ်ယောက်ကို ဒါတွေရှင်းပြခဲ့ရင် သူက ဒီလို မေးကောင်းမေးလိမ့်မယ်။ သတ္တာဖူးတွေက သူတို့ပြောမယ့်စကား၊ ကြားမယ့်စကား မှန်သမျှကို သိနှင့်နေပြီဆိုရင် ဘာလို့ သူတို့မှာဘာသာစကားဆိုတာ ရှိနေရသေးတာလဲ။ ဒါမေးသင့်တဲ့ မေးခွန်းပဲ။ ဒါပေမယ့် ဘာသာစကားဆိုတာ ဆက်သွယ်ရေး အတွက်ပဲ ပေါ်ပေါက်လာတာ မဟုတ်ဘူး။ စကားပြောတယ်ဆိုတာ လုပ်ရပ်တစ်ခု လည်း ဖြစ်တယ်။ Speech act သီအိုရီအရ "ခင်ဗျားကို ဖမ်းဆီးလိုက်ပါပြီ" ဆိုတဲ့ စကား၊ "ဤရေယာဉ်အား ကင်ပွန်းတပ်လိုက်သည်" ဆိုတဲ့

စကား၊ "ကျွန်ုပ်ကတိပြုပါသည်" ဆိုတဲ့စကားတွေက တကယ်တော့ သရုပ်ဖော်ပြတဲ့ သဘောတွေပဲ။ ပြောတဲ့ သူက အဲဒီအပြုအမူတွေကို နှုတ်ကထုတ်ပြောခြင်းအားဖြင့်ပဲ ပြုမှုနိုင်တယ်။ ခန္ဓာ ကိုယ်အားဖြင့် လုပ်လို့မရဘူး။ ဒီလိုအပြုအမူတွေမှာ ထုတ်ပြောမယ့်စကားလုံးတွေကို ကြိုသိထားခြင်း မသိထားခြင်းဟာ ဘာမှမထူးဘူး။ မင်္ဂလာဆောင်တစ်ခုမှာ သင်းအုပ်ဆရာက "သင်တို့နှစ်ဦးအား အကြင်လင်မယားအဖြစ် သတ်မှတ်လိုက်သည်" လို့ ပြောမယ်ဆိုတာ မင်္ဂလာဆောင်ကို တက်ရောက်လာသူတိုင်း သိတယ်။ ဒါပေမယ့် အဲဒီစကားကို မပြောမချင်း အဲဒီပွဲဟာ အချည်းနှီးပဲ။ သရုပ်ပြဘာသာစကားမှာ ပြောခြင်းဟာ ပြုခြင်းနဲ့ ညီမျှတယ်။

သတ္တဖူးတွေအတွက်ကျတော့ ဘာသာစကားတိုင်းဟာ သရုပ်ပြဘာသာ တွေဖြစ်တယ်။ ဘာသာစကားကိုသုံးပြီး သတင်းစကားပေးမယ့်အစား၊ ဘာသာစကား ကိုသုံးပြီး အဖြစ်အပျက်တစ်ခုကို ဖြစ်စေတယ်။ ဘယ်အချိန် ဘာစကားပြောမယ် ဆိုတာ သတ္တဖူးတွေ သိပြီးသား။ မှန်တယ်။ ဒါပေမယ့် အဲဒီလိုသိထားတဲ့ အသိကနေ အမှန်တရားဖြစ်လာဖို့အတွက်ကျတော့ အဲဒီအချိန်မှာ အဲဒီစကားကို ပြောမှဖြစ်မှာ။

※※※※

"ရွှေဆံပင်မလေးက ဖေဖေဝက်ဝံကြီးရဲ့ ဆန်ပြုတ်ကို အရင်ဆုံးမြည်းကြည့်တယ်တဲ့. . ဒါပေမယ့် ငရုတ်ကောင်း..."

ဂေါ်ဖီမကြိုက်ဘူးတဲ့"

သမီးက ရယ်ပြီး "မဟုတ်ဘူးလေး" လို့ပြောလိမ့်မယ်။ အမေတို့သားအမိ ဆိုဖာပေါ်မှာ ဘေးချင်းယှဉ်လျက်ထိုင်နေကြမှာ။ ဈေးမတရားကြီးပေးဝယ်ထားတဲ့ ကတ်ထူစာအုပ်ပါးပါးလေးကို ဖွင့်ပြီး ပေါင်ပေါ်မှာ ဖြန့်တင်ထားကြမှာ။

အမေက ဆက်ဖတ်လိမ့်မယ်။ "ပြီးတော့ ရွှေဆံပင်မလေးက မေမေဝက်ဝံ ကြီးရဲ့ဆန်ပြုတ်ကို မြည်းကြည့်ရောတဲ့။ ဒါပေမယ့် ကြက်ဟင်းခါးသီးတွေပါတယ်တဲ့။ ရွှေဆံပင်မလေးက ကြက်ဟင်းခါးသီးလည်း မကြိုက်ဘူးတဲ့"

သမီးက အမေဆက်မဖတ်နိုင်အောင် စာအုပ်ကို လက်နဲ့ဖုံးပစ်လိမ့်မယ်။ "အမှန်အတိုင်းဖတ်လေ. . ."

"ဒီမှာ ရေးထားတဲ့အတိုင်း ဖတ်နေတာပဲ. . " လို့ အမေက မသိချင်ယောင် ဆောင်ပြီး ပြောမှာ။

"မဟုတ်ပါဘူး။ ပုံပြင်က အဲဒီလိုမှ မဟုတ်တာကို. . . "

"ဟင်. . ပုံပြင်ကို သမီးသိပြီးပြီဆိုရင်လည်း ဘာလို့ အမေ့လာဖတ်ခိုင်းသေးလဲလို့"

"သမီးက နားထောင်ချင်လို့ပေါ့"

※※※※

ဗိုလ်မှူးကြီးဝက်ဘ်ဘာနဲ့ စကားပြောရတာ စိတ်ညစ်ဖို့ကောင်းတဲ့အချက်ကို သူ့အခန်းထဲမှာ အဲကွန်းရှိနေတာလေးကိုပဲ တွေးပြီးဖြေသိမ့်နေရတယ်။

"အလဲအလှယ်တစ်ခုလုပ်ဖို့ သူတို့မှာ ဆန္ဒရှိတယ်" လို့ အမေက ရှင်းပြနေခဲ့တယ်။ "ဒါပေမယ့် အရောင်းအဝယ်သဘောတော့ မဟုတ်ဘူး။ ကျွန်မတို့က သူတို့ကို တစ်ခုခုပေးရမယ်။ သူတို့ကလည်း တစ်ခုခုပြန်ပေးမယ်။ ဘာပေးမှာလဲဆိုတာကို ဘယ်သူမှ ကြိုမပြောရဘူး"

ဗိုလ်မှူးကြီးဝက်ဘ်ဘာက မျက်မှောင်နည်းနည်းကြုံ့သွားတယ်။ "လက်ဆောင် လဲချင်တာတဲ့လား"

အမေပြောရမယ့်စကားကို အမေသိတယ်။ "ဒါကို "လက်ဆောင်ပေးခြင်း လို့ မတွေးသင့်ဘူး။ အခုလုပ်မယ့်အလဲအလှယ်ကို သတ္တဖူးတွေက ဘယ်လိုသတ်မှတ်ထားလဲ မသိနိုင်ဘူး။ ကျွန်မတို့လူသားတွေရဲ့ လက်ဆောင်ပေးခြင်းသဘောတရားနဲ့ သူတို့အယူအဆနဲ့ တူချင်မှတူမှာ"

"ကျွန်တော်တို့. . . . " သူက သင့်တော်မယ့်စကားလုံးကို စဉ်းစားနေတယ်။ "ကျွန်တော်တို့လိုချင်တဲ့ လက်ဆောင်ကိုရော အရိပ်အမြွက်ပြောပြလို့ရမလား"

"ဒီလို ဈေးဆန်တဲ့အလဲအလှယ်မျိုးကို သူတို့ဖက်ကတော့ မလုပ်ဘူး။ ကျွန်မတို့ဖက်က လိုချင်တာကို တောင်းဆိုလို့ရလားလို့ ကျွန်မမေးပါတယ်။ သူတို့က ရတယ်လို့ ပြောတယ်။ ဒါပေမယ့် သူတို့ဘာပေးမှာလဲဆိုတာကိုတော့ ပြောမှာမဟုတ်ဘူး"

သရုပ်ပြဘာသာစကားဆိုတာ သရုပ်ဆောင်ခြင်းဆိုတဲ့ စကားလုံးနဲ့ ဆက်စပ်နေကြောင်း ရုတ်တရက်သတိရသွားတယ်။ ပြောမယ့်စကားတွေကို သိထားပြီးတဲ့နောက်မှာ တကယ်ပြောထွက်လိုက်တာ ဘာနဲ့တူလဲဆိုတော့ ပြဇာတ်ကနေတာနဲ့ တူတယ်နော်။

"ဒါပေမယ့် ကျွန်တော်တို့ လိုချင်တာကို တင်ပြလိုက်ရင် ကျွန်တော်တို့ တောင်းတဲ့အတိုင်း သူတို့ပေးနိုင်ခြေ ပိုများသွားမလား" ဗိုလ်မှူးကြီးဝက်ဘ်ဘာက

မေးတယ်။ ပြဇာတ်ဇာတ်ညွှန်းကို သူလုံးဝမသိပါဘူး။ ဒါပေမယ့် သူပြောရမယ့် စကားတွေကို ဇာတ်ညွှန်းထဲကအတိုင်း အတိအကျပြော နေပါပကောလား။

"အဲဒါတော့ ဘယ်လိုမှမသိနိုင်ဘူး။ ပိုမများလောက်ဘူးလို့တော့ ထင်တယ်။ ဒါ သူတို့လုပ်နေကျ ထုံးစံမဟုတ်ဘူး"

"ကျွန်တော်တို့က အရင်ပေးရင်၊ ကျွန်တော်တို့ပေးတဲ့ လက်ဆောင်ရဲ့ တန်ဖိုးက သူတို့ပြန်ပေးမယ့် ပစ္စည်းတန်ဖိုးအပေါ် လွှမ်းမိုးမှုရှိမလား" သူက ခေါင်းထဲ ပေါ်လာသလိုပြောနေတာ။ အမေကတော့ ဒီတစ်ခုတည်းသော ပြဇာတ်အတွက် သေသေချာချာ ကြိုတင်အစမ်းလေ့ကျင့်ထားသူ။

"ဟင့်အင်း။ ကျွန်မတို့သိသလောက်ပြောရရင် ဖလှယ်တဲ့ပစ္စည်းရဲ့တန်ဖိုး က အရေးမပါဘူး"

"ငါ့ဆွေမျိုးတွေမှာသာ အဲဒီလိုစိတ်မျိုး ရှိလို့ကတော့ကွား. . . " ဂယ်ရီက ညည်းညည်းညူညူ ရေရွတ်တယ်။

ဗိုလ်မှူးကြီးဝက်ဘ်ဘာ ဂယ်ရီဖက်လှည့်သွားတာကို အမေကြည့်နေလိုက်တယ်။ ပြီးတော့ ဇာတ်ညွှန်းနဲ့အချိန်ကိုက်ပဲ "ရူပဗေဒနယ်ပယ်မှာရော ဘာ အသစ်တွေ တွေ့ရှိသေးလဲ" လို့မေးတယ်။

"လူသားတွေမသိသေးတဲ့ အသစ်လား။ ဟင့်အင်း မတွေ့သေးဘူး။ သတ္တဖူးတွေက လုပ်ရိုးလုပ်စဉ်ကနေ သွေဖယ်မသွားသေးဘူး။ ကျွန်တော်တို့က တစ်ခုခု လုပ်ပြမယ်၊ သူတို့က အဲဒီဟာကို သူတို့နည်းနဲ့ ဖော်ထုတ်ပုံကို ပြန်ပြမယ်။

ဒါပေမယ့် သူတို့ဖက်က ဘာမှအရင်လုပ်မပြဘူး။ သူတို့ရဲ့ ဗဟုသုတနဲ့ ပတ်သက်လို့ ကျွန်တော်တို့မေးရင်လည်း မဖြေဘူး"

လူ့သဘာဝ အပြန်အလှန် ဆက်ဆံရေးမှာ နှုတ်ထွက်စကားတစ်ခွန်းဟာ သတင်းအချက်အလက်ကို ဆောင်ကြဉ်းပေးတယ်။ အဲဒီ နှုတ်ထွက်စကားတစ်ခွန်းကို သတ္တဖူး B အရ ကြည့်မယ်ဆိုရင်တော့ ကျင့်စဉ်တစ်ခုအနေနဲ့ ရွတ်ပြလိုက်တာ သက်သက်ပဲ။

ဝက်ဘ်ဘာ မျက်နှာကြီးမဲ့သွားတယ်။ "ကောင်းပြီလေ။ နိုင်ငံခြားရေးဌာနက ဘယ်လိုစဉ်းစားမလဲ ကြည့်ကြတာပေါ့။ လက်ဆောင်ပေးပွဲတွေဘာတွေ လုပ်ရင်လုပ် ရမှာ"

ရုပ်သဘာဝ ဖြစ်စဉ်တွေကို သာမန်အဓိပ္ပာယ်နဲ့ ကြောင်းကျိုးတည်အဓိပ္ပာယ် ဆိုတဲ့ နှစ်မျိုးအဓိပ္ပာယ်ဖွင့်ဆိုလို့ရသလိုပဲ၊ ဘာသာဗေဒဖြစ်စဉ်တိုင်းမှာလည်း ဖွင့်ဆို

စရာ အမိပ္ပာယ်နှစ်မျိုး ရှိတယ်။ အမိပ္ပာယ်ဖွင့်ဆိုချက်တစ်မျိုးက သတင်းအချက်အလက် ထုတ်လွှင့်ခြင်း၊ ဒုတိယတစ်မျိုးကတော့ အစီအစဉ်တစ်ခုကို အကောင်အထည် ဖော်ခြင်း။

"အင်း အိုင်ဒီယာကောင်းသားပဲ ဗိုလ်မှူးကြီး" လို့ အမေက ပြောလိုက်တယ်။ အဲဒီစကားမှာ လူတိုင်းမမြင်နိုင်တဲ့ အမိပ္ပာယ်နှစ်ခုရှိတယ်။ ကိုယ်ပိုင်ဟာသ လေးပါ။ ရှင်းတော့မရှင်းပြပါရစေနဲ့နော်။

အမေက သတ္တဖူး B ဘာသာကို ကျွမ်းကျင်နေပေမဲ့ လောကကို သတ္တဖူး တစ်ယောက်လို မတွေ့ကြုံ မခံစားနိုင်သေးတာကိုတော့ သိတယ်။ အမေ့စိတ်က လူသားပုံစံခွက်ထဲက လူသားစိတ်၊ စဉ်တန်းပြောရတဲ့ ဘာသာစကားတွေနဲ့ ဖွဲ့စည်း ထားသူ၊ ဂြိုဟ်သားဘာသာစကားထဲမှာ ဘယ်လောက်ထိ ကိုယ်ရောစိတ်ပါ နှစ်မြှုပ်ထားပါစေ၊ အမေ့စိတ်က လုံးဝဥဿုံအသွင်ပြောင်းသွားမှာတော့ မဟုတ်ဘူး။ အမေ့ရဲ့လောကအမြင်ဟာ လူသားနဲ့ သတ္တဖူးအမြင်နှစ်ခု ပေါင်းစပ်ထားတဲ့ လောက အမြင်ဖြစ်တယ်။

သတ္တဖူး B ဘာသာနဲ့ မတွေးတတ်ခင်တုန်းက အမေ့မှတ်ဉာဏ်ဟာ စီးကရက်ပြာတောင့်လို တိုးပွားနေတယ်။ အမေ့ရဲ့ သိစိတ်မီးလျှံလေး လက်ဖြစ်တစ်တွတ် လျှပ်တပြက်စာ လောင်လိုက်တိုင်း ပြာတောင့်ကရှည်လာမယ်။ မှတ်ဉာဏ် အသစ်တစ်ခု ဖြစ်လာမယ်။ ဒါကြောင့် အမေ့ပစ္စုပ္ပန်က အစဉ်အတန်းလိုက် ဖြစ်နေခဲ့တယ်။ သတ္တဖူး B ဘာသာနဲ့ တွေးတတ်လာတဲ့ နောက်ပိုင်းမှာ မှတ်ဉာဏ်အသစ် တွေက တစ်ခါဖြစ်ရင် အတုံးကြီးတစ်တုံးလို ဖြစ်လာတယ်။ အတုံးတိုင်းမှာ နှစ်ပေါင်း များစွာကြာတဲ့ ကာလတွေ ပါဝင်နေတယ်။ အစဉ်လိုက်ဖြစ်လာတာမဟုတ်၊ တစ်ခုပြီး တစ်ခု ကပ်ပြီး ဖြစ်လာတာလည်း မဟုတ်ပေမဲ့ ဘာမှမကြာလိုက်ခင် အနှစ်ငါးဆယ်စာ မှတ်ဉာဏ်တစ်ခု ဖြစ်သွားတယ်။ အဲဒီ အနှစ်ငါးဆယ်ဟာ အမေ သတ္တဖူး B နဲ့ ကောင်းကောင်းတွေးနိုင်လာတဲ့ ကာလတွေပဲ။ ဖလပ်ဖလပ်၊ ဖရူးဖရူးတို့နဲ့ အင်တာ ဗျူးတွေကနေစပြီး၊ အမေသေတဲ့နေ့အထိ ကာလပါပဲ။

သတ္တဖူး B က အများအားဖြင့် အမေ့မှတ်ဉာဏ်ကိုပဲ ထိခတ်တယ်။ အမေ့ သိစိတ်ကတော့ အရင်ကလိုပဲ တတိတိသွားနေဆဲပဲ။ အချိန်ဆိုတဲ့ မျဉ်းကြီးတစ်လျှောက် ရှေ့ကိုတရွေ့ရွေ့သွားနေတဲ့ မီးတောက်လေးတစ်ခု။ အရင်ကနဲ့ မတူတော့တာက မှတ်ဉာဏ်ဆိုတဲ့ စီးကရက်ပြာကတော့ အရင်ကလို မီးတောက်ရဲ့နောက်ကနေ ကပ်လိုက်နေတာ မဟုတ်တော့ဘူး။ ရှေ့မှာရော နောက်မှာပါ ရှိနှင့်နေတာ။ လောင်ကျွမ်းတယ်ဆိုတာလည်း တကယ်မရှိတော့ဘူး။ ဒါပေမယ့် တစ်ခါတလေ သတ္တဖူး B ဘာသာက အမေ့စိတ်ကို လုံးဝလွှမ်းမိုးသွားတဲ့ အချိန်တွေလည်း ရှိတယ်။ အဲဒီအခါမှာ အမေဟာ အတိတ်နဲ့အနာဂတ်ကို

တစ်ချိန်တည်း တစ်ပြိုင်တည်း ကြုံတွေ့ခံစားရတယ်။ အမေ့သိစိတ်ဟာ အချိန်ဆိုတဲ့ ယန္တရားကြီးရဲ့အပြင်ဖက်မှာ တငွေ့ငွေ့လောင်နေတဲ့ အနှစ်ငါးဆယ်စာမီးခဲလေး ဖြစ်သွားတတ်တယ်။ အဲဒီလို ဖျတ်ခနဲမြင်လိုက်ရတဲ့အခါလေးတွေမှာ အမေဟာ အဲဒီကာလကြီးတစ်ခုလုံးကို တစ်ပြိုင်နက်တည်း မြင်တွေ့ ခံစားနေရတတ်တယ်။ အဲဒီကာလကြီးကတော့ ကျန်သေးတဲ့ အမေ့သက်တမ်း တစ်လျှောက်လုံးရယ်၊ သမိုင်းဘဝ တစ်ခုလုံးရယ်ပေါ့။

※※※※

အမေက "လုပ်ငန်းစဉ်-ဖန်တီး-အဆုံးသတ်အပါအဝင်-ကျွန်ုပ်တို့" ဆိုတဲ့ ဆမ်မာဂရမ်တွေကို ရေးလိုက်တယ်။ အဓိပ္ပာယ်က "စလိုက်ကြစို့"တဲ့။

ဖရူးဖရူးက သဘောတူကြောင်းပြတယ်။ ဒီလိုနဲ့ စလိုက်ရှိုးကို စလိုက်ကြတယ်။ သတ္တာဖူးတွေထောင်ထားတဲ့ ဒုတိယစခရင်မှာ ပုံတွေတစ်ခုပြီးတစ်ခု ဆက်တိုက်ပေါ်လာတယ်။ ဆမ်မာဂရမ်တွေ၊ သင်္ချာအီကွေးရှင်းတွေ၊ အမေတို့ဖက်က ဗီဒီယို စခရင်တစ်ခုကလည်း အဲဒီလိုပဲ ပြန်ပြနေပြီ။

ဒါ "လက်ဆောင်ဖလှယ်ခြင်း" မှာ အမေ ဒုတိယအကြိမ် ပါဝင်တာပါ။ ဒါနဲ့ဆို ဒီလိုပွဲပေါင်း ရှစ်ကြိမ်ရှိခဲ့ပြီ။ ဒီတစ်ကြိမ်ကတော့ နောက်ဆုံးအကြိမ် ဖြစ်မယ်ဆိုတာ အမေသိနေခဲ့တယ်။ အခန်းထဲမှာ လူတွေနဲ့ ပွတ်သိပ်နေတယ်။ ဝေါ့သ်ခံတပ်က ဘာဂ်ဟာ့လည်း ရောက်နေတယ်။ ဂယ်ရီနဲ့ နျူကလိယရူပဗေဒပညာရှင်တစ်ယောက် လည်း ပါတယ်။ ဇီဝဗေဒပညာရှင်တချို့၊ မနုဿဗေဒပညာရှင်တချို့၊ စစ်တပ်ကလူတွေနဲ့ အစိုးရသံတမန်တွေလည်း ပါတယ်။ အခန်းထဲမှာ လေအေးပေးစက် ဖွင့်ပေး ထားလို့ တော်သေးတယ်။ အခုရိုက်ထားတဲ့ ဗီဒီယိုတိပ်တွေကို နောက်မှပြန်ကြည့်ပြီး သတ္တာဖူးတွေပေးတဲ့ "လက်ဆောင်"ကို ဖော်ထုတ်ယူကြမှာ။ အမေတို့ဖက်က "လက်ဆောင်"ကတော့ လက်စကော့ဂူနံရံပန်းချီတွေကို တင်ဆက်ပြတာပဲ။

အမေတို့အားလုံး သတ္တာဖူးတွေရဲ့ ဒုတိယစခရင်ရှေ့မှာ စုပြုံရပ်ပြီး ပေါ်.လာတဲ့ပုံတွေကို ကောက်သင်းကောက် အဓိပ္ပာယ်ဖော်ကြည့်နေကြတယ်။ ဗိုလ်မှူးကြီး ဝက်ဘ်ဘာက "ပဏာမသုံးသပ်ချက် ရှိလား" လို့ မေးတယ်။

"ပြန်ပေးတာ မဟုတ်ဘူး" လို့ ဘာဂ်ဟာ့က ပြောတယ်။ အရင်တစ်ခေါက် ဖလှယ်တုန်းက သတ္တာဖူးတွေက အမေတို့အရင်က သူတို့ကို ပြောပြဖူးတဲ့အချက် အလက်တွေကို အမေတို့ကို ပြန်ပြောပြခဲ့တာ။ အဲဒီတုန်းက နိုင်ငံခြားရေးဌာနက လူတွေ တော်တော်ဒေါသူပုန်ထသွားသေးတယ်။ ဒါပေမယ့် အဲဒါကို စော်ကားတဲ့ အပြုအမူလို့တော့ ယူဆစရာ မရှိပါဘူး။ ဖလှယ်ပစ္စည်းရဲ့တန်ဖိုးက အရေးမပါဘူး

ဆိုတဲ့ အဓိပ္ပာယ်လည်း ဖြစ်နိုင်တာပဲလေ။ ဒါကြောင့် သတ္တဖူးတွေက အမေတို့ကို အာကာသဖြတ်ကျော် မောင်းနှင်စက်တို့၊ အအေးအဇာမြူ ပေါင်းစပ်စွမ်းအင်တို့၊ ဒါမှမဟုတ် တခြားဣန္ဒြာသယဆုတောင်းပြည့်စက် တို့ဘာတို့ ပေးရင်လည်း ပေးနိုင်သေးတာပဲလေ။

"အင်န်အော်ဂဲနစ် ဓာတုဗေဒ (Inorganic Chemistry) နဲ့တူတယ်ဗျ" လို့ နျူကလိယားရူပဗေဒပညာရှင်က စခရင်မှာပေါ်နေတဲ့ အီကွေးရှင်းတစ်ခုကို လက်ညှိုးထိုးပြီး ပြောတယ်။

ဂယ်ရီက ခေါင်းညိတ်တယ်။ "ဒြပ်ဝတ္ထုဆိုင်ရာနည်းပညာ ဖြစ်နိုင်တယ်" ဗိုလ်မှူးကြီး ဝက်ဘ်ဘာက "နောက်ဆုံးတော့ တစ်ခုခု အကျိုးထူးလာပြီထင်တယ်" လို့ ပြောတယ်။

အမေက "တိရစ္ဆာန်ပုံတွေ ပိုကြည့်ချင်တာ" လို့ ဂယ်ရီတစ်ယောက်ပဲ ကြားအောင် တိုးတိုးလေးပြောပြီး ကလေးလေးတစ်ယောက်လို နှုတ်ခမ်းစူပြလိုက်တယ်။ ဂယ်ရီက ပြုံးပြီး အမေ့ကို လက်ညှိုးနဲ့ထိုးတယ်လေ။ အမှန်အတိုင်းပြောရရင် အရင်နှစ်ခေါက်တုန်းကလို ကွဲပြားဇီဝဗေဒ လက်ချာနောက်တစ်ခု ထပ်ပေးစေချင်တာ။ အဲဒီ လက်ချာတွေအရ သတ္တဖူးတွေ တွေ့ကြုံဖူးသမျှသတ္တမျိုးစိတ်တွေ အားလုံးအနက် လူသားတွေက သူတို့နဲ့ အတူဆုံးပဲတဲ့။ ဒါမှမဟုတ် သတ္တဖူးသမိုင်း လက်ချာပေါ့။ အဲဒီလက်ချာတွေကျတော့ အစမရှိ အဆုံးမရှိ ပြောထားတာတွေနဲ့ ပြည့်နေတာ။ ဒါပေမယ့် စိတ်ဝင်စားဖို့ကောင်းသေးတာပဲ။ နည်းပညာအသစ်တော့ မပေးစေချင်ဘူး။ အမေတို့ရဲ့ အစိုးရတွေက အဲဒီနည်းပညာနဲ့ ဘာတွေလုပ်မယ်ဆိုတာ မမြင်ချင်ဘူးလေ။

အဲဒီလို သတင်းအချက်အလက်တွေ ဖလှယ်နေတုန်း အမေ ဖလပ်ဖလပ်ကို လှမ်းကြည့်ပြီး ထူးခြားတဲ့ လှုပ်ရှားမှုတစ်ခုခု ပြမလားလို့ စောင့်ကြည့်နေလိုက်တယ်။ သူကတော့ ခါတိုင်းလိုပဲ မလှုပ်မယှက် ရပ်နေတာပဲ။ မကြာခင် ဘာတွေဖြစ်လာတော့မယ် ဆိုတာကို အရိပ်အမြွက်တောင်မပြဘူး။

တစ်မိနစ်လောက်နေတော့ သတ္တဖူးတွေရဲ့စခရင် ဗလာဖြစ်သွားတယ်။ နောက်တစ်မိနစ်အကြာ အမေတို့ ဗီဒီယိုစခရင်လည်း ဗလာဖြစ်သွားတယ်။ ဂယ်ရီ အပါအဝင် သိပ္ပံပညာရှင်အများစုက သတ္တဖူးတွေ ရဲ့တင်ဆက်မှုကို ပြန်ပြနေတဲ့ ဗီဒီယို စခရင်သေးသေးလေးနားမှာ စုစုစုစု လုပ်နေကြတယ်။ မာကြောတဲ့ဒြပ်ထု တွေကို လေ့လာတဲ့ ရူပဗေဒပညာရှင်တစ်ယောက်ကို ဆင့်ခေါ်ဖို့ ပြောနေကြတာ လည်း ကြားရတယ်။

ဗိုလ်မှူးကြီး ဝက်ဘ်ဘာက အမေ့ဖက်လှည့်လာတယ်။ "ခင်ဗျားတို့

နှစ်ယောက်. . ” သူက အမေနဲ့ ဘာဂ်ဟာ့တို့နှစ်ယောက်ကို လက်ညှိုးထိုးပြီးပြောတယ်။ “နောက်လာမယ့်ဖလှယ်ပွဲအတွက် အချိန်နဲ့နေရာ စီစဉ်ပါ” တဲ့။ ပြီးတော့ ဗီဒီယိုစခရင် လေးရှေ့ကလူအုပ်ဆီ ထွက်သွားတယ်။

“အခုပဲ လုပ်လိုက်ပါ့မယ်” လို့ အမေက ပြောလိုက်တယ်။ ပြီးတော့ ဘာဂ်ဟာ့ ဘက်လှည့်ပြီး “ဆရာပဲ ချီးမြှင့်ပေးမလား၊ ကျွန်မ စီစဉ်လိုက်ရမလား” လို့ မေး လိုက်တယ်။ ဘာဂ်ဟာ့ရဲ့ သတ္တဖူး B ကျွမ်းကျင်မှုအဆင့်က အမေနဲ့ မတိမ်းမယိမ်းမှန်း အမေသိပြီးသား။ “ဆရာမရဲ့ ကြေးမုံပဲ။ ဆရာမပဲလုပ်ပါ”

အမေ ကွန်ပျူတာရှေ့မှာ ပြန်ထိုင်လိုက်တယ်။ “တစ်နေ့မှာ စစ်တပ်အတွက် စကားပြန် လုပ်ပေးရလိမ့်မယ်လို့ ဘွဲ့လွန်သင်တန်းသားဘဝတုန်းက တစ်ခါမှမတွေး ခဲ့မိဘူးမို့လား”

“သေချာတာပေါ့ဗျာ။ အခုတောင် ကိုယ့်ကိုယ်ကိုယ် မယုံနိုင်သလောက်ပါပဲ” အမေတို့နှစ်ယောက် တစ်ယောက်နဲ့တစ်ယောက် ပြောနေတဲ့ စကားအခွန်းတိုင်းက လူကြားသူကြားထဲမှာ သူလျှိုနှစ်ယောက်ဆုံပြီး လူသတိမထားမိအောင် ဂရုတစိုက် စာစီထားတဲ့စကားတွေကို ပြောနေကြသလိုခံစားရတယ်။ အမေက “တည် ရာ - ဖလှယ်မှုလုပ်ငန်း - အပြန်အလှန် - ပါဝင်ခြင်း - ကျွန်ုပ်တို့” ဆိုတဲ့ ဆမ်မာဂရမ် တွေကို မျှော်လင့်ခြင်းပြစုတ်ချက်ယိုင်တွေထည့်ပြီး ရေးလိုက်တယ်။

ဖရူးဖရူးက သူတို့ရဲ့ အဖြေကို ပြန်ရေးပြတယ်။ ဒါ ဇာတ်ညွှန်းအရ အမေ မျက်မှောင်ကြုတ်ရမယ့် အချိန်ပဲ။ ပြီးတော့ ဘာဂ်ဟာ့က “အဲဒါဘာအဓိပ္ပာယ်လဲ” လို့ မေးဖို့ အချက်ပေးလိုက်တာပဲ။ ဘာဂ်ဟာ့ရဲ့ ပြောဟန်ကတော့ ကွက်တိပါပဲ။

အမေက ပြန်ရှင်းပြဖို့ တောင်းဆိုချက်ကို ရေးတင်လိုက်တယ်။ ဖရူးဖရူးက ခုနကအတိုင်းပဲ ပြန်ဖြေတယ်။ ပြီးတော့ သူ အခန်းထဲကနေ ညက်ညက်ညောညောလေး လျှောက်ထွက်သွားတာကို အမေကြည့်နေလိုက်တယ်။ အမေတို့ ဖျော်ဖြေပွဲမှာ တစ်ခန်းရပ်ဖို့ ပြည်ဖုံးကား ကျခါနီးပြီ။

ဗိုလ်မှူးကြီးဝက်ဘ်ဘာက ကြေးမုံနား ကပ်သွားတယ်။ “ဘာတွေဖြစ်နေတာ လဲ။ ဘယ်ထွက်သွားတာလဲ”

“အဲ့မှာရေးထားတာ သတ္တဖူးတွေ အခုပဲ ထွက်ခွာနေကြပြီတဲ့” လို့ အမေက ပြောလိုက်တယ်။

“သူတစ်ယောက်တည်း ထွက်သွားတာ မဟုတ်ဘူး။ အကုန်လုံးသွား ကြတာ”

“အခုချက်ချင်း ပြန်ခေါ်လိုက်။ ဘာကိုဆိုလိုတာလဲလို့ မေး”

"အယ်- ဖရုံးဖရုံးမှာ ပေ့ဂျာရှိမယ်ထင်လို့လား" လို့ အမေက ပြောလိုက်တယ်။

ကြေးမုံပေါ်က အခန်းရဲ့ပုံရိပ် ပျောက်သွားတာ မြန်လွန်းလို့ အမေ့မျက်စေ့တွေတောင် တစ်အောင့်နေမှ ကျင့်သားရတော့တယ်။ မျက်စေ့ရှေ့က မြင်ကွင်းက ရွက်ဖျင်တဲရဲ့ ဟိုဖက်နံရံကို မြင်နေရတာ။ ကြေးမုံက လုံးဝဥဿုံ ကြည်လင်သွားလို့ဟိုဖက်ကို ဖောက်မြင်နေရတာလေ။ ဗီဒီယိုစခရင် သေးသေးလေးနားက စကားသံ တွေလည်း တိတ်ဆိတ်သွားတယ်။

"ဘာတွေဖြစ်နေတာလဲ" ဗိုလ်မှူးကြီး ဝက်ဘ်ဘာက ထပ်မေးတယ်။ ဂယ်ရီက ကြေးမုံဆီကို လျှောက်သွားတယ်။ ပြီးတော့ ကြေးမုံရဲ့ အနောက်ဖက်ကို ပတ်လျှောက်သွားပြန်တယ်။ ပြီးတော့ အနောက်ဖက်မျက်နှာပြင်ကို ကိုင်ကြည့်တယ်။ သူ့လက်ချောင်းထိပ်တွေနဲ့ ကြေးမုံနဲ့ထိတဲ့နေရာမှာ ဖြူဖျော့ဖျော့ ဘဲဥပုံအပိုင်းလေးတွေပေါ်နေတာ မြင်နေရတယ်။ "ကျွန်တော်တို့ အဝေးကနေ လှမ်းပြီး ဒြပ်ပြောင်းတဲ့ပညာကို လက်တွေ့မြင်လိုက်ရတာ ထင်တယ်"

မြက်ခြောက်မြေပေါ်မှာ ခပ်ကြမ်းကြမ်းနင်းလာတဲ့ စစ်ဖိနပ်သံတွေ ကြားရတယ်။ တဲတံခါးမကနေ စစ်သားတစ်ယောက် ဝင်လာတယ်။ အပြေးလာခဲ့ရလို့ ဟောဟဲလိုက်နေတယ်။ သူ့လက်ထဲမှာ ဝေါ့ကီတော့ကီအကြီးကြီးတစ်လုံးကို ကိုင် ထားတယ်။ "ဗိုလ်မှူးကြီး... သတင်းစကား.. "

ဝက်ဘ်ဘာက သူ့လက်ထဲက စကားပြောစက်ကို ဆွဲယူလိုက်တယ်။

※※※

သမီးနေ့သားအရွယ်လေးမှာ အမေသမီးကို ကြည့်နေမှာ မှတ်မိသေးတယ်။ သမီးအဖေက ဆေးရုံ စားသောက်ခန်းဆီ ခဏထွက်သွားမှာ။ သမီးက ပုခက်ခြင်းလေးထဲမှာ လှဲနေမှာ။ အမေက သမီးကို ငုံ့ကြည့်နေမှာ။

ကလေးမွေးပြီးကာစဆိုတော့ ရေညှစ်ပြီးခါထားတဲ့ မျက်နှာသုတ်ပဝါတစ်ထည်လို ခံစားနေရတုန်း။ သမီးက သေးသေးလေး။ သမီးကို ကိုယ်ဝန်ဆောင်တုန်းက အမေ့ဗိုက်ကြီး ဒီလောက်ကြီးခဲ့တာနဲ့တောင် မလိုက်ဘူး။ ဒီဗိုက်ကြီးထဲမှာ သမီးထက် ပိုကြီးပြီး ပိုတောင့်တင်းတဲ့ ကလေးလေးတစ်ယောက် ရှိနေလိမ့်မယ်လို့ သေချာပေါက် ခံစားခဲ့ရပါရဲ့။ သမီးရဲ့ ခြေထောက်လေးတွေက ပိန်ပိန်ရှည်ရှည်လေးတွေ ဖြစ်လိမ့်မယ်။ တုတ်တုတ်ခိုင်ခိုင်လေး မဖြစ်သေးဘူး။ သမီးရဲ့ မျက်နှာလေးက ရှုံ့တွပြီးနီရဲနေမယ်။ မျက်လုံးတွေက ဖောင်းအစ်ပြီး ပိတ်နေမယ်။ နတ်သူငယ်လေးပုံ ပေါက်လာမယ့်အဆင့်ရဲ့ရှေ့က မှင်စာပုလေးပုံလေးလေ။

သမီးရဲ့ဗိုက်ကလေးကို အမေ့လက်ညှိုးထိပ်လေးနဲ့ ပွတ်ဆွဲကြည့်လိမ့်မယ်။

မယုံကြည်နိုင်လောက်တဲ့ နူးညံ့ချောမွတ်မှုကို တအံ့တသြဖြစ်လို့ပေါ့။ သမီးရဲ့ အရေပြားလေးကို ပိုးစနဲ့ပွတ်မိရင်တောင် မိုးကာဖျင်ကြမ်းနဲ့ပွတ်မိသလို ပွန်းပဲ့ကုန်မှာလားလို့ တွေးမိလိမ့်မယ်။ အဲဒီနောက် သမီးက လူးလွန့်လာမယ်။ ခြေထောက်လေးတွေ တစ်ဖက်တစ်လှည့် ထိုးထိုးထောင်ထောင်နဲ့ ကိုယ်လုံးကို တွန့်လိမ်နေမှာပေါ့။ အမေ့ ဗိုက်ထဲမှာရှိစဉ်က သမီး အကြိမ်ပေါင်းများစွာလုပ်ခဲ့တဲ့ လှုပ်ရှားမှုလေးတွေကို အမေပြန်မှတ်မိမယ်။ အော် လက်စသတ်တော့ ဒီလိုလေး လှုပ်တာပါလား။

ဗိုက်ထဲမှာ ဒီလိုလှုပ်တာလေးက သားအမိနှစ်ယောက်ကြားက ထူးခြားတဲ့ ဆက်နွယ်မှုလေးမို့လား။ ဒီဆက်နွယ်မှုလေးရဲ့သက်သေကို မျက်ဝါးထင်ထင် မြင်လိုက် ရတဲ့အတွက် အမေဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလိမ့်မယ်။ သမီးဟာ အမေ့ဝမ်းနဲ့ လွယ်ခဲ့တဲ့ကလေး အမှန်ဖြစ်ကြောင်း သေချာသွားတာလေ။ သမီးကို တစ်ခါမှ မမြင်ဖူးရင်တောင် ကလေးပင်လယ်ကြီးထဲကနေ သမီးကို အမေရွေးထုတ်နိုင်လိမ့် မယ်။ အဲ့ဒီတယောက် မဟုတ်ဘူး။ ဟင့်အင်း ဒီကလေးလည်း မဟုတ်ဘူး။ နေဦး. . . ဟိုနားက တစ်ယောက်. . ။

ဟုတ်တယ်။ သူပါပဲ။ ကျွန်မသမီးပါပဲ။

※※※※

နောက်ဆုံး “လက်ဆောင်ဖလှယ်ပွဲ” ဟာ သတ္တဖူးတွေကို နောက်ဆုံးတွေ့ရ ခြင်းပဲ။ တစ်ကမ္ဘာလုံးမှာ တစ်ပြိုင်တည်း ပျောက်သွားတာ။ ကြေးမုံတွေအားလုံး အကြည်ဖြစ်သွားပြီး သတ္တဖူးယာဉ်တွေလည်း ကမ္ဘာပတ်လမ်းကနေ ထွက်ခွာသွား ကြတာ။ ကျန်ခဲ့တဲ့ကြေးမုံတွေကို စစ်ဆေးတဲ့အခါ ရိုးရိုးဆီလီကွန် အချပ်တွေပဲ ဖြစ် တာ တွေ့ရတယ်။ ဘာတုံ့ပြန်မှု ဘာခါတ်ပြုမှုမှ မရှိဘူး။ နောက်ဆုံးဖလှယ်ပွဲမှာ ပေးသွားတဲ့ သတင်းအချက်အလက်တွေကတော့ ဆူပါကွန်ဒတ်တာ (Superconductor) သတ္တအမျိုးအစားသစ်တစ်မျိုး အကြောင်း ပြောသွားတာပဲ။ ဒါပေမယ့် အဲဒါကလည်း ဂျပန်မှာ မကြာသေးခင်ကမှ တွေ့ရှိထားတဲ့ တွေ့ရှိချက်အသစ်တစ်ခုသာဖြစ်ကြောင်း နောက်ပိုင်းသိလိုက်ကြရတယ်။ ဒီတော့ လူသားတွေသိပြီးသား ဗဟုသုတတစ်ခုပဲပေါ့။

သတ္တဖူးတွေ ဘာကြောင့်ထွက်သွားကြတာလဲဆိုတာ ဘယ်သူမှမသိကြတော့ဘူး။ ဘာကြောင့်လာသလဲ။ ရောက်တဲ့အခါ ဘာကြောင့် အဲဒီလို ပြုမူနေထိုင်ခဲ့ကြတာလဲ။ ဒါတွေကိုလည်း ဘယ်သူမှမသိဘူး။ အမေ့ရဲ့ စွမ်းရည်အသစ်ကလည်း ဒါတွေကို ရှင်းမပြနိုင်ဘူး။ သူတို့ရဲ့ အပြုအမူကို စဉ်တန်းဖြစ်စဉ်ရှုထောင့်ကနေရှင်းပြ လို့ ရနိုင်မယ်ထင်ရတယ်။ ဒါပေမယ့် အမေတို့

ဘယ်တော့မှ မရှင်းလင်းနိုင်ခဲ့ကြတော့ဘူး။

သင်္ချာဖူးတွေရဲ့ လောကအမြင်ကို အမေဒီ့ထက်ပိုပြီး တွေ့ကြုံခံစားချင်သေးတယ်။ သူတို့ခံစားရသလို ခံစားချင်တယ်။ အဲဒီလိုသာဆိုရင် ဖြစ်စဉ်တွေရဲ့လိုအပ်မှုကို လုံးဝဥဿုံနှစ်မြှုပ်ခံစားရမှာ။ အခုလို သိမှုရဲ့နယ်နိမိတ်ကမ်းစပ်ကလှိုင်းတွေကြားမှာ ယက်ကန်ယက်ကန်နဲ့ တစ်သက်လုံးနေသွားရမှာ မဟုတ်ဘူး။ ဒါပေမယ့် အဲဒီလိုဘယ်တော့မှ ဖြစ်လာတော့မှာ မဟုတ်တော့ပါဘူး။ အမေဟာကြေးမုံစခန်းတွေအားလုံးက ဘာသာဗေဒပညာရှင်တွေအားလုံးလိုပဲ သင်္ချာဖူးဘာသာတွေကို တစ်သက်လုံး ဆက်လေ့ကျင့်သွားလိမ့်မယ်။ ဒါပေမယ့် သင်္ချာဖူးတွေရှိနေတုန်းကရခဲ့တဲ့ ကျွမ်းကျင်မှုအဆင့်ထက် ဘယ်သူမှ ပိုပြီးတိုးတက်လာမှာမဟုတ်တော့ဘူး။

သင်္ချာဖူးတွေနဲ့ အလုပ်လုပ်ခဲ့တာကြောင့် အမေ့ဘဝတစ်ခုလုံး ပြောင်းလဲသွားတယ်။ သမီးရဲ့ အဖေနဲ့ တွေ့ခဲ့ရတယ်။ သင်္ချာဖူး B ဘာသာကို သင်ယူခဲ့ရတယ်။ အဲဒီအဖြစ်အပျက် နှစ်ခုကြောင့် အခု လရောင်အောက်က ဝရံတာပေါ်မှာ သမီးကိုသိကျွမ်းခွင့်ရလာတာ။ ဒီလိုနဲ့ နှစ်ပေါင်းများစွာကြာတဲ့အခါ အမေ့မှာ သမီးအဖေမရှိတော့ဘူး၊ ပြီးတော့ သမီးလည်းမရှိတော့တဲ့ဘဝမှာ နေရမယ်။ အခုရောက်နေတဲ့ခဏတာလေးထဲက သင်္ချာဖူး B ဘာသာပဲ အမေ့မှာ ကျန်ခဲ့လိမ့်မယ်။ ဒီတော့ အမေအားလုံးကို သေသေချာချာလေး အာရုံစိုက်ထားချင်တယ်။ အသေးစိတ်လေးတွေကအစ မှတ်မိနေချင်တယ်လေ။

ဟိုးအစကတည်းက အမေ့နိဂုံးကို အမေသိခဲ့ပါတယ်။ ပြီးတော့လည်းသွားရမယ့်လမ်းကြောင်းကို သင့်တော်သလို ရွေးချယ်ခဲ့တယ်။ ဒါပေမယ့် အမေဟာဘယ်အစွန်းဆီကို သွားနေတာလဲ။ အဆုံးစွန်သော ပီတိဆီကိုလား၊ အဆုံးစွန်သောဝေဒနာဆီကိုလား။ အမေ မက်ဆီမမ် (Maximum) ကို ရမှာလား၊ မီနီမမ် (Minimum) ကို ရမှာလား။

အမေ့ခေါင်းထဲမှာ အဲဒီမေးခွန်းတွေဝဲလည်နေတုန်း သမီးအဖေက မေးခွန်းတစ်ခုကို မေးလိုက်တယ်။

"ကလေးလေးတစ်ယောက်လောက် မလိုချင်ဘူးလား"

တဲ့။ ပြီးတော့ အမေက ပြုံးပြီးဖြေလိုက်တယ်။

"အင်း"

ပြီးတော့ အမေ့ကိုဖက်ထားတဲ့ သူ့ရဲ့လက်တွေကိုဖြည်ပြီး အမေတို့လက်ချင်း တွဲလိုက်ကြတယ်။ ပြီးတော့ သမီးလေးကိုဖန်တီးဖို့

အိမ်ထဲကိုတွဲလျှောက်သွားကြတယ်။

※※※※

အရိပ်တွေရဲ့အလယ်

Robert A. Heinlein ၏ All you Zombies

ဝတ္ထုအား မြန်မာဘာသာသို့ ပြန်ဆိုသည်။

Robert A. Heinlein သည် အင်္ဂလိပ်ဘာသာဖြင့်ရေးသားသော စိတ်ကူးယဉ်သိပ္ပံစာပေ (Science Fiction) လောက၏ ဥသျှောင်သုံးဦးထဲတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ လေကြောင်းသိပ္ပံအင်ဂျင်နီယာနှင့် ရေတပ်အရာရှိအငြိမ်းစားတစ်ဦးလည်းဖြစ်ပြီး စိတ်ကူးယဉ်သိပ္ပံစာပေတွင် သိပ္ပံနည်းအရမှန်ကန်သော သဘောတရားနှင့် ပညာရပ်များကို ထည့်သွင်းအသုံးပြုရန် ဦးဆောင်ဆော်ဩခဲ့သူလည်း ဖြစ်သည်။ ထို့ကြောင့် Science Fiction စာပေနယ်ပယ်တွင် Hard Science Fiction ဟူသော လက်တွေ့သိပ္ပံနှင့် နည်းပညာများပါဝင်သော ဝတ္ထုအမျိုးအစားခွဲတစ်ခု ပေါ်ပေါက်လာခဲ့သည်။ သူ၏ သက်တမ်းတစ်လျှောက်တွင် ဝတ္ထုရှည် ၃၂ ပုဒ်၊ ဝတ္ထုတို/ဝတ္ထုလတ် ၅၉ ပုဒ် ရေးသားထုတ်ဝေခဲ့ပြီး သူ၏ဝတ္ထုများကိုအခြေခံ၍ ရုပ်ရှင်လေးကား၊ ရုပ်မြင်သံကြားဇာတ်လမ်းတွဲနှစ်တွဲ၊ ရေဒီယိုဇာတ်လမ်းတွဲ များစွာ ရိုက်ကူးထုတ်လွှင့်ခဲ့ရသည်။ ယခုတင်ဆက်မည့် "အရိုပ် တွေရဲ့အလယ်" (All You Zombies) ဝတ္ထုအား များစွာကျော်ကြားသော ဟောလိဝုဒ် ရုပ်ရှင် 'Predestination' အဖြစ် ရိုက်ကူးခဲ့ပြီးဖြစ်သည်။ သူသည် စာပေဆုပေါင်း များစွာအားလည်း ဆွတ်ခူးခဲ့ရုံမက၊ ယနေ့ခေတ် Science Fiction စာပေနှင့်ရုပ်ရှင်လောက၊ ခေတ်ယဉ်ကျေးမှုတို့ကိုလည်း များစွာလွှမ်းမိုးနေသူ ဖြစ်သည်။ Robert A. Heinlein ကို ၁၉၀၇ ခုနှစ်တွင် မွေးဖွားပြီး၊ ၁၉၈၈ ခုနှစ်တွင်ကွယ်လွန်သည်။

※※※※

၂၂း၁၇ နာရီ။ အချိန်ဇုံ ငါး

(EST) ခရစ်နှစ် ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်

“အဖေ့အိမ်” အရက်ဘား။

ကျွန်ုပ် ဘရန်ဒီဖန်ခွက်တစ်ခွက်အား ပွတ်သုတ်လျက်ရှိစဉ် ဆိုင်ထဲသို့ “လင်ကောင်မပေါ်တဲ့ မိခင်” ဝင်လာလေသည်။ အချိန်မှာ ည ၁၀ နာရီ ၁၇ မိနစ် တိတိ၊ ဇုံအမှတ် ငါး (သို့) အရှေ့ပိုင်းအချိန်၊ နိုဝင်ဘာလ ၇ ရက်၊ ၁၉၇၀ ပြည့်နှစ် ဖြစ်သည်။ ကျွန်ုပ်တို့ အချိန်အေးဂျင့်များသည် အချိန်နှင့်နေ့စွဲတို့ကို အမြဲသတိထား မိနေတတ်သူများ ဖြစ်၏။ သတိမထား၍လည်း မရပေ။

“လင်ကောင်မပေါ်တဲ့မိခင်” ဟူသည်မှာ အသက် ၂၅ နှစ်အရွယ် လူငယ် တစ်ဦးဖြစ်သည်။ ကျွန်ုပ်နှင့် အရပ်အမောင်းချင်း မတိမ်းမယိမ်းဖြစ်ပြီး၊ နုနယ်ပျိုမျစ်သော အသွင်အပြင်ရှိသည်။ ကလေးငယ်တစ်ယောက်၏ ခန္ဓာကိုယ်အချိုးအစားမျိုးဟုပင် ပြော၍ရ၏။ စိတ်ကလေးကလည်း ခပ်ဆတ်ဆတ်ဖြစ်သည်။ ကျွန်ုပ်မှာ သူ့အသွင်အပြင် ကို မနှစ်မြို့လှပေ။ ယခင်ကလည်း မနှစ်မြို့ခဲ့။ သို့သော် ၎င်းမှာ ကျွန်ုပ်စည်းရုံးရမည့် ငနဲလေးပင် ဖြစ်ပေသည်။ သူသည်ပင် ကျွန်ုပ်၏အလုပ်တာဝန်မဟုတ်လော။ သို့နှင့် ဘားကောင်တာ ဝန်ထမ်းတစ်ဦး၏ အတောက်ပဆုံးအပြုံးဖြင့် ပြုံးပြလိုက်ရ၏။

ကျွန်ုပ်က စပ်စပ်စုစု ပေါက်ပေါက် အပြစ်ရှာလွန်းသည်လည်း ဖြစ်ချင်ဖြစ်မည်။ ကောင်ကလေးက ခေတ်ဆန်သူ ဆပ်ကော့လက်ကော့လေး မဟုတ်။ စပ်စုတတ်သူ အချို့က သူ၏အသက်မွေးဝမ်းကြောင်း အလုပ်ကို မေးမြန်းသည့်အခါတိုင်း “ကျုပ်က unmarried mother ပဲ။ လင်ကောင်မပေါ်တဲ့ ကလေးအမေပေါ့ဗျာ” ဟု အမြဲ ဖြေတတ်သောကြောင့်သာ သူ့အား “လင်ကောင်မပေါ်တဲ့မိခင်” ဟု အမည်ပြောင်ပေး ထားရခြင်းဖြစ်သည်။ တစ်ခါတရံ သင်း စိတ်ကောင်းကလေး အနည်းငယ်ဝင်နေလျှင် “ကျုပ်က လျှို့ဝှက်အပြစ်ဝန်ခံချတဲ့စာတွေ အငှားရေးပေးတယ်။ စာတစ်လုံးကိုလေးပြား ယူတယ်” ဟု ဆက်ရှင်းပြတတ်သည်။

စိတ်မကြည်သည့်အခါမျိုးဆိုလျှင်တော့ ဘာမျှဆက်မပြောတော့ဘဲ အခြားသူများအား သဘောပေါက်ချင်သလို ပေါက်စေမည်။ သို့နှင့် တစ်ယောက်ယောက်က စချင်နောက်ချင်၍ဖြစ်စေ၊ လှောင်ပြောင်လို၍ဖြစ်စေ၊

နားမလည်၍ဖြစ်စေ၊ ငြင်းခုံ ရန်စခြင်းပြုလာမည်ကို ထိုင်စောင့်နေတတ်သည်။ သူသည် ရန်ဖြစ်လျှင် ကျားကျား လျားလျား ဟောဟောဒိုင်းဒိုင်း မဖြစ်တတ်။ သူရန်ဖြစ်သည့်ပုံစံက ရဲမေအချင်းချင်း အကြမ်းပတမ်း ခွက်စောင်းခုတ်သလို ဖြစ်သည်။ ယင်းကလည်း သူ့အား စည်းရုံးလို ရသည့် အကြောင်းရင်းပင် ဖြစ်တော့သည်။ ထိုအကြောင်းတစ်ခုတည်းတော့ မဟုတ် ချေ။

သူမှုးနေသည်။ ထို့ကြောင့် လူတွေကို ခါတိုင်းထက် ပိုမုန်းနေသည်။ ကျွန်ုပ် ဘာမှမပြောဘဲ “အဆက်ဟောင်း” အရက်ကိုသာ နှစ်ပက်ထည့်ပေးလိုက်ပြီး ပုလင်းပါ ထောင်ပေးထားလိုက်သည်။ သူက ခွက်ကိုမော့ချလိုက်ပြီး သူ့ဖာသာ နောက်တစ်ခွက် ထပ်ငှဲ့သည်။

ကျွန်ုပ်က ဘားကောင်တာကို အဝတ်နှင့်သုတ်သည်။ “လင်ကောင်မပေါ်တဲ့ ကလေးအမေရေ၊ အလုပ်အကိုင် အဆင်ပြေရဲ့လားဗျ”

ဖန်ခွက်ကို ကိုင်ထားသော သူ့လက်ချောင်းများ တင်းဆုပ်သွားသည်။ ကျွန်ုပ်အား ထိုဖန်ခွက်ဖြင့် ပစ်ပေါက်တော့မယောင် ထင်ရ၏။ ကျွန်ုပ်လည်း ဘားကောင်တာအောက်ရှိ တုတ်ကို လက်ဖြင့် စမ်းလိုက်သည်။ ကျွန်ုပ်တို့၏ အချိန်ကစား သောလုပ်ငန်းတွင် အရာရာတိုင်းကို ထည့်သွင်းတွက်ချက် ထားကြရစမြဲ။ သို့သော် အကြောင်းခံအချက်အလက်တွေမှာ များမြောင်လွန်းလှသဖြင့် အန္တရာယ်ရှိမည့် အရာကို တတ်နိုင်သ၍ ရှောင်ရသည်။

သူ့အမူအရာ မသိမသာလေး ပြေလျော့သွားသည်ကို မြင်လိုက်၏။ ထိုမသိသာသော အလျော့လေးကို မြင်အောင်စောင့်ကြည့်တတ်ရန် ဗြူရိုက လေ့ကျင့်ပေးခဲ့သည်။ “ဆောရီးဗျာ။ စိတ်မရှိပါနဲ့။ အလုပ်အကိုင်ဘယ်လိုလဲလို့ စကားအဖြစ် မေးလိုက်တာပါ။ ကဲပါ - ရာသီဥတု ဘယ်လိုလဲလို့ မေးလိုက်တယ်ပဲ သဘောထား လိုက်ဗျာ”

သူ့မျက်နှာက ခပ်တင်းတင်း။ “အလုပ်အကိုင် မဆိုးပါဘူး။ ကျုပ်က စာရေးတယ်။ သူတို့က ပုံနှိပ်တယ်။ ရတဲ့ငွေနဲ့ ထမင်းစားတယ်”

ကျွန်ုပ် အဆက်ဟောင်းတစ်ခွက် ကိုယ့်အတွက်ကိုယ်ငှဲ့သည်။ ထို့နောက် သူ့ဖက်ယိုင်ကာ ဘားကိုမှီသည်။ “အမှန်အတိုင်းပြောရရင်.. ခင်ဗျား စာအရေး အသား မဆိုးဘူးဗျ။ ကျွန်တော် နည်းနည်းပါးပါး ဖတ်ဖူးတယ်။ ခင်ဗျားရဲ့ မိန်းမတွေ ဘက်ကအမြင် “မိန်းမရှုထောင့်” ပေါ့ဗျာ . . အဲဒါ တော်တော်ခိုင်တယ်ဗျ”

သူအသုံးပြုသောကလောင်အမည် သို့မဟုတ် ကလောင်ခွဲများအား ကျွန်ုပ် သိမနေသင့်။ သူက တစ်ခါမှ ပြောပြဖူးသည်မဟုတ်။ သို့သော် မဖြစ်မနေစွန့်စားကာ ပြောလိုက်ရ၏။ သူက အတော်လေးမှုးယစ်နေပြီ ဖြစ်သဖြင့် အပေါ်ယံအခိပ္ပာယ်

ကိုသာ ယူသွား၏။ “ခွီး - မိန်းမရှုထောင့် ဟုတ်လား. . ။ သိသပေါ့ဗျာ။ မိန်းမတွေရဲ့ အမြင်ကို ကျုပ်သိပ်သိသပေါ့။ မသိလို့ ဘယ်ဖြစ်မလဲ။”

ကျွန်ုပ်က မရေမရာလေသံဖြင့် “. . . အော်. . . . ညီအစ်မတွေ ရှိတယ် ထင်ရဲ့” ဟု မေးလိုက်သည်။

“မဟုတ်ပါဘူးဗျာ။ ပြောပြလည်း ခင်ဗျားယုံမှာမဟုတ်ပါဘူး”

ကျွန်ုပ်က လေအေးလေးဖြင့် “အဲဗျ အဲဗျ၊ တကယ့်အဖြစ်အပျက်ထက် ပိုထူးဆန်းတာ ဘယ်မှာရှိတော့မတုန်းဗျ။ အဲဒါကို ကျွန်တော်တို့လို ဘားဝန်ထမ်းတွေနဲ့ စိတ်ရောဂါကုဆရာဝန်တွေ အသိဆုံးပဲမို့လား။ ဒီမှာ ကိုယ့်လူရဲ့၊ ကျွန်တော်ကြားဖူးတဲ့ ဇာတ်လမ်းတွေများ ခင်ဗျားကြားရရင်လေ. . . အင်း ခင်ဗျားတော့ နာမည်ကြီးစာရေးဆရာဖြစ်ပြီး ချမ်းသာသွားမှာ အမှန်ပဲ။ အင်မတန်မယုံနိုင်စရာ အဖြစ်အပျက်တွေဟာကလား”

“မယုံနိုင်စရာအဖြစ်အပျက်ဆိုတာ ဘာမှန်း ခင်ဗျားမသိသေးပါဘူးဗျာ”

“အံမယ်။ ကျွန်တော်က တော်ရုံမအံ့ဩတော့ဘူးဗျနော်။ ကြားဖူးတာတွေက များလှပြီလေဗျ”

သူက ခွီးကနဲ ရွဲ့သံပြုပြန်သည်။ “ခွီး. . . အေး။ လက်ကျန်ပုလင်းနဲ့လောင်းမလား”

ကျွန်ုပ်က ပုလင်းအသစ်တစ်လုံးကိုထုတ်ပြီး “တစ်ပုလင်းလုံး လောင်းတယ်ဗျာ” ဟု ပြောလိုက်၏။ တစ်ဆက်တည်း ကျွန်ုပ်၏ အရံဘားဝန်ထမ်းအား ကျွန်ုပ်၏ နေရာကိုဝင်ယူရန် လက်ဟန်ခြေဟန်ဖြင့် အချက်ပြလိုက်သည်။ ဘား၏ တစ်ဖက်စွန်းတွင် လူတစ်ယောက်စာနေရာချန်ပြီး သနပ်ဖက်ဗူးများ၊ ကြက်ဥများနှင့် အခြား ဗာဟီရပစ္စည်းများ တင်ထား၏။ ထို့ကြောင့် လူတစ်ကိုယ်စာ သီးသန့်ထောင့်လေး ဖြစ်နေသည်။ ကျန်ဧည့်သည်များမှာ ဘား၏ အခြားဖက်အစွန်းတွင် စုထိုင်ကာ နပန်းပွဲကြည့်နေကြသည်။ အကြွေပြားထည့်ဖွင့်ရသောဓာတ်စက်မှ သီချင်းသံထွက် ပေါ်နေ၏။ ထို့ကြောင့် ကျွန်ုပ်တို့နှစ်ယောက်မှာ သီးသန့်ထောင့်လေးတွင် လွတ်လပ် စွာ ပြောဆိုနိုင်ကြလေသည်။

“ကောင်းပြီ. . . ” ဟု သူက စကားစသည်။ “ဘယ်ကစပြောရမလဲဆိုတော့ ကျုပ်က ဖအေမပေါ်ဘဲ မွေးတဲ့သားဗျ”

ကျွန်ုပ် - “မထူးဆန်းပေါင်ဗျာ”

သူ (သံပြတ်ဖြင့်) - "အတည်ပြောနေတာဗျ။ ကျုပ်ကိုမွေးတဲ့ အမေ့မှာ ယောကျ်ားမရှိဘူး"

ကျွန်ုပ် - "မထူးဆန်းပါဘူးဆိုဗျာ။ ကျွန်တော့်အမေလည်း ဒီလိုပဲဟာ။"

ကျွန်ုပ်အား ကြည့်သော သူ့အကြည့်တွင် နွေးထွေးသည့်အရိပ်အယောင် ပါဝင်စပြုသည်။ "ခင်ဗျား တကယ်ပြောတာလား"

"အစစ်ပေါ့ဗျာ။ ရာနှုန်းပြည့် မျိုးမစစ်ပါခင်ဗျာ။ ရေမရောဘူး။ အမှန်အတိုင်းပြောရရင် ကျွန်တော့်တစ်မျိုးလုံး ဘယ်သူမှ လက်မထပ်ကြဘူးဗျ။ တစ်မိသားစုလုံး ဖအေမပေါ်ဘူးဗျ"

"အော် ဒါကလား. . " ကျွန်ုပ် သူ့ကို ပြလိုက်သည်။ "ဒါက လက်ထပ်လက်စွပ် မဟုတ်ပါဘူးဗျာ။ ရိုးရိုးလက်စွပ်ပါ။ လက်ထပ်လက်စွပ်နဲ့တူနေတော့ တော်ရုံမိန်းမတွေ အနားမကပ်တော့ဘူးပေါ့"

ထိုလက်စွပ်မှာ ၁၉၈၅ ခုနှစ်တုန်းက လုပ်ဖော်ကိုင်ဖက်အေးဂျင့်တစ်ဦးထံမှ ပြန်ဝယ်ထားသော ရှေးဟောင်းလက်စွပ်ဖြစ်သည်။ ခရစ်တော်မပေါ်မီအချိန်တွင် ဂရိကျွန်းတစ်ကျွန်းဖြစ်သော ခရိတိကျွန်း၌ သွန်းလုပ်ခဲ့သော လက်စွပ်ဖြစ်သည်။ "ကမ္ဘာ့မြွေကြီး သူ့အမြီးသူ ပြန်မျိုနေတဲ့ပုံလေ၊ ထာဝရမဆုံးနိုင်တဲ့သင်္ကေတ်။ မဟာဝိရောဓိကြီးရဲ့ သင်္ကေတပေါ့ဗျာ"

သူက လက်စွပ်ကို ကြည့်သည်ဆိုရုံမျှ ဖျတ်ခနဲ လှမ်းကြည့်သည်။ "ခင်ဗျား လည်း အဖမဲ့သားဆိုရင် ကျုပ်ဘယ်လိုခံစားရတယ်ဆိုတာ ခင်ဗျားကိုယ်ချင်းစာမှာပါ။ ကျုပ်ငယ်စဉ် ကလေးမလေး ဘဝတုန်းက.. "

ကျွန်ုပ် -"ခင်ဗျာ. . . ! ဘယ်လို ဘယ်လို. . ။ ကျွန်တော် နားကြားများ လွဲသလား..

သူ -"ဇာတ်ကြောင်းပြောနေတာ ဘယ်သူလဲ။ ခင်ဗျားလား ကျုပ်လား။ ကျုပ်ငယ်စဉ် ကလေးမလေးဘဝတုန်းက . . . ။ နေစမ်းပါဦး။ ဒီမှာ ဟော့လူ ခရစ်စတင်း ယော်ဂျင်ဆန်ဆိုတာ ကြားဖူးသလား။ ရော်ဘတ်တာကောင်းဝဲလ်ရော"

ကျွန်ုပ် - "ဗျာ. . . အာ. . . လိင်ပြောင်းတဲ့ သူတွေမို့လား။ ခင်ဗျားဆိုလိုတာက.. "

သူ - "ဖြတ်ဖြတ်မပြောစမ်းနဲ့ဗျာ။ နို့မို့ရင် သေတောင်ဆက်မပြောတော့ဘူးဗျာ။ ကျုပ်က မိဘမဲ့။ စွန့်ပစ်ခံရတဲ့ ကလေး။ ၁၉၄၅ ခု၊ ကျုပ်တစ်လသမီး အရွယ်မှာ ကလိဗ်လန်းက မိဘမဲ့ဂေဟာကို ရောက်တယ်။

ကျုပ်ငယ်စဉ်တုန်းက မိစုံဖစုံရှိတဲ့ကလေးတွေကို သိပ်အားကျခဲ့တာ။ နောက်တော့ သံဝါသကိစ္စကို နားလည်လာတဲ့အခါ... အဲ- မိဘမဲ့ဂေဟာဆိုတာမျိုးက ဒီကိစ္စတွေ သိဖို့သိပ်လွယ်တဲ့ နေရာဗျ၊ ကျုပ်ပြောတာယုံလိုက်။"

ကျွန်ုပ် - "သိပါတယ်ဗျာ"

သူ - "..အဲလို သိလာတဲ့အခါ ကျုပ်လေးလေးနက်နက် သစ္စာဆိုခဲ့တယ်။ ကျုပ်မွေးလာမယ့် ကလေးတွေသည် မိစုံဖစုံဖြစ်ကိုဖြစ်စေရမယ်လို့။ အဲဒီ သစ္စာကြောင့် ကျုပ် စင်စင်ကြယ်ကြယ်နေဖြစ်ခဲ့တယ်။ မိဘမဲ့လောကမှာ ဒီလိုနေဖို့ မလွယ်ဘူးဗျ။ ကိုယ့်သီလကိုယ် ရှုပ်ရှုပ်ချွံချွံ ကာကွယ်ရတာမျိုး။ ကျုပ် ကာကွယ်ခဲ့တယ်။ နည်းနည်း ကြီးလာတော့ ကျုပ်ဟာ အိမ်ထောင်ကျမယ့်ကံမပါဘူး ဆိုတာ သဘာပေါက်လာတယ်။ ကျုပ်ကို မွေးစားမယ့်သူ မရှိတာလည်း ဒီအကြောင်းကြောင့်ပဲ"

သူ့ မျက်နှာမှာ ဒေါသအရိပ်အယောင်ဖြင့် မဲ့နေသည်။

"ကျုပ်မျက်နှာက ရှည်လမျောကြီး၊ သွားက ခေါသေး၊ ရင်ဘတ်က ပြားချပ်ခုပ်နဲ့ ဆံပင်ကလည်း အခွေအလိပ်မရှိ ဖြောင့်စင်းစင်းကြီးကိုး"

"ခင်ဗျားက ကျွန်တော်နဲ့ယှဉ်ရင် ရုပ်မဆိုးလှပါဘူးဗျာ။"

"ဘားကောင်တာဝန်ထမ်းရဲ့ ရုပ်၊ စားပွဲထိုးရဲ့ရုပ် ဆိုးဆိုးလှလှ ဘယ်သူဂရုစိုက်မှာလဲဗျ။ ဒါပေမယ့် လူတွေက ကလေးမွေးစားတဲ့အခါကျတော့ ဆံပင်ရွှေရောင် မျက်လုံးပြာပြာနဲ့ ပန်းရောင်ထွေးထွေး မသာလေးတွေကိုပဲ မွေးစားချင်ကြတာဗျ။ အရွယ်လေး နည်းနည်းရောက်လာတော့လည်း အကောင်တွေက မို့မို့မောက်မောက် သားမြတ်တွေ၊ မျက်နှာလှလှလေးတွေ၊ ပြီးတော့.. ဟို.. အားကိုးချင်တဲ့၊ မူနွဲ့ချင်တဲ့ အမူအရာလေးတွေကို လိုချင်ကြတာဗျ"

သူပုခုံးတစ်ချက်တွန့်သည်။ "ကျုပ်လို မိန်းကလေးအတွက် ဘယ်မှာ အခွင့်အရေး ရှိပါ့မလဲ။ ဒါနဲ့ ညွှေ့ကျွေးစစ်သမီးတပ်ဖွဲ့ထဲ ဝင်ဖို့ ဆုံးဖြတ်လိုက်တယ်"

"ဟင်"

"နိုင်ငံတော် အရေးပေါ် စစ်သမီးတပ်ဖွဲ့၊ ညွှေ့ခံရေးနှင့် ကျွေးမွေးပြုစုရေး တပ်ခွဲလေ။ အခု နာမည်ပြောင်းသွားပြီ။ "အာကာသနတ်သမီးတပ်ခွဲ' လို့ခေါ်တယ်လေ။ အာကာသတပ်မ၊ အရံသူနာပြုတပ်ခွဲလေ"

ထိုအမည်နှစ်ခုလုံးကို ကျွန်ုပ်သိသည်။ ယင်းတပ်ခွဲ၏ အမည်ပြောင်းပုံ အဆင့်ဆင့်ကို လေ့လာမှတ်သား ခဲ့ရဖူးသည်။ ကျွန်ုပ်တို့ခေတ်တွင် ထိုတပ်ခွဲမှာ

စစ်တပ်၏ အီလစ်ဝန်ဆောင်မှု တပ်ခွဲတစ်ခုဖြစ်လာပြီး အမည်သစ်လည်း မှည့်ခေါ်ထားပြီးဖြစ်သည်။ "အာကာသရဲဘော်တို့အား ပြန်လည်ထူထောင်ရေးနှင့် ကိုယ်စိတ်ခွန်အား ဖြည့်တင်းရေး အမျိုးသမီးညှော့ခံပြုစုသူ အဖွဲ့" ဟူ၏။ ဝေါဟာရအသုံး အနှုန်းပြောင်းလဲမှုမှာ အချိန်ခရီးသွားတို့အတွက် အရှုပ်ဆုံးပြဿနာဖြစ်သည်။ ကားပြင်သည့် ဆိုင်ကို "ဝပ်ရှော့" ဟု ခေါ်ခဲ့ဖူးသည်အား စာဖတ်သူသိပါသလား။ တစ်ရံရောအခါက ကျွန်ုပ်သည် ဝန်ကြီးချုပ်ချာချီခေတ်သို့ တာဝန်ဖြင့်ရောက်သွားခဲ့သည်။ ထိုစဉ် မိန်းမတစ်ယောက်က "ဘေးကပ်လျက်က ဝပ်ရှော့မှာလာတွေ့ပါ ဟု ပြောခဲ့သည်။ တစ်မျိုးမထင်ပါနှင့် မိတ်ဆွေ။ သူပြောသည့် "ဝပ်ရှော့" ထဲတွင် ကျွန်ုပ်တို့ သိထားသော ဝပ်ရှော့လို အိပ်ရာကုတင်ပါဝင်ခြင်းမရှိပါ။

သူ စကားဆက်သည်။ "အဲဒီတုန်းက ယောကျ်ားတွေကို စိတ်အလိုဖြည့်စရာမဖန်တီးပေးဘဲ အာကာသထဲ နှစ်ပေါင်းများစွာကြာအောင် လွှတ်လိုက်လို့မရဘူးဆိုတာ သူတို့စပြီး အသိအမှတ်ပြု ဝန်ခံလာတဲ့အချိန်ပေါ့ဗျာ။ . . . အဲ့ ငနဲသားတွေအော်ကြဟစ်ကြတာ ခင်ဗျားမှတ်မိသေးလား။ အခြေအနေက အဲလိုဆိုတော့ ကျုပ်အတွက် ဝင်ခွင့်အခွင့်အလမ်း ပိုများတာပေါ့။ ကိုယ့်စိတ်နဲ့ကိုယ် သွားလျှောက်တဲ့ စေတနာရှင်ကလည်း ရှားတယ်လေ။ ဝင်ခွင့်လျှောက်တဲ့ မိန်းကလေးက နာမည်ဆိုး မထွက်ရဘူး၊ အပျိုစင်ဖြစ်ရင် ပိုကောင်းတယ်၊ သူတို့က အစကနေစပြီး သင်ပေးချင်တာကိုး၊ စိတ်ဓာတ်ကလည်း သာမန်ထက်ပိုပြီး ကြံ့ခိုင်ရမယ်။ ဒါပေမယ့် တကယ် လျှောက်တဲ့သူတွေက ဖာသည်အဟောင်းကြီးတွေများပါတယ်။ နောက်ပြီး ဆေးသမ တွေလည်း ပါသေးတယ်။ အဲဒီဟာမတွေက ကမ္ဘာကနေခွာတာ ဆယ်ရက်မပြည့်ခင် ရူးကုန်မယ့်ဟာတွေ။ ဒီတော့ ကျုပ်မှာ ရုပ်ရည်မရှိလည်း ဘာအရေးလဲဗျ။ ကျုပ် ကိုသာလက်ခံရင် သွားခေါတာကိုလည်း ပြင်ပေးကြမယ်၊ ဆံပင်ကိုလည်း အခွေ အလိပ် ဖြစ်အောင်ထည့်ပေးကြမယ်၊ လမ်းလျှောက်ပုံကအစ၊ အကအခုန်၊ ယောကျ်ား တစ်ယောက်ရဲ့စကားကို ဘယ်လိုနှစ်လိုဖွယ်အမူအရာလေးနဲ့ နားထောင်ရမယ် ဆိုတာအဆုံး၊ မိန်းမတို့တတ်အပ်သမျှ အကုန်သင်ပေးမှာ။ ဒါ့အပြင် အဓိကတာဝန်တွေအတွက်လည်း သင်တန်းကောင်းကောင်းပေးဦးမယ်။ လိုအပ်ရင် ပလတ်စတစ်ဆာဂျရီတောင် လုပ်ပေးဦးမှာ။ ရဲဘော်တွေအတွက် အကောင်းတကာ့အကောင်းဆုံးပေါ့ဗျာ"

"အကောင်းဆုံးကတော့ဗျာ ခင်ဗျားတာဝန်ထမ်းဆောင်နေသရွေ့ ကိုယ်ဝန်မရှိစေရဘူး။ တာဝန်ကာလဆုံးလို့ အငြိမ်းစားယူရင်လည်း ခင်ဗျားကိုယူမယ့်လူမရှားတော့ဘူး။ အိမ်ထောင်ကျမှာ သေချာသလောက်ပဲ။ ဒီနေ့ခေတ်မှာလည်း ဒီလိုပဲလေ။ နတ်သမီးတွေက အာကာသရဲဘော်တွေနဲ့ပဲ ညားကြတာမို့လား။ ဆိုးတူကောင်းဖက် တာဝန်တူတူထမ်းလာကြတာဆိုတော့ တစ်ယောက်နဲ့တစ်ယောက် နားလည်တာပေါ့ဗျာ"

". . ကျုပ်အသက် ဆယ့်ရှစ်နှစ်ပြည့်တော့ အိမ်တစ်အိမ်မှာ "အမေ့အဖော်" ဆိုတဲ့ခေါင်းစဉ်နဲ့ သွားနေရတယ်။ ဒီမိသားစုက အမှန်က အိမ်ဖော်လိုချင်တာပါ။ ငွေမပေးရတဲ့ အိမ်ဖော်ပေါ့။ ကျုပ်ကလည်း အသက် ၂၁ နှစ်ပြည့်မှ တပ်ထဲဝင်လို့ရမှာဆိုတော့ စိတ်ထဲမထားပါဘူး။ သွားနေပေးလိုက်တယ်။ နေ့ဖက် အိမ်အလုပ်လုပ်၊ ညဖက်ကျတော့ ညကျောင်းတက်တယ်။ ညကျောင်းမှာ လက်နှိပ်စက်နဲ့ လက်ရေးတို သင်တန်း တက်ချင်ယောင်ဆောင်တာ။ အမှန်က တပ်ထဲဝင်ခွင့်အတွက် အထောက်အကူဖြစ်အောင် မိန်းကလေး လူမှုဆက်ဆံရေးသင်တန်းကို တက်နေတာ" "အဲဒီမှာ ဒီ ဒေါ်လာရာတန်တွေ အုပ်လိုက်ကိုင်သုံးတဲ့ မြို့သားငနဲ တစ်ကောင်နဲ့ တွေ့တာပဲ"

သူ့မျက်နှာ မဲ့ရွဲ့သွားပြန်သည်။

"တင်စားပြောတာမဟုတ်ဘူး။ ငနဲက ဒေါ်လာရာတန်တွေ တကယ် အုပ်လိုက် ကိုင်သုံးတာ။ ကျုပ်ကိုလည်း ထုတ်ပြတယ်။ ယူချင်သလောက် ယူဖို့လည်း ပြောတယ်"

"ဒါပေမယ့် ကျုပ်မယူခဲ့ပါဘူး။ ကျုပ် သူ့ကို ကြိုက်မိတယ်လေ။ ကျုပ်ကို မလှည့်စားဘဲ ကောင်းကောင်းဆက်ဆံတဲ့ ပထမဆုံးယောကျ်ားပဲ။ ကျုပ်လည်း သူနဲ့ ခဏခဏတွေ့ခွင့်ရအောင် ကျောင်းထွက်ပစ်လိုက်တယ်။ အဲဒီအချိန်တွေဟာ ကျုပ်ဘဝမှာ အပျော်ဆုံးအချိန်တွေပဲ။ အဲလိုနဲ့ တစ်ည ပန်းခြံတစ်ခုထဲမှာ လှည့်စားမှုတွေ စခဲ့တယ် ..."

သူ စကားရပ်သွားသဖြင့် "ဘာဆက်ဖြစ်တာလဲ" ဟု မေးလိုက်ရသည်။

"ပြီးတော့လား.. ဘာမှ ဆက်မဖြစ်တော့ဘူးလေ။ သူ့ကိုလည်း နောက်ထပ် ပြန်မတွေ့ရတော့ဘူး။ အိမ်လိုက်ပို့တယ်၊ ကျုပ်ကိုချစ်တယ်လို့ ပြောတယ်၊ နှုတ်ဆက်အနမ်းပေးတယ်၊ ပြီးတော့ ပြန်ပေါ်မလာတော့ဘူး" သူ့မျက်နှာမှာ တင်းမာနေသည်။ "ဒီကောင်ကို ပြန်ရှာတွေ့လို့ကတော့ အသေကိုသတ်ပစ်မယ်။"

ကျွန်ုပ် - "အေးဗျာ. . . ခင်ဗျားရင်ထဲမယ် ခံစားနေရတာကို နားလည်ပါတယ်။ ဒါပေမယ့်. . လူသတ်ဖို့ကတော့. . သူ့ခမျာ လူ့သဘာဝရဲ့ လှုံ့ဆော်မှုနောက်ကို လိုက်မိရှာတာပဲဗျာ. အဲ၊ ခင်ဗျားကရော ရုန်းခဲ့ကန်ခဲ့ရသေးလား. . "

သူ - "ဟမ် ဘာဆိုင်လို့လဲ"

ကျွန်ုပ် - "ဆိုင်တာပေါ့ဗျ။ ခင်ဗျားကိုစွန့်ပစ်သွားတဲ့အတွက် အရိုးကျိုးအောင် အရိုက်ခံရလည်း ဒီကောင်ခံသင့်တယ်ဗျာ။ ဒါပေမယ့်. . "

သူ - "အဲဒီထက် ပိုဆိုးတဲ့အပြစ်ဒဏ်ကို ခံသင့်တာဗျ. နေဦး

ကျုပ်ပြောတာကို ဆုံးအောင်နားထောင်ဦး။ ကျုပ် အဲဒီအဖြစ်ကို ဖုံးထားလိုက်တယ်။ ဘယ်သူကိုမှ ပြောမပြတာ အကောင်းဆုံးဖြစ်မယ်ထင်လို့။ အဲဒီလူကိုလည်း ကျုပ် တကယ် ချစ်မေတ္တာရှိခဲ့တယ် မထင်ဘူး၊ ဘယ်သူ့ကိုမှလည်း မေတ္တာရှိနိုင်မယ် မထင်ဘူး။ အခုလိုတွေ ဖြစ်လာတော့ ကျုပ်မှာ ဒွေ့ကြွေးတပ်ဖွဲ့ထဲကို ဝင်ချင်စိတ်သာ ပိုပိုပြီး ခိုင်မာလာတာပဲ။ ဝင်ခွင့်အရည်အချင်းလည်း မီသေးတယ်လေ။ အပျိုစစ်ကို စစ်မှ ဝင်ခွင့်ရတာမဟုတ်ဘူးကိုး။ ကျုပ်လည်း စိတ်ဓါတ်တွေ ပြန်တက်ကြွလာတယ်”

“ကျုပ်ရဲ့ စကတ်တွေ ကျပ်သထက်ကျပ်လာတော့မှပဲ ကျုပ်လည်း သဘောပေါက်သွားခဲ့တာ.. ”

“ကိုယ်ဝန်လား”

“ငနဲက ကျုပ်ကို ဗိုက်တစ်လုံးနဲ့ ထားခဲ့တာဗျာ. . . ။ ကျုပ်နေတဲ့အိမ်က ကပ်စေးနှဲတွေကတော့ ကျုပ်အလုပ်လုပ်နိုင်နေသရွေ့ ကျုပ်ရဲ့အခြေအနေကို မသိချင်ယောင် ဆောင်နေကြတာ။ ဗိုက်လည်းတအားထွက်လာရော ကန်ထုတ်လိုက်ကြ ပါရော။ မိဘမဲ့ဂေဟာကလည်း ကျုပ်ကို ပြန်လက်မခံတော့ဘူး။ နောက်ဆုံး ပရဟိတ ဂေဟာတစ်ခုမှာ တခြားဗိုက်ကြီးသည်တွေ၊ ချေးခွက်သေးခွက်တွေကြားထဲ မွေးမယ့် အချိန်ထိ နေခဲ့ရတယ်”

“မွေးမယ့်ညလည်းကျရော ခွဲစိတ်ကုတင်ပေါ်မှာ လှဲနေရတာရယ်၊ နာစ့်မ က “စိတ်ကိုလျှော့ထား. . အသက်ပြင်းပြင်းရှူ” လို့ပြောနေတာရယ်ပဲ မှတ်မိတယ်။

“ပြန်လည်းနိုးလာရော ရင်ဘတ်ကစပြီး အောက်ပိုင်းတစ်ခုလုံး လှုပ်မရဘူး” ထုံနေတာ။ အဲဒီမှာ ကျုပ်ကို ခွဲစိတ်ပေးတဲ့ဆရာဝန်ရောက်လာပြီး နေကောင်းရဲ့ လားဟေ့လို့ မေးတာ။ ရွှင်ရွှင်ပျပျပဲ”

“မံမီရုပ်လိုပဲ. . ” လို့ ကျုပ်က ဖြေတယ်။

“ဒါပေါ့ ဒါပေါ့။ ပတ်တီးတွေက မံမီရုပ်လို တစ်ကိုယ်လုံးနီးပါး ဖြစ်နေတာကိုး။ ပြီးတော့ နာကျင်တာသက်သာအောင် ထုံဆေးပြင်းပြင်းပေးထားတယ်နော်။ နေကောင်းသွားမှာပါ။ ဗိုက်ခွဲရတာဆိုတော့ လက်စွယ်ငုပ်သလောက်တော့ ဘယ် သက်သာမလဲနော့”

“ဗိုက်ခွဲရတာလား”လို့ ကျုပ် ပြန်မေးလိုက်တယ်။ “ဆရာ.. ကျွန်မရဲ့ ကလေးဆုံးသွားပြီလား. ”

“ဟာ.. မဟုတ်တာ။ ကလေးက ကျန်းကျန်းမာမာပဲ”

“အော်.. ယောက်ျားလေးလား မိန်းကလေးလား”

“မိန်းကလေးဗျာ. . . သန့်သန့်စွမ်းစွမ်းလေး။ ငါးပေါင် လေးအောင်စ။”

“ကျုပ် စိတ်သက်သာရာရသွားတယ်။ ကလေးလေးတစ်ယောက်လုံးကို ကာလရေကြည်ကနေ မွေးတဲ့အထိ ကျုပ်ဖန်တီးခဲ့ပြီလေ။ တစ်နေရာရာကိုသွားမယ်။ ကျုပ်နာမည်ရှေ့မှာ မစ္စက်လို့ တပ်မယ်။ ကလေးကို သူ့အဖေသေပြီလို့ ပြောထားမယ် လို့ စိတ်ကူးတယ်။ ကျုပ်ကလေးအလှည့်မှာ မိဘမဲ့ဂေဟာကို မရောက်စေရဘူး”

“ဒါပေမယ့် ဆရာဝန်စကားမဆုံးသေးဘူးဗျ။ ဆက်ပြောနေတုန်း…“ဒီမှာ. . . အဲ. . . ဒီမှာခင်ဗျ. . ” တဲ့.. သူ ကျုပ်ကို တမင်နာမည်တပ်မခေါ်တာ။ “ခင်ဗျားခန္ဓာကိုယ်… ဟို .. တည်ဆောက်ပုံက ထူးဆန်းနေတယ် မထင်ဘူးလား” တဲ့။

“ကျုပ်လည်း “ဟမ်.. မထင်ပါဘူး။ ဘာဖြစ်လို့လဲ ဆရာ” လို့ မေးလိုက်တယ်။

“ဆရာဝန်က ခပ်ဆိုင်းဆိုင်း ဖြစ်နေတယ်ဗျ.. ပြီးမှ “အကြောင်းစုံကို တစ်ခါတည်း အပြီးပြောလိုက်မယ်ဗျာ၊ ပြီးတဲ့အခါမှ စိတ်ငြိမ်ဆေးပေးမယ်” လို့ ပြောတယ်။

“ကျုပ်က ဘာဖြစ်လို့လဲလို့ ပြန်မေးတာပေါ့။

“ဟို စကော့လူမျိုးဆရာဝန်တစ်ယောက်လေဗျာ၊ အသက်သုံးဆယ့်ငါးနှစ် အထိ မိန်းမလေ၊ သူ့အကြောင်းကြားဖူးလားမသိဘူး . . . နောက်တော့ ခွဲစိတ်ကု ခံပြီး ယောကျ်ားဖြစ်သွားတဲ့လူလေ။ အဲဒီနောက် အိမ်ထောင်ကျသွားတယ်။ ချောချော မောမောပဲ”

“အဲဒါ ကျွန်မနဲ့ ဘာဆိုင်လို့လဲ”

“အဲဒါကိုပဲ ပြောချင်တာ. . . ခင်ဗျားက ယောက်ျားလေးဗျ”

ကျုပ် ထထိုင်မိမတတ် ဖြစ်သွားတယ်။ “ဘာပြောတယ်”

“ဖြည်းဖြည်း. . ဖြည်းဖြည်း. . ။ ခင်ဗျားကို ဗိုက်ဖွင့်တော့ အထဲမှာ ရှုပ်ယှက်ခတ်နေတာပဲဗျ။ ဒါနဲ့ ကျွန်တော် ခင်ဗျားရဲ့ကလေးကို မွေးပေးရင်း တစ်ချိန်တည်းမှာ ခွဲစိတ်ကုသမားတော်ကြီးကို ဆင့်ခေါ်လိုက်တယ်။ ဆရာကြီး ရောက်လာတော့ ကုတင်ဘေးတင်ပဲ ကျွန်တော်တို့ တိုင်ပင်ဆွေးနွေးကြတယ်။ ပြီးတော့ ကျွန်တော်တို့ ခင်ဗျားကို နာရီပေါင်းများစွာကြာအောင် ဆက်ခွဲကြရတယ်။

ခင်ဗျား မှာ အင်္ဂါနှစ်စုံပါနေတယ်ဗျ။ နှစ်စုံလုံး သိမ်နေတယ်။ ဒါပေမယ့် မိန်းမအင်္ဂါက ကလေးမွေးနိုင်လောက်အောင် ဖွံ့ဖြိုးနေပြီ။ ဒါပေမယ့် မွေးပြီးတဲ့နောက် ရှေ့လျှောက် ဘယ်လိုမှ သုံးမရတော့လောက်အောင် ပျက်စီးသွားပြီဗျ။ ဒါကြောင့် မိန်းမအင်္ဂါ အကုန်လုံးကို ထုတ်ပစ်လိုက်ရတယ်။ ပြီးတော့ ခင်ဗျား ယောကျ်ားတစ်ယောက်အနေ နဲ့ ကောင်းကောင်း ဆက်နေသွားနိုင်အောင် အားလုံးကို သူ့နေရာနဲ့သူ နေရာပြန်စီစဉ် ပေးလိုက်ရတယ်ဗျာ။" တဲ့ အဲလိုပြောပြီး သူ ကျုပ်ပေါ်ကို လက်တစ်ဖက်တင်တယ်။ ပြီးတော့ "မပူပါနဲ့. . . ခင်ဗျားက ငယ်ပါသေးတယ်။ အရိုးတွေဘာတွေ နေရာတကျပြန် ဖွံ့ဖြိုးဦးမှာပါ။ ဒီကြားထဲ ခင်ဗျားရဲ့ဟော်မုန်းတို့ဘာတို့ကို ကျွန်တော်တို့ စောင့်ကြည့်မယ်။ ညီမျှအောင် လုပ်ပေးမယ်။ ခင်ဗျား အတောင်နှစ်ဆယ်ဝတ်မင်းယောကျ်ားစစ်စစ် ဖြစ်စေရမယ်ဗျာ" တဲ့။

"ကျုပ် ငိုချတော့တာပဲ။ ကလေးရော.. ကလေးကိုရော ဘယ်လိုလုပ်ကြမှာလဲ"

"ခင်ဗျား ကလေးနို့တိုက်နိုင်မှာ မဟုတ်ဘူးဗျ။ နို့ကောင်းကောင်းမထွက်ဘူးလေ။ ကျွန်တော်သာ ခင်ဗျားနေရာမှာဆိုရင် ကလေးကို ကြည့်တောင်ကြည့်မှာမဟုတ်ဘူး။ တစ်ခါတည်း မွေးစားဖို့ပေးလိုက်မှာ"

"ဟင့်အင်း"

ဆရာက ပုခုံးတွန့်တယ်။ "ခင်ဗျားဆုံးဖြတ်လေ။ ခင်ဗျားက ကလေးရဲ့အမေ .. အဲ ကလေးရဲ့ မိဘပဲ။ ကဲကဲ . . လောလောဆယ် ဘာမှတွေးမပူနဲ့ဦး။ ထူထူ ထောင်ထောင် ဖြစ်လာအောင် အရင်လုပ်ရမယ်" တဲ့။

"နောက်နေ့ကျတော့ ကျုပ်ကို ကလေးနဲ့ပေးတွေ့တယ်။ အဲဒီနောက် ကလေးနဲ့အကျင့်ရအောင် နေ့တိုင်းတွေ့ဖြစ်တယ်။ ဒါပေမယ့်ဗျာ ကျုပ်ဘဝမှာ မွေးကင်းစကလေးဆိုတာ တစ်ခါမှမမြင်ဖူးခဲ့ဘူး။ မွေးကင်းစလေးတွေ ဘယ်လောက် ကြည့်ရဆိုးသလဲဆိုတာ ကျုပ်မသိခဲ့ဘူးဆိုပါတော့။

ကျုပ်သမီးလေးက လိမ္မော်ရောင် မျောက်ကလေးလိုပဲ။ ကျုပ်ရင်ထဲမှာ ခံစားချက်တွေ ပြောင်းကုန်တယ်။ ကျုပ်သမီးကို အကောင်းဆုံးပျိုးထောင်ဖို့ ခိုင်မာပြီး အေးစက်တဲ့ ဆုံးဖြတ်ချက်တစ်ခု ဒုံးဒုံးချမိတယ်။ ဒါပေမယ့် လေးပတ်လောက်လည်း ကြာရော အဲဒီဆုံးဖြတ်ချက်လည်း သဲထဲရေသွန် ဖြစ်ရောပဲ"

"ဟင်.."

"ကလေး အခိုးခံရတယ်လေ"

“အခိုးခံရတာလား”

ကျွန်ုပ်တို့ အလောင်းအစားပြုထားသော ပုလင်းကို သူတိုက်ချမိလုနီးပါး ဖြစ်သွားသည်။ “ပြန်ပေးဆွဲခံရတာ.. လုခံရတာ..ဆေးရုံ ကလေးထားတဲ့အခန်း ကနေ တစ်ခါတည်းခိုးသွားတာ” သူ့အသက်ရှူသံပြင်းလာသည်။ “လူတစ်ယောက် ဘဝရှင်သန်ခြင်းရဲ့ တစ်ခုတည်းသော အဓိပ္ပာယ်လေးကို လုယူသွားတာဗျာ”

“တော်တော်ဆိုးတာပဲ” ဟု ကျွန်ုပ် ထောက်ခံလိုက်သည်။ “လာလာ. .နောက်တစ်ခွက်ငှဲ့ပေးပါရစေ။ သဲလွန်စတွေဘာတွေ ကျန်ခဲ့သေးလား”

“ရဲတွေလိုက်ဖို့ သဲလွန်စဘာမှမကျန်ခဲ့ဘူး။ ကလေးရဲ့ ဦးလေးဆိုတဲ့ လူတစ်ယောက် ကလေးကို လာတွေ့တယ်တဲ့။ သူနာပြုတွေ မျက်စိလွှဲလိုက်တာနဲ့ တစ်ခါတည်း ကလေးခေါ်ပြီး ကိုယ်ယောင်ပျောက်သွားတာပဲတဲ့”

“လူပုံက ဘယ်လိုတဲ့လဲ”

“လူပေါ့ဗျာ။ ယောကျ်ား။ ရုပ်က လူရုပ်ပေါ့ဗျာ” ဟု ပြောရင်း သူမဲ့သည်။ “ကလေးအဖေ ဖြစ်မယ်ထင်တယ်။ သူနာပြုကတော့ အသက်ကြီးကြီး လူကြီး တစ်ယောက်လို့ ကျိန်တွယ်ပြီး ပြောတာပဲ။ ဒါပေမယ့် ဟိုလူမိတ်ကပ်လိမ်းပြီး ရုပ်ဖျက်လာခဲ့တာ ထင်တာပဲ။ ကျုပ်ကလေးကို ဘယ်သူက အလကားနေ လာခိုးမှာလဲ။ အမြုံမ တွေ အကြံကုန်ဂဠုန်ဆားချက် လုပ်တတ်တာတော့ ရှိတယ်။ ဒါပေမယ့် ယောကျ်ားကြီး တစ်ယောက်က ကလေးခိုးတယ်ရယ်လို့ ရှိဖူးလို့လား”

“အဲဒါနဲ့ ခင်ဗျားဘာတွေ ဆက်ဖြစ်လဲ”

“အဲဒီမှာ နောက်ထပ် ဆယ့်တစ်လ ဆက်နေခဲ့ရတယ်။ ခွဲခန်း သုံးခါထပ် ဝင်ရတယ်။ လေးလအတွင်း ကျုပ် မုတ်ဆိတ်မွေးတွေပေါက်လာတယ်။ မကြာခင် မုတ်ဆိတ်မှန်မှန် ရိတ်နေရပြီ။ ဆေးရုံဆင်းတဲ့အခါကျတော့ ယောကျ်ားဘဝမှာ နေသားကျနေပြီဗျ” သူ ခြောက်သွေ့စွာပြုံးသည်။ “နာစ့်မတွေကိုတောင် မရိုးမသား ကြည့်တတ်နေပြီဗျာ. . ”

ကျွန်ုပ် - “အင်း...ကြည့်ရတာ ခင်ဗျား နောက်ဆုံးကျတော့ အဆင်ပြေသွားပြီ ဆိုပါတော့နော့။ ခုပဲကြည့်လေ ဘယ်သူ့မေးမေး ခင်ဗျားဟာ ပုံမှန်သာမန် ယောကျ်ားတစ်ယောက်ပဲ။ ဝင်ငွေကောင်းတယ်၊ ဘဝမှာ ပြဿနာကြီးကြီးမားမား မရှိဘူးမို့လား။ ပြီးတော့ မိန်းမဘဝဆိုတာ လွယ်တာမဟုတ်ဘူးဗျ”

သူ ကျွန်ုပ်အား မျက်ထောင့်နီကြီးနှင့် ကြည့်သည်။ “ခင်ဗျားက ဘာသိလို့လဲ”

ကျွန်ုပ် - "ဒီတော့. . "

သူ - "မိန်းမပျက် ဆိုတဲ့ စကားလုံးကို ကြားဖူးတယ်မို့လား"

ကျွန်ုပ် - "ကြားဖူးပါတယ်။ ဒီစကားလုံးက ခုခေတ်မှာ ဒီလောက် မဆိုး တော့ပါဘူးဗျာ"

သူ - "ကျုပ်က မိန်းမပျက်မှ အပျက်တကာ့အပျက်ဆုံး မိန်းမဖြစ်ခဲ့ရတာဗျ။ ဟိုငနဲ ကျုပ်ကို လုံးဝဥသုံဖျက်ဆီးသွားတာဗျ။ မိန်းမဘဝကို ပျက်ဆုံးသွားတာ။ မိန်းမတောင် မဟုတ်တော့ဘူး။ တစ်သက်လုံး မိန်းမလုပ်လာတာဗျ။ ယောကျ်ား တစ်ယောက်အနေနဲ့ မနေတတ်ခဲ့ဘူး"

ကျွန်ုပ် - " အလေ့အကျင့် လိုတာပေါ့ဗျာ"

သူ - "လိုသမှ သိပ်လိုသပေါ့။ ခင်ဗျားနားမလည်ပါဘူး။ အဝတ်အစား ဘယ်လိုဝတ်ရမယ်၊ အိမ်သာခန်းမှားမဝင်မိအောင် ဘယ်လိုသတိထားရမယ်ဆိုတာ တွေကို ပြောတာမဟုတ်ဘူးနော်။ အဲဒါတွေကို ဆေးရုံမှာကတည်းက လေ့ကျင့်ခဲ့ ပြီးသား။ ဒါပေမယ့် ဘဝကို ဘယ်လိုရှင်သန်ရမှာလဲ။ ဘယ်လိုနေရမှာလဲ။ ဘာအလုပ် လုပ်ရမှာလဲ။ ကျုပ်မှာ ကားတောင်မမောင်းတတ်ခဲ့ဘူး။ အသက်မွေးဝမ်းကြောင်း ပညာလည်း မတတ်ဘူး။ အလုပ်ကြမ်းလည်း မလုပ်နိုင်ဘူး။ အမာရွတ်တွေက အသားနုတက်နေတုန်း၊ ခွဲခံထားရတာလည်း မနည်းဘူး၊ ဒီတော့ အကြမ်းပတမ်း မလုပ်နိုင်ဘူး။

"ညှော်ကြွေးတပ်ဖွဲ့ထဲ ဝင်မရတော့တဲ့အတွက် ဟိုငနဲကို ကျုပ်မုန်းခဲ့တယ်။ ဒါပေမယ့် အာကာသတပ်ခွဲထဲ ဝင်ဖို့လျှောက်တော့မှ ကျုပ်ဘဝ ဘယ်ထိပျက်ခဲ့ရတယ် ဆိုတာ သဘောပေါက်တာ။ ကျုပ်ရဲ့ဗိုက်ကို တစ်ချက်ကြည့်တာနဲ့ တစ်ခါတည်း အပယ်ခံလိုက်ရတာပဲဗျ။ စစ်ဆေးဆရာဝန်ဗိုလ်က ကျုပ်ရဲ့ကွေ့စ်ကို ဖတ်ဖူးထားတော့ စိတ်ဝင်စားလို့သာ စကားနည်းနည်း ပြောခဲ့ရတာပဲရှိတယ်"

"ဒါနဲ့ ကျုပ် နာမည်ပြောင်းပစ်လိုက်တယ်။ ပြီးတော့ နယူးယောက်ကို ပြောင်းလာခဲ့တယ်။ အစပိုင်းမှာ အကြော်ဆရာအလုပ် ဝင်လုပ်တယ်။ ပြီးတော့ လက်နှိပ်စက်တစ်လုံးငှားပြီး စာစီစာရိုက်လုပ်စားတယ်။ တကယ့်ဟာသပဲဗျာ။ တစ်လလုံးနေလို့မှ စာလေးစောင်ပဲ ရိုက်ခဲ့ရတယ်လေ။ စာလေးစောင်နဲ့ စာမူတစ်ခု။ အဲဒီစာမူက ဖြစ်ရပ်မှန်မဂ္ဂဇင်းအတွက်စာမူ။ တကယ်ကို သုံးစားမရတဲ့ စာမူ။ ဒါပေမယ့် စာမူက ရောင်းထွက် သွားတယ်"

"အဲဒီမှာ ကျုပ် အကြံရသွားတယ်။ ဒါနဲ့ လျှို့ဝှက်အပြစ်ဖွင့်ချဝန်ခံတဲ့

မဂ္ဂဇင်းတွေ ဝယ်တယ်ဗျာ၊ သေသေချာချာဖတ်ပြီး လေ့လာတယ်ဗျာ။ ကဲ . . ခုလောက်ဆို ကျုပ်ရဲ့ လင်ကောင်မပေါ်တဲ့ ကလေးအမေဇာတ်လမ်းတွေမှာ ဘာကြောင့် မိန်းမရှုထောင့်စစ်စစ် ထင်ဟပ်နေရတာလဲဆိုတာ ခင်ဗျားသဘောပေါက် ပြီပေါ့။ ကျုပ်ရဲ့ တကယ့်အဖြစ်မှန်ဇာတ်လမ်းကိုတော့ မရေးရသေးဘူး။ ကဲဗျာ ပြော.. ကျုပ်နိုင်ပြီလား"

ကျွန်ုပ် ပုလင်းကို သူ့ဖက်တွန်းပေးလိုက်သည်။ စိတ်မကောင်း။ သို့သော် အလုပ်တာဝန်က ရှိသေးသည်။ "ကိုယ့်လူ. . . ဟိုငနဲနဲ့ ပြန်ရင်ဆိုင်ချင်သေးလား"

သူ့မျက်လုံးများက တောရိုင်းတိရစ္ဆာန်တစ်ကောင်လို အရိုင်းဆန်သည့် တောက်ပမှုဖြင့် လက်ခနဲ ဖြစ်သွားသည်။

"နေဦး. . ခင်ဗျား လူတော့မသတ်ပါဘူးနော်"

သူက ခနဲ့တဲ့တဲ့ ရယ်သည်။ "စမ်းကြည့်လိုက်လေ"

"ဖြည်းဖြည်းလုပ်ပါဗျာ။ ဒီကိစ္စကို ခင်ဗျားထင်တာထက် ကျွန်တော်ပိုသိပါတယ်။ သူဘယ်မှာလဲဆိုတာ ကျွန်တော်သိတယ်"

သူ ကျွန်ုပ်ကို လှမ်းဆုပ်ကိုင်သည်။ "ဘယ်မှာလဲ"

ကျွန်ုပ်က ညင်သာသော အသံဖြင့် "ကိုယ့်လူ. . . အင်္ကျီကို လွှတ်ပါဗျာ။ နို့မို့ရင် နောက်ဖေးလမ်းကြားထဲ ရောက်သွားမယ်နော်။ ရဲတွေလာမေးရင် ခင်ဗျား မေ့လဲသွားတာလို့ ပြောလိုက်မှာ" ဟု ပြောပြီး ဘားအောက်မှ တုတ်ကို ပြလိုက်ရ၏။

သူ လက်လွှတ်သည်။ "တောင်းပန်ပါတယ်။ ပြော. . သူဘယ်မှာလဲ" သူ ကျွန်ုပ်ကို ကြည့်သည်။ " ခင်ဗျား ဘာလို့ ဒီလောက်တောင် သိနေရတာလဲ"

"အချိန်တန်တော့ ပြောမှာပေါ့ဗျာ။ မှတ်တမ်းတွေရှိတယ်လေ။ ဆေးရုံ မှတ်တမ်းတွေ၊ ဂေဟာမှတ်တမ်းတွေ၊ ဆေးမှတ်တမ်းတွေ။ ခင်ဗျားနေခဲ့တဲ့ မိဘမဲ့ဂေဟာ ဂေဟာမှူးက မစ္စက်ဖယ်သာရေ့ချ်နော် ဟုတ်တယ်ဟုတ်။ သူ့နောက်မှာ မစ္စက် ဂရူ အန်စတိန်းက ဆက်ခံတယ်။ ဟုတ်တယ်နော်။ ခင်ဗျားရဲ့ မိန်းကလေး နာမည်က ဂျိန်းမို့လား။ နောက်ပြီး ကျွန်တော့်ကို ဒါတွေတစ်ခုမှ ပြောမပြရသေးဘူး။ ဟုတ်တယ်မို့လား။"

သူ အနည်းငယ် အံ့သြတုန်လှုပ်သွားသည်။ "ဒါ ဘာသဘောလဲ။ ခင်ဗျား ဘာပြဿနာရှာမလို့လဲ"

"မဟုတ်ရပါဘူးဗျာ။ ခင်ဗျားရဲ့ ကောင်းကျိုးကိုသာ လိုလားသူပါ။ ဟိုငနဲကို ခင်ဗျားလက်ထဲ ထည့်ပေးမယ်ဗျာ။ ထိုးလိုချေ ရေလိုနှောက်၊ လုပ်ချင်တာလုပ်။

ဘာအမှုအခင်းမှ မဖြစ်စေရဘူး။ အာမခံတယ်။ ဒါပေမယ့် ခင်ဗျား သူ့ကို အသေတော့ သတ်မှာမဟုတ်ပါဘူးဗျာ။ အရူးမှ မဟုတ်တာပဲ”

“လိုရင်းကိုပြော။ အဲဒီလူက ဘယ်မှာလဲ”

ကျွန်ုပ် သူ့ခွက်ကို ထပ်ဖြည့်ပေးလိုက်သည်။ သူမူးနေပြီ။ သို့သော် ဒေါသကြောင့် ဖျတ်လတ်နေဆဲဖြစ်၏။ “ဖြည်းဖြည်းလာမယ်လေ။ တစ်ခုလိုချင်ရင် တစ်ခုခု ပြန်ပေးရမှာပေါ့”

“ဟမ်..ဘာ…”

“ခင်ဗျားလက်ရှိအလုပ်မှာ မပျော်ဘူးမို့လား။ အလုပ်တစ်ခု ရှိတယ်ဗျာ။ လစာကောင်းတယ်။ ဘတ်ဂျက် အကန့်အသတ်မရှိဘူး။ အထက်လူကြီးကလည်း နေရာတကာ လိုက်ပြောမနေဘူး။ ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ် လွတ်လွတ်လပ်လပ် လုပ်ရမယ်။ စွန့်စားခန်းတွေ အပြောင်းအလဲတွေလည်း အများကြီးပါမယ်။ ဘယ်လိုလဲ”

သူ ကျွန်ုပ်ကို ပြူးကြည့်နေသည်။ “ခင်ဗျားကြီး မဟုတ်တမ်းတရားတွေ မပြောစမ်းပါနဲ့ဗျာ။ လောကမှာ အဲဒီလိုအလုပ်မျိုး မရှိဘူး”

“ကောင်းပြီ။ ဒါဖြင့် ဒီလိုဆိုရင်ကော. . ။ ဟိုငနဲကို ခင်ဗျားလက်ထဲ ထည့်ပေးမယ်။ ခင်ဗျားနဲ့သူနဲ့ ရှင်းကြ။ ကိစ္စပြီးရင် ကျွန်တော့်အလုပ်ကို အစမ်းလုပ်ကြည့်။ ကျွန်တော်ပြောတဲ့အတိုင်း မဟုတ်ရင်… အင်း.. ခင်ဗျားကို ဘယ်သူမှ အတင်း လုပ်ခိုင်းလို့ မရဘူးလေ”

သူ ဇဝေဇဝါ ဖြစ်နေသည်။ နောက်တစ်ခွက် ထပ်ငှဲ့ပေးလိုက်၏။ ထို့နောက် သူက အာလေးလျှာလေးဖြင့် “ဟိုကောင်ကို ဘယ်ဒေါ့ ဒွေးရမာလဲ” ဟု မေးလေသည်။

ထို့နောက် သူ့လက်ကို ရှေ့သို့ဆတ်ခနဲထုတ်ပြီး “ဒါ ကတိနော်” ဟု ပြော၏။

ကျွန်ုပ်လည်း “ကတိပါဗျာ။ ကျွန်တော်တို့ အခုပဲ သဘောတူညီချက် ရသွားပြီဗျာ” ဟု ပြောလိုက်သည်။

ကျွန်ုပ်၏ လက်ထောက်အား မေးတစ်ချက်ဆတ်ပြပြီး ဘားတစ်ခုလုံး၏ တာဝန်ကို လွှဲပေးလိုက်သည်။ အချိန်မှာ ၂၃း၀၀ နာရီ။ ဘားကောင်တာအောက်ဖက်ရှိ တံခါးလေးမှင့်အထွက် ခေတ်စက်က အသံထွက်လာသည်။ “ငါဟာ ငါ့ရဲ့ အဖိုးပဲ” ၁၉၇၀ နှစ်များ၏ဂီတကို သည်းမခံနိုင်သောကြောင့် ခေတ်စက်ထဲသို့ အမေရိကန် ရိုးရာဂီတနှင့် ဂန္တဝင်သီချင်းများသာထည့်သွင်းထားရန် မှာထားခဲ့သည်။ ဘယ်က ဘယ်လို ထိုသီချင်းပါ ပါလာသည်မသိ။ “အဲဒါကြီး ပိတ်လိုက်စမ်းပါကွာ။

သီချင်းဖွင့်ထားတဲ့ ညှေ့သည်ကို ပိုက်ဆံပြန်အမ်းလိုက်” ဟု လှမ်းအော်လိုက်သည်။ ထို့နောက် “စတိုခန်းထဲ သွားဦးမယ်ဟေ့။ ခဏနေပြန်လာမယ်” ဟုပြောကာ “လင်ကောင်မပေါ်တဲ့မိခင်” နှင့်အတူ စတိုခန်းဖက် ထွက်ခဲ့လေသည်။

စတိုခန်းမှာ အိမ်သာခန်း၏ မျက်နှာချင်းဆိုင်တွင်ရှိပြီး သံမဏိတံခါးတစ်ချပ်ဖြင့် ပိတ်ထားသည်။ တံခါးသော့ကို နေ့ပိုင်းတာဝန်ကျ ဆိုင်မန်နေဂျာနှင့် ကျွန်ုပ်သာ ကိုင်သည်။ စတိုခန်းထဲတွင် နောက်ထပ်တံခါးတစ်ချပ် ရှိသေးသည်။ ထိုတံခါးကိုမူကား ကျွန်ုပ်တစ်ဦးတည်းသာ ဖွင့်နိုင်သည်။

အထဲရောက်သောအခါ သူက ရီဝေဝေဖြင့် အခန်းထဲ ပတ်လည်ကြည့်ပြီး “ဘယ်မှာလဲ“ ဟုမေး၏။

ကျွန်ုပ်က “လာပြီ” ဟုပြောပြီး သေတ္တာတစ်လုံးကို ဖွင့်သည်။ အခန်းထဲတွင် ထိုသေတ္တာမှတပါး အခြားပစ္စည်းမရှိ။ သေတ္တာမှာ ၁၉၉၂ ခုနှစ်ထုတ် USFF မြေပုံညွှန်းပြောင်းလဲမှု လက်တွေ့အသုံးချ ကိရိယာဖြစ်သည်။ အလွန်လှပသေသပ်သည်။ စက်ပစ္စည်းအပိုင်းအစ လုံးဝမပါ။ အားအပြည့်သွင်းထားချိန် တွင် ၂၃ ကီလို ဂရမ်တိတိ လေးသည်။ အသွင်သဏ္ဍာန်မှာ လက်ဆွဲအဝတ်သေတ္တာပုံ ဖြစ်သည်။ သေတ္တာကို မနက်ကတည်းက ချိန်သားကိုက်ထားပြီး ဖြစ်သည်။ ယခု အချိန်ပြောင်း စက်ကွင်းကို သတ်မှတ်သည့် သတ္တုပိုက်ကွန်အားဆွဲထုတ်ရန်သာ ကျန်သည်။

“အဲဒါ ဘာကြီးလဲ”

ကျွန်ုပ်က “အချိန်စက်ယန္တရား (Time machine)” ဟုဖြေပြီး ကျွန်ုပ်တို့ နှစ်ယောက်လုံးအား ပိုက်ကွန်ဖြင့် အုပ်လိုက်၏။

သူက “ဟေ့” ဟုအော်ပြီး နောက်တစ်လှမ်းဆုတ်၏။ ဒီနေရာတွင် အသုံးဝင်သော နည်းလမ်းတစ်ခုရှိသည်။ ကွန်ဖြင့် အအုပ်ခံရမည့်သူ အလိုအလျောက် နောက်ဆုတ်မိသည့်အခါ ပိုက်ထဲသို့ ကွက်တိဆုတ်မိအောင်ချိန်ဆ၍ ပိုက်ကိုပစ်ရခြင်း ဖြစ်သည်။ ပိုက်က နှစ်ယောက်လုံးကို လုံးဝအုပ်မိပြီဆိုမှ ဆွဲပိတ်ရမည်။ သို့မှသာ ဖိနပ်အပိုင်းအစ၊ ခြေထောက်အပိုင်းအစ စသည် မကျန်ရစ်ခဲ့မည် ဖြစ်သည်။ အအုပ်လွန်လျှင်လည်း ကြမ်းပြင်ကြီးပါ ပါလာဦးမည်။ သို့သော် မခက်လှပါ။ အလေ့အကျင့်ရှိရန်သာ လိုပါသည်။ အချို့အေးဂျင့်များက ခရီးသည်ကိုယ်တိုင် ပိုက်ထဲသို့ ဝင်လာအောင် ချော့ခေါ်တတ်သည်။ ကျွန်ုပ်ကမူ ရုတ်တရက်အံ့အားသင့်သွားသည့် အခိုက်အတန့်လေးအား အမိဖမ်းပြီး ခလုတ်ကို နှိပ်ပစ်လိုက်တတ်သည်။

※※※※

၁၀း၃၀ နာရီ။ အချိန်ဇုံ ၆

ခရစ်နှစ် ၁၉၆၃ခုနှစ် ဧပြီလ (၃)ရက်

အိုဟိုင်းယိုးပြည်နယ်၊ ကလိဗ်လန်းမြို့

အေပက်စ်အဆောက်အဦ။

"ဟေ့" ဟု သူက တစ်ခါထပ်အော်သည်။ "ဘာလို့အုပ်တာလဲ ဖယ်စမ်းပါ ဒါကြီးကို .."

ကျွန်ုပ်က "ဆောရီး" ဟု တောင်းပန်ရင်း သူခိုင်းသည့်အတိုင်း ပိုက်ကို ဖယ်လိုက်သည်။ ထို့နောက် ပိုက်ကိုသေတ္တာထဲပြန်ထည့်ပြီး ခလုတ်ပိတ်လိုက်၏။ "ဟိုလူ့ကို တွေ့ချင်တယ်ဆို"

"ဒါပေမယ့် နေပါဦး. . . ။ သေတ္တာက အချိန်စက်ယန္တရား (time machine) ဆို"

ကျွန်ုပ်က ပြတင်းပေါက်ဆီသို့ လက်ညှိုးထိုးပြလိုက်၏။ "ကြည့်စမ်း။ နိုဝင်ဘာလ ရာသီဥတုမျိုးလား။ နယူးယောက်မြို့ရဲ့ မြင်ကွင်းလား"

ရွက်နုလေးများ ဖူးနေသည့် နွေဦးရာသီ၏ မြင်ကွင်းကို သူပါးစပ်အဟောင်းသားဖြင့် ကြည့်နေစဉ် ကျွန်ုပ်က သေတ္တာကိုပြန်ဖွင့်ပြီး ဒေါ်လာတစ်ရာတန်အုပ် တစ်အုပ်ကို ထုတ်ယူလိုက်သည်။ ထို့နောက် ငွေသားနံပါတ်များ၊ ထိုးထားသည့် လက်မှတ်များမှာ ၁၉၆၃ ခုနှစ်နှင့် ကိုက်ညီကြောင်းသေချာရန် စစ်ဆေးသည်။ ငွေကြေးမည်မျှသုံးသည်ဖြစ်စေ အချိန်ဖြူရိုက ဂရုမစိုက်။ (အရှိတရားတွင် တစ်ပြားမှ ကုန်သည်မဟုတ်) သို့သော် ခေတ်ကာလနှင့်အံလွဲနေသော အရာဝတ္ထုများအား မလိုအပ်ဘဲ မသုံးမိရန် ဂရုစိုက်ရသည်။ အမှားများလွန်းလျှင် စစ်ခုံရုံးအတင်ခံရမည်။ ပြီးလျှင် ခေတ်ဆိုးတစ်ခုခု (ဥပမာ သုံးကုန်ပစ္စည်းမှန်သမျှ အစိုးရရာရှင်နှင့် ထုတ်ယူရသောခေတ်ဖြစ်ပြီး ပေါ်တာလည်း အဆွဲခံရသည့် ၁၉၇၄ ခုနှစ်လိုခေတ်မျိုး) သို့ နယ်နှင်ဒဏ် ချမှတ်တတ်သည်။ ကျွန်ုပ်က ထိုသို့သောအမှားမျိုး ဘယ်တော့မှမကျူးလွန်။ ယခု ပိုက်ဆံအုပ်ကလည်း ခေတ်နှင့်ညီသည်။

သူက ပြတင်းပေါက် ဆီမှ ပြန်လှည့်လာပြီး "ဘာတွေဖြစ်ကုန်တာလဲ" ဟုမေး၏။

ဟိုလူက ဒီမှာ။ သွား... အပြင်ထွက်ချေ။ သွားရင်ဆိုင်ချေ။ ဒီမှာ

အသုံးစားရိတ် - ရော့. . . ။” ကျွန်ုပ် ပြောပြောဆိုဆို ပိုက်ဆံအုပ်ကို ထိုးပေးလိုက်သည်။ “. . . သူနဲ့ကိစ္စပြတ်အောင်ရှင်း။ ပြီးရင် ကျွန်တော် ခင်ဗျားကို လာခေါ်မယ်”

ဒေါ်လာတစ်ရာတန် အရွက်များသည် သုံးနေကျမဟုတ်သူအား စပါးကြီးမြွေလို ညှို့ငင်တတ်သည့် သတ္တိရှိ၏။ သူ ငွေအုပ်ကို မယုံနိုင်စွာ ဖြဲကြည့်နေစဉ် တရပ်သူ့အား အခန်းပြင်ရောက်အောင် အသာအယာ တွန်းထုတ်လိုက်သည်။ ထို့နောက် တံခါးကိုသော့ချလိုက်၏။ နောက်ထပ်ခုန်ရမည့်ခရီးက လွယ်သည်။ ခေတ်အပြောင်းအလဲ သိပ်မရှိ။

※※※※

၁၇:၀၀ နာရီ

အချိန်ဇုံ ခြောက်

၁၉၆၄ ခု၊ မတ်လ (၁၀) ရက်၊

ကလိဗ်လန်း၊ အေပက်စ်အဆောက်အဦ။

ကျွန်ုပ်ငှားထားသော တိုက်ခန်းတံခါးအောက်တွင် စာတိုတစ်စောင်ထိုးထည့်ထားသည်။ အိမ်ငှားစာချုပ်ပြည့်ရန်တစ်ပတ်သာလိုတော့ကြောင်း အသိပေးစာဖြစ်သည်။ ထိုစာမှလွဲ၍ အခန်းထဲတွင် ခုနက ကျွန်ုပ်ထွက်လာခဲ့တုန်းကအတိုင်း ခြေရာလက်ရာမပျက်။ အပြင်ဖက်တွင် နှင်းကျလုပြီ။ သစ်ပင်တို့က ရိုးတံ ထိုးထိုးထောင်ထောင်နှင့်။ ကျွန်ုပ်လုပ်စရာရှိသည်ကို ခပ်သွက်သွက်လေး လုပ်လိုက်သည်။ အခန်းကိုငှားပြီးနောက် ထားရစ်ခဲ့သော ခေတ်နှင့်ညီသည့် ငွေသားအနည်းငယ်နှင့် ကုတ်အင်္ကျီ၊ ဦးထုပ်နှင့် အပေါ်ဝတ်လောင်းကုတ်တို့ကို ယူလိုက်သည်။ ပြီးလျှင် ကားတစ်စင်းငှားပြီး ဆေးရုံသို့ထွက်ခဲ့သည်။ ဆေးရုံကလေးထိန်းဆောင် တာဝန်ကျဆရာမအာရုံလွဲသွားသည့်အထိ မိနစ်နှစ်ဆယ်ခန့် စောင့်ရသည်။ လစ်သည်နှင့် ကလေးလေးကိုယူပြီး အေပက်စ်အဆောက်အဦတိုက်ခန်းသို့ ပြန်ခဲ့သည်။ ဒီတစ်ခေါက် ခုန်ရမည့် ခရီးအတွက် ခလုတ်ချိန်ရသည်မှာ အတန်ငယ်ရှုပ်ထွေးသည်။ ၁၉၄၅ ခုနှစ်တွင် အေပက်စ်အဆောက်အဦ မရှိသေးသောကြောင့်ဖြစ်သည်။ သို့သော် တွက်ချက်စရာရှိသည်ကို ကျွန်ုပ်ကြိုတွက်ထားပြီးသားဖြစ်သည်။

※※※※

၀၁း၀၀ နာရီ

အချိန် ဇုံ ခြောက်

၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂၀ ရက်။

ကလိဗ်လန်း၊ စကိုင်းဗျူးမိုတယ်။

စက်သေတ္တာ၊ ကျွန်ုပ်နှင့် မွေးကင်းစကလေးတို့ မြို့ပြင်ရှိမိုတယ်သို့ ရောက်သွားကြသည်။ ကျွန်ုပ်က ဤမိုတယ်အခန်းကို "အိုဟိုင်းယိုးပြည်နယ်၊ ဝါရန်မြို့မှ ဂရက်ဂေါ်ရီ ဂျွန်ဆန်" အမည်ဖြင့် ငှားထားခြင်း ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ နှစ်ယောက်ရောက်လာသောအခါ အခန်းမှာ ပြတင်းပေါက်များပိတ်လျက်၊ လိုက်ကာ များစေ့လျက်၊ တံခါးချက်ချလျက်၊ အခန်းလယ်ကောင်တွင် စက်ကွင်းအတွက်နေရာလွတ် ရှင်းလင်းထားပြီး ရှိနေသည်။ မရှင်းထား၍မဖြစ်။ ခုန်မည့်နေရာတွင် ကုလားထိုင် စသည်တို့ရှိနေပါက အညိုအမည်းစွဲအောင် ထိခိုက်မိလိမ့်မည်။ ကုလားထိုင်နှင့် တိုက်မိ၍တော့မဟုတ်ပါ။ စက်ကွင်း၏ တွန်းကန်အားနှင့် ရိုက်မိမည်ဖြစ်သည်။

အားလုံးချောချောမောမောပင်။ ဂျိန်းက အိပ်မောကျနေသည်။ ကျွန်ုပ် အစောကတည်းက ပြင်ဆင်ထားသော ကားနောက်ခန်းထဲရှိ ကုန်စိမ်းသေတ္တာခွံထဲသို့ ဂျိန်းကိုထည့်သည်။ ထို့နောက် မိဘမဲ့ဂေဟာသို့ မောင်းသည်။ ရောက်လျင် ဂျိန်းကို ဂေဟာရှေ့လှေကားထိပ်တွင်ချခဲ့ပြီး တိုက်နှစ်တိုက်ကျော်ရှိ ဝပ်ရှော့ (ကားရေဆေး ဆီထိုး ဆီထည့်သည့် ဝပ်ရှော့) သို့သွားကာ ဂေဟာသို့ ဖုန်းဆက်သည်။ ဆက်ပြီးသည် နှင့် ဂေဟာဖက်ပြန်မောင်းသည်။ ဂျိန်းကိုကောက်ပြီး ဂေဟာအတွင်းသို့ သယ်သွားကြသည်ကို အချိန်မီမြင်လိုက်ရ၏။ ကားကိုမရပ်ဘဲ ဆက်မောင်းသွားပြီး မိုတယ်နား အရောက် လမ်းဘေးတွင် ရပ်ထားခဲ့လိုက်ကာ မိုတယ်သို့ လမ်းလျှောက်ပြန်သည်။ ရောက်သည်နှင့် ၁၉၆၃ ခုနှစ် အေပရက်စ်အဆောက်အဦ သို့ ပြန်ခုန်သည်။

※※※※

၂၂:၀၀ နာရီ

အချိန်ဇုံ ခြောက်

၁၉၆၃ ခု၊ ဧပြီလ ၂၄ ရက်၊

ကလိဖ်လန်း၊ အေပက်စ်အဆောက်အဦ။

ကျွန်ုပ် အချိန်စက်ဒိုင်ခွက်ကို အတတ်နိုင်ဆုံးတိကျအောင် ကပ်၍ ချိန်ခဲ့သည်။ ခရီးဆုံးအချိန် မှန်ကန်တိကျမှုမှာ ခုန်သည့်အချိန်ကာလ အကွာအဝေးပေါ် မူတည်သည်။ သုညမှတ်သို့ ပြန်လျှင်တော့ အမြဲတိကျသည်။ ကျွန်ုပ်၏ချိန်ဆချက်တိကျလျှင် အခုလောက်ဆို ပန်းခြံတစ်ခြံ၏အလယ်၊ နွေးထွေးသောနွေဦးညယံထဲ ဂျိန်းတစ်ယောက် ဖြူစင်မှု ပျောက်ပျက်နေလိမ့်မည်။ ကျွန်ုပ် တက္ကစီတစ်စင်းငှားပြီး ထိုကပ်စေးနဲ ကော်တရာ မိသားစုနေထိုင်ရာအိမ်ဖက်သို့ ထွက်ခဲ့၏။ ရောက်လျှင်ကားသမားကို လမ်းထောင့်တွင် စောင့်နေဟုမှာခဲ့ပြီး အိမ်အနီး အမှောင်ရိပ်ခိုနေခဲ့သည်။

လာကြလေပြီ။ လက်ချင်းချိတ်လျက် လမ်းထဲဝင်လာကြသော နှစ်ယောက်။ သူက မိန်းကလေးကို ဆင်ဝင်အောက်ထိ လိုက်ပို့ပြီး နှုတ်ဆက်အနမ်းကို အကြာကြီး ခွေနေသည်။ ကျွန်ုပ်ထင်ထားတာထက် ပိုကြာ၏။ ထို့နောက် မိန်းကလေး အိမ်ထဲဝင် သွားသည်။ သူ လမ်းပေါ်ပြန်ထွက်လာပြီး လမ်းထိပ်ပြန်ထွက်ရန် တစ်ဖက်သို့လှည့်သည်။ ထိုခဏ ကျွန်ုပ် သူ့ဘေးသို့ဝင်လျှောက်ရင်း သူ့လက်မောင်းကိုပါ လက်လှမ်း ချိတ်လိုက်၏။

“ကိစ္စပြတ်ပြီ ကိုယ့်လူရေ။ ကျွန်တော် ခင်ဗျားကိုလာခေါ်ပြီ” ဟု ကျွန်ုပ်က ခပ်တိုးတိုးပြောလိုက်၏။

“ခင်ဗျား!!” ဟု သူ အာမေဋိတ်ပြုရင်း တစ်ချက်မျှအသက်ရှူရပ်သွား၏။

“ကျွန်တော်ပါပဲ။ ကဲ အခုဆိုရင် သူဘယ်သူလဲဆိုတာ ခင်ဗျားသိပြီပေါ့။ သေသေချာချာ တွေးကြည့်တဲ့အခါ ခင်ဗျားဘယ်သူဆိုတာကိုလည်း ခင်ဗျား သိလာလိမ့်မယ်။ ထပ်ပြီး စေ့စေ့စပ်စပ် တွေးကြည့်ရင် ခင်ဗျားရဲ့ကလေးက ဘယ်သူ၊ ကျွန်တော်က ဘယ်ဝါဆိုတာကိုပါ သဘောပေါက်လိမ့်မယ်”

သူဘာမှမပြော။ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသည်။ မိမိကိုယ်ကို မလွန်ဆန်နိုင်ဘဲ ပြန်လည်၍ ချစ်ကြိုးသွယ်မိကြောင်း သက်သေခိုင်မာစွာ တွေ့ရှိလိုက်ရသည့်အဖြစ်မှာ တုန်လှုပ်ဖွယ် ကောင်းလှပေသည်။ ကျွန်ုပ် သူ့အား

အေပက်စ်အဆောက်အဦသို့ ပြန်ခေါ်လာပြီး နှစ်ဦးသား အချိန်ခရီးတစ်ထောက် ခုန်ကြပြန်သည်။

※※※※

၂၃:၀၀ နာရီ

အချိန်ဇုံ ခြောက်

၁၉၈၅ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်။

ရှေ့ကီးတောင်ခြေစခန်း။

တာဝန်ကျတပ်ကြပ်ကြီးအားနှိုးပြီး ကျွန်ုပ်၏အိုင်ဒီကတ်ကို ပြသည်။ ပြီးလျှင် ကျွန်ုပ်၏ အဖော်အား စိတ်ငြိမ်ဆေးတိုက်ပြီး သိပ်ရန်၊ မနက်နိုးလျှင် တပ်ထဲ ထည့်ပေးရန် အမိန့်ပေးလိုက်၏။ တပ်ကြပ်ကြီးက သိပ်ကြည်ပုံမရ။ သို့သော် ခေတ်တွေမည်မျှပြောင်းစေ ရာထူးက ရာထူးပင် ဖြစ်သည်။ တပ်ကြပ်ကြီးက ကျွန်ုပ် ခိုင်းသည့်အတိုင်း လုပ်သည်။ သူ့ စိတ်ထဲတွင်တော့ နောက်တစ်ခါ ကျွန်ုပ်နှင့်တွေ့လျှင် သူက ဗိုလ်မှူးကြီး ဖြစ်နေပြီး၊ ကျွန်ုပ်က တပ်ကြပ်ကြီးဖြစ်လျှင်ဖြစ်နေမှာဟု တွေး ကောင်းတွေးနေမည်။ ကျွန်ုပ်တို့တပ်ထဲတွင် ထိုသို့သောအဖြစ်မျိုး ဖြစ်နိုင်ခြေ မရှိ မဟုတ်။

"နာမည်" ဟု တပ်ကြပ်ကြီးက မေး၏။

ကျွန်ုပ်က နာမည်ကို ချရေးပေးလိုက်သည်။ သူ မျက်လုံးအနည်းငယ် ပြူးသွား၏။ "ဒီလိုလား... အော်.."

ကျွန်ုပ်က "ကိုယ့်အလုပ်သာကိုယ် အာရုံထားလုပ်ပါ ဆာဂျင်" ဟု ပြောပြီး ကျွန်ုပ်၏အဖော်ဖက် လှည့်သည်။

"ကိုယ့်လူ၊ ခင်ဗျားဘဝမှာ စိတ်ဆင်းရဲစရာတွေ ကုန်ပြီ။ လောကမှာ အကောင်းဆုံး အလုပ်တစ်ခုကို ခင်ဗျားလုပ်ရတော့မယ်။ ပြီးတော့ ခင်ဗျား ဒီအလုပ် မှာ ပျော်မှာပါ။ ကျွန်တော်သိတာပေါ့"

"အမှန်ပဲဗျို့" ဟု တပ်ကြပ်ကြီးက ဝင်ထောက်ခံ၏။ "ကျွန်တော့်ကိုပဲကြည့်၊ ၁၉၁၇ ခုနှစ်မှာမွေးတယ်။ ခုထိ ငယ်တုန်း၊ ရွယ်တုန်း၊ သန်တုန်းမြန်တုန်း၊ ချောတုန်း ခန့်တုန်းဗျာ"

ကျွန်ုပ် အချိန်ခရီးခုန်ရန် သတ်မှတ်ထားသည့် အခန်းဆီသို့ ပြန်ထွက်လာခဲ့သည်။ ပြီးလျှင် သေတ္တာစက်ခလုတ်အားလုံးအား သုညမှတ်သို့ ပြန်ချိန်လိုက်၏။

※※※※

၂၃း၀၁ နာရီ

အချိန်ဇုံ ငါး

၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ၇ ရက်

နယူးယောက်မြို့ "အဖေ့အိမ်" အရက်ဘား၊

ကျွန်ုပ် ခရီးထွက်လိုက်သည့် တစ်မိနစ်အတွက် အကြောင်းပြရန် စတိုထဲမှ ဝီစကီတစ်လုံးဆွဲယူပြီး ဘားထဲပြန်ဝင်လိုက်သည်။ ကျွန်ုပ်၏ လက်ထောက်က "ငါ ဟာ ငါ့ရဲ့အဖိုး" သီချင်းကိုဖွင့်သည့် ဒြေ့သည်နှင့် ငြင်းခုန်လျက်ရှိ၏။ ကျွန်ုပ်က "ကဲပါဗျာ။ ဖွင့်ပါစေ ဖွင့်ပါစေ။ သီချင်းပြီးရင် ပလပ်ပေါက်သာ ဖြုတ်လိုက်တော့" ဟု လှမ်းပြောလိုက်၏။ ကျွန်ုပ် ပင်ပန်းလှပြီ။

အလုပ်က ကြမ်းသည်။ သို့သော် လုပ်မည့်သူရှိမှဖြစ်မည်။ အခုနောက်ပိုင်း၊ အထူးသဖြင့် ၁၉၇၂ ခု မဟာအမှားကြီးဖြစ်ပြီးနောက်ပိုင်းတွင် လူသစ်ရှာရခက်လှ၏။ ဝင်ငွေကောင်းပြီး စိတ်ဝင်စားဖို့ လည်းကောင်းသော (အန္တရာယ်များသည်တော့ မှန်၏)၊ လောကကောင်းကျိုးအတွက် လိုလည်းလိုအပ်သော အလုပ်ကို၊ အဖက်ဖက်မှ ပျက်စီးယိုယွင်းနေသူတို့အားရှာဖွေပြီး သူတို့၏ဘဝန္တထဲမှ ဆွဲထုတ်ကာ ခန့်ရသည်။ မပင်ပန်းနိုင်ရိုးလား။

၁၉၆၃ ခုနှစ် ဖစ်ဇယ်စစ်ပွဲကြီး အဖျားရှူးကာ စစ်မီးငြိမ်းခဲ့ရသည့် အကြောင်းရင်းကို ယခုအားလုံးသိပြီးဖြစ်သည်။ နယူးရော့ခ်မြို့တွင် ထောင်ခဲ့သည့်ဗုံး ကွဲမသွားခဲ့။ ထို့ပြင်လည်း သမိုင်းတစ်လျှောက် အခြားအစီအစဉ်ရာပေါင်းများစွာ စီစဉ်သည့်အတိုင်း ဖြစ်မလာခဲ့။ ကျွန်ုပ်တို့လို အေးဂျင့်များ၏ လက်ချက်ပင်။ သို့သော် ၇၂ ခုနှစ် မဟာအမှားကြီးကိုတော့ မရှောင်လွှဲနိုင်ခဲ့ချေ။ ကျွန်ုပ်တို့၏ အပြစ်မဟုတ်။ ပြင်လို့လည်း မရတော့။ ဖြည်စရာ ဝိရောဓိလည်းမရှိ။ ထိုအရာသည် ဖြစ်လျှင်လည်း ဖြစ်ကိုဖြစ်မည့်အရာ၊ မဖြစ်လျှင်လည်း ဖြစ်ကိုမဖြစ်မည့်အရာ။ အခုရော နောင်ထာဝရပါ တည်မည့်သစ္စာဖြစ်သည်။ သို့သော် နောက်ထပ်ထိုအရာမျိုး ထပ်ဖြစ်တော့မည် မဟုတ်ပါ။ ၁၉၈၂ ခု ရက်စွဲဖြင့် ထုတ်ထားသည့် အမိန့်တစ်ခုက ခုနှစ်တိုင်း အတွက် သက်ရောက်တည်မြဲနေပြီ ဖြစ်သည်။

ကျွန်ုပ် ဘားကို ငါးမိနစ်စော၍ ပိတ်လိုက်သည်။ ထို့နောက် ကျွန်ုပ်၏ ဆိုင်မန်နေဂျာထံ စာတစ်စောင်ရေးပြီး ငွေသိမ်းစက်ပေါ်တွင် တင်ခဲ့၏။ ဘားကိုကျွန်ုပ်ထံမှ လွှဲပြောင်းဝယ်ယူမည် ဟူသည့် ကမ်းလှမ်းချက်ကို လက်ခံကြောင်း၊ ကျွန်ုပ်သည် အပန်းဖြေခရီးရှည်ထွက်သွားပြီ ဖြစ်သောကြောင့် အရောင်းအဝယ်ကိစ္စ အရပ်ရပ်အတွက် ကျွန်ုပ်၏ရှေ့နေအားဆက်သွယ်ပါမည့်

အကြောင်း ရေးခဲ့ခြင်းဖြစ်၏။ မန်နေဂျာက ဆိုင်ဖိုးငွေပေးချေသည့်အခါ ဗျူရိုက သိမ်းယူချင်မှ ယူလိမ့်မည်။ သို့သော် အလုပ်တစ်ခုကို လက်စသိမ်းသည့်အခါ သပ်သပ်ရပ်ရပ်သိမ်းမှကြိုက်သော အဖွဲ့အစည်း ဖြစ်၏။ ကျွန်ုပ် စတိုခန်းနောက်ထဲမှ အခန်းငယ်လေးထဲ ပြန်သွားပြီး ၁၉၉၃ ခုနှစ်ဆီသို့ ခုန်ကူးသည်။

※※※※

၂၂:၀၀ နာရီ

အချိန်ဇုံ ခုနစ်

၁၉၉၃ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်။

ရှော့ကီးတောင်ခြေ တွဲဖက်စခန်း၊

အချိန်ခရီးသွား ဝန်ထမ်းရေးရာ ဌာနချုပ်ရုံး။

တာဝန်ကျအရာရှိထံ သတင်းဝင်ပို့ပြီး ကျွန်ုပ်၏အိပ်ခန်းဖက်သို့ ထွက်လာလိုက်သည်။ တစ်ပတ်လောက်ကြာအောင် အိပ်ပစ်လိုက်ဦးမည်။ ကျွန်ုပ်တို့ အလောင်း အစားလုပ်ခဲ့သော ပုလင်းကိုလည်း ယူလာခဲ့သည်။ (ကျွန်ုပ်နိုင်ခဲ့တာပဲ မဟုတ်လား) အစီရင်ခံစာရေးခါနီး တစ်ငုံသောက်၏။ အဝင်ဆိုးလှသည်။ ဒီအဆက်ဟောင်းကြီးကို ငယ်ငယ်က ဘာကြောင့်ကြိုက်ခဲ့မိမှန်းမသိ။ သို့သော် ဘာမျှမသောက်ရသည်ထက် တော့သာပေသည်။ ခေါင်းကြည်နေသည့်ခံစားချက်ကို ကျွန်ုပ် မကြိုက်။ ခေါင်းကြည် နေလျှင် အတွေးတွေ အများကြီး တွေးမိတတ်သည်။ သို့သော် အရမ်းမူးသည့်အထိတော့ မသောက်ပါ။ အခြားသူများက မူးလွန်းလျှင် ရူးတတ်သည်။ ကျွန်ုပ်က အတိတ်ကလူတွေနှင့် ပြန်တွေ့တတ်သည်။

ကျွန်ုပ် အစီရင်ခံစာကို အသံသွင်းသည်။ စိတ်ပညာဌာနမှ အတည်ပြုချက် ရပြီး လူသစ် အယောက်လေးဆယ် စုဆောင်းပေးခဲ့ပြီးဖြစ်သည်။ ထိုလေးဆယ်တွင် ကျွန်ုပ်အပါအဝင် ဖြစ်သည်။ ကျွန်ုပ်လည်း စိတ်ပညာဌာန၏ ထောက်ခံမှုရမည်မှန်း ကျွန်ုပ်သိသည်။ ကိုယ်ပိုင်အတွေ့အကြုံပဲ။ မသိဘဲရှိ ပါ့မလား။ ထို့နောက် စစ်ဆင်ရေး တာဝန်ချထားပေးပါရန် လျှောက်လွှာကို အသံသွင်းသည်။ လူသစ်စုဆောင်းရသည်ကို ငြီးငွေ့လှလေပြီ။ အစီရင်ခံစာနှင့် လျှောက်လွှာနှစ်ခုလုံးအား ပုံးထဲထည့်ပြီး အိပ်ရာ ဝင်ခဲ့၏။

အိပ်ယာထဲမလှဲမီ ခေါင်းရင်းတွင်ကပ်ထားသော "အချိန်၏ ဥပဒေသများ" ဆီ အကြည့်ရောက်သည်။

- မနက်ဖြန် လုပ်ရမည့်အလုပ်ကို မနေ့ကတည်းက မလုပ်ပါနှင့်။

- နောက်ဆုံးတွင် အောင်မြင်ခဲ့ပါက၊ နောက်တစ်ခါ ထပ်မကြိုးစားပါနှင့်။

- အချိန်ကို တစ်ခါချွေတာလျှင် လူသန်းကိုးထောင်ကို ကယ်နိုင်မည်။

- ဝိရောဓိဖြစ်လျှင် ပြဿနာ၏ အလယ်သို့လေထီးခုန်ဆင်း၍ အဖတ်ဆယ်ပါ။

- ဦးနှောက်ကိုသုံးလျှင် စောစောရောက်မည်။

- ဘိုးဘေးစဉ်ဆက်ဆိုသည်မှာ သာမန်လူသားများသာ ဖြစ်သည်။

- ဘုရားပင် အမှားနှင့်မကင်းတတ်။

ကျွန်ုပ်လူသစ်ဘဝတုန်းက ဤစာသည် ကျွန်ုပ်ကို စိတ်ဓါတ်တက်ကြွစေခဲ့ဖူးသည်။ ယခုမူ မည်သို့မျှ မနေတော့။ အချိန်ခရီးသည် လုပ်နေခဲ့သည်မှာ ကျွန်ုပ် အသက်နှင့် နှစ်သုံးဆယ်ရှိပြီ။ ဤမျှများပြားသော ခရီးတို့က လူကိုနွမ်းလျစေလေပြီ။ ကျွန်ုပ် အဝတ်အစားများ ချွတ်သည်။ ဝတ်လစ်စလစ် ဖြစ်သွားသောအခါ ဝမ်းဗိုက်ကို ငုံ့ကြည့်လိုက်သည်။ ဗိုက်ခွဲမွေးထားသည့်နေရာတွင် အမာရွတ်သည် အတော်ကြီး၏။ သို့သော် ယခုကျွန်ုပ်မှာ အမွေးအမျှင်ထူထပ်လှပြီဖြစ်သောကြောင့် အမာရွတ်ကို သေချာကြည့်မှ မြင်ရတော့သည်။

ထို့နောက် ကျွန်ုပ်၏ လက်ချောင်းမှ လက်စွပ်ကို တစ်ချက်ကြည့်မိသည်။

ကိုယ့်အမြီးကိုယ် ပြန်မျိုနေသောမြွေ။ အစဉ်ထာဝရမဆုံးနိုင်သော အမှတ်အသား။ ကျွန်ုပ်၏ဇာစ်မြစ်ကို ကျွန်ုပ်သိသည်။ ခင်ဗျားတို့ အရိပ်တွေကရော ဘယ် အရပ်က လာကြပါသလဲ။

ခေါင်းကိုက်စပြုသည်။ သို့သော် ကျွန်ုပ်သည် ခေါင်းကိုက်ပျောက်ဆေး ဘယ်တော့မှမသောက်။ တစ်ခါသောက်ခဲ့ဖူးစဉ်က ခင်ဗျားတို့အားလုံး ပျောက်ကွယ် သွားခဲ့သည်။

ထို့ကြောင့် အိပ်ယာထဲသို့တိုးဝင်ပြီ လေချွန်ကာ မီးမှိတ်လိုက်၏။

ခင်ဗျားတို့ တကယ်မရှိပါလား။ ကျွန်ုပ်မှလွဲ၍ ဘယ်သူမှ တကယ်မရှိ။ အမှောင်ထဲတွင် ကျွန်ုပ် 'ဂျိန်း" တစ်ယောက်တည်းပါလား။ ခင်ဗျားကို အသေလွမ်းတယ်ဗျာ. . .။

※※※※

WHISPER of WORDS
Subscribe Telegram Channel
https://t.me/TheBookR